# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ချမ်းသာကို ဆောင်ရွက်တတ်၏**

အလွန့်အလွန် မြင်နိုင်ခဲသော၊ အလွန့်အလွန် သိမ်မွေ့သော အလိုရှိရာအာရုံ၌ ကျလေ့ရှိသော စိတ်ကို ပညာရှိသည် စောင့်ရှောက်ရာ၏။ စောင့်ရှောက်ထားအပ်သောစိတ်သည် ချမ်းသာကို ဆောင်ရွက်တတ်၏။

စိတ္တဝဂ်(ဓမ္မပဒ-၃၆)


၁၃၈၆ ခုနှစ်၊ နယုန်လပြည့်ကျော် ၄ ရက် | ၂၀၂၄ ခုနှစ်၊ ဇွန် ၂၅ ရက်၊ အင်္ဂါနေ့ | အတွဲ (၆၃)၊ အမှတ်(၂၆၄)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ဆန်တန်ချိန် ၅၀ သို့မဟုတ် စပါးတင်း ၅၀၀၀ နှင့်အထက် သိုလှောင်သည့် ဆန်စပါးသိုလှောင်ရုံပိုင်ဆိုင်သူများအနေဖြင့် မဖြစ်မနေ မှတ်ပုံတင်ဆောင်ရွက်ပေးကြရန် ထပ်မံအသိပေး

အသိပေးကြေညာချက်

၂၀၂၄ ခုနှစ်၊ ဇွန်လ ၂၄ ရက်

၁။ ပြည်တွင်းဆန်စပါးဖူလုံရေး၊ ပြည်ပသို့ စနစ်တကျတင်ပို့ရောင်းချနိုင်ရေး၊ ဆန်စပါး ဈေးကွက်နှင့် ဈေးနှုန်းတည်ငြိမ်မှန်ကန်စေရေးနှင့် ဆန်စပါးသိုလှောင်မှုအခြေအနေများကို စနစ်တကျ စာရင်းပြုစုမှတ်ပုံတင်ထားနိုင်ရေး၊ သိုလှောင်ရုံကုန်အပ်လက်မှတ်ကို အခြေပြုသည့် ငွေကြေးထောက်ပံ့မှုစနစ်ကို ဖော်ဆောင်နိုင်ရေးတို့အတွက် ပြည်တွင်း၌ လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည့် ဆန်စပါးသိုလှောင်ရုံလုပ်ငန်းများအနေဖြင့် Online Registration စနစ်ဖြင့် Myanmar Rice Online (MyRo)-www.myro.com.mm တွင် ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၃ ရက်နေ့ မှစတင်၍ မှတ်ပုံတင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း အသိပေးကြေညာခဲ့ပြီးဖြစ်ပါသည်။

၂။ ယခုအခါ ၂၀၂၄ ခုနှစ်၊ ဇွန်လ ၂၃ ရက်နေ့အထိ Myanmar Rice Online (MyRo)-www.myro.com.mm တွင် မှတ်ပုံတင်ထားသော ကုမ္ပဏီများ၏ သိုလှောင်ရုံအရေအတွက် ၂၁၃ လုံး၊ တစ်ဦးချင်းလုပ်ငန်းရှင်များ၏ သိုလှောင်ရုံ ၅၁၃ လုံး၊ စုစုပေါင်း သိုလှောင်ရုံ အရေအတွက် ၇၂၆ လုံး မှတ်ပုံတင်ဆောင်ရွက်ထားပြီးဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ စီးပွားရေးလုပ်ငန်းအလို့ငှာ ဆန်တန်ချိန် ၅၀ သို့မဟုတ် စပါးတင်း ၅၀၀၀ နှင့်အထက် သိုလှောင်သည့် ဆန်စပါးသိုလှောင်ရုံပိုင်ဆိုင်သူများအနေဖြင့် မိမိတို့၏ သိုလှောင်ရုံများကို Myanmar Rice Online (MyRo)-www.myro.com.mmတွင် မဖြစ်မနေ မှတ်ပုံတင်ဆောင်ရွက်ပေးကြပါရန် ထပ်မံအသိပေးကြေညာအပ်ပါသည်။

**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**



## ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးရာသီ၌ စပါးဧက ၆၉၉၄၄ ဧက စိုက်ပျိုးမည်

ပွင့်ဖြူ ဇွန် ၂၄

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံ စိုက်ပျိုးရာသီ၌ စပါးဧက ၆၉၉၄၄ ဧက လျာထားစိုက်ပျိုး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေထံမှ သိရသည်။

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာ၌ စပါးဧက ၆၉၉၄၄ ဧက စိုက်ပျိုးရန်လျာထားပြီး ဇွန်လကုန်မှ စက်တင်ဘာ လအထိ စိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။

“ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာမှာ ပွင့်ဖြူမြို့နယ်အတွင်း ဆန်စပါးစိုက်ပျိုးစွမ်းအား တိုးတက်မြင့်မားစေဖို့နဲ့ တောင်သူတွေ သီးနှံဝင်ငွေတိုးပွားစေဖို့ ရည်ရွယ်ပြီးတော့ တစ်မြို့နယ်လုံး မိုးစပါးဧက ၆၉၉၄၄ ဧက စိုက်ပျိုးဖို့ လျာထားပြီး ဇူလိုင်လပထမပတ်လောက်ကစပြီး စက်တင်ဘာလအထိ စိုက်ပျိုးသွားမှာ ဖြစ်ပါတယ်။

*စာမျက်နှာ ၄ ကော်လံ ၁* ❑



## ဘောဂလိဒေသထွက် ဒူးရင်းသီးများ ဈေးကောင်းရ၍ စိုက်ပျိုးသူများ အဆင်ပြေ

ဘောဂလိ ဇွန် ၂၄

ကရင်ပြည်နယ် ဘောဂလိမြို့၌ ရာသီသီးနှံစာဖြစ်သည့်အပြင် ဝယ်ယူစားသုံးသူများပြားပြီး လူကြိုက်များသော ဒေသထွက် ဒူးရင်းသီးများ အသီးအထွက်နှုန်းကောင်းပြီး ဈေးကောင်းရရှိသဖြင့် ဒူးရင်းစိုက်တောင်သူများ ဝင်ငွေကောင်းလျက်ရှိကြောင်း သိရသည်။

ဘောဂလိဒေသတွင် နှစ်ရှည်သီးနှံပင် ဒူးရင်းပင်များ အောင်မြင်ရှင်သန်ဖြစ်ထွန်းလျက်ရှိပြီး နှစ်စဉ်ဒူးရင်းသီး သီးနှံပေါ်ချိန်တွင် ဒေသခံဒူးရင်းစိုက်တောင်သူများ ဝင်ငွေများစွာရရှိလျက်ရှိရာ ယခင်နှစ်တွင် ဒူးရင်းသီးဈေးနှုန်းမှာ အရွယ်အစား၊ အကြီးအသေးပေါ် မူတည်၍ တစ်လုံးလျှင် ငွေကျပ် ၃၀၀၀ မှ ၁၀၀၀၀ အထိ ရောင်းဝယ်ကြပြီး ယခုနှစ် ရာသီ ဒူးရင်းသီးပေါ်ချိန်တွင် တစ်လုံးလျှင် ငွေကျပ် ၅၀၀၀ မှ ၁၂၀၀၀ အထိ ဈေးနှုန်းရရှိ၍ မိသားစုစားဝတ်နေရေးအတွက် ပိုမိုအဆင်ပြေလျက်ရှိကြောင်း သိရသည်။

*စာမျက်နှာ ၅ ကော်လံ ၁* ❖


ယနေ့ ဖတ်စရာ

**ကျေးလက်ဒေသနေ ပြည်သူများနှင့် တိုင်းရင်းသားပြည်သူများအတွက် စာတတ်မြောက်ရေးဆိုင်ရာ ဆောင်ရွက်ချက်များ**

ဆောင်းပါး | စာ ၁၀

. . . . . . . . . . . . .

**ဂျပန်နိုင်ငံ၏ ၂၀၃၀ ပြည့်နှစ်တွင် အစားအစာလေလွင့်ဆုံးရှုံးမှု အဆုံးသတ်ရေးရည်မှန်းချက်ကပ်ရောဂါကြောင့် အကူအညီဖြစ်**

နိုင်ငံတကာသတင်း | စာ ၁၃

. . . . . . . . . . . . .

**အားကစားနှင့် ကင်းကွာသောနေ့ မရှိစေလိုပါ**

ဆောင်းပါး | စာ ၁၆

# ခရီးသွားလုပ်ငန်းအောင်မြင်ခြင်းဖြင့် နိုင်ငံ့စီးပွား အထောက်အကူပြုနိုင်

ယခုနှစ်ဇန်နဝါရီလမှ မေလအထိ ပြည်ပခရီးသွားဧည့်သည် ဝင်ရောက်မှု ၅၂၀၀၀၀ ခန့်ရှိပြီး ယခင်နှစ်ကာလတူ ခရီးသွားဧည့်သည်ဝင်ရောက်မှုနှင့် နှိုင်းယှဉ်ပါက ၆၃ ရာခိုင်နှုန်းအထိ တိုးတက်လာခြင်းဖြစ်သည်။ အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီအစည်းအဝေး (၁/၂၀၂၄) ကို ဇွန် ၂၁ ရက်က ကျင်းပခဲ့ရာ ကိုဗစ်-၁၉ မတိုင်မီ ဝင်ရောက်ခဲ့သည့် ခရီးသွားဧည့်သည်အရေအတွက်ကို ပြန်လည်ပြည့်မီရေး အဘက်ဘက်က ဆက်လက်ကြိုးစားဆောင်ရွက်သွားရန် ဗဟိုကော်မတီဥက္ကဋ္ဌက ဆွေးနွေးမှာကြားခဲ့သည်။

ကိုဗစ်-၁၉ အလွန်ကာလတွင် ကမ္ဘာ့နိုင်ငံအသီးသီးရှိ ပြည်သူများအတွင်း ခရီးသွားလိုမှု မြင့်တက်လာခြင်းနှင့်အတူ ခရီးသွားဈေးကွက်ဝင်နိုင်ငံများကလည်း ၎င်းတို့၏ ခရီးသွားလုပ်ငန်းများ အလျင်အမြန်ပြန်လည်နာလန်ထူလာရန်နှင့် ဈေးကွက်မြှင့်တင်ရန် အပြိုင်အဆိုင်ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည်။ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ကပ်ရောဂါ ဝင်ရောက်ကူးစက်ပျံ့နှံ့မှုဖြစ်ပေါ်မလာမီ ၂၀၁၉ ခုနှစ်အတွင်း ပြည်ပခရီးသွားဧည့်သည်ဝင်ရောက်မှု ၄ ဒသမ ၅ သန်းခန့်ရှိခဲ့သည်။ ယခုနှစ်တွင် ကမ္ဘာ့ခရီးသွားလုပ်ငန်းများသည် ကိုဗစ်-၁၉ မတိုင်မီ အခြေအနေထက် ကျော်လွန်သွားမည့်အလားအလာများ ရှိနေသကဲ့သို့ပင် မိမိတို့နိုင်ငံသို့ ခရီးသွားဧည့်သည်ဝင်ရောက်မှုမှာလည်း တိုးတက်မှုကို ပြသလျက်ရှိရာ စနစ်တကျအားထုတ်ကြိုးပမ်းဆောင်ရွက်ခြင်းဖြင့် ကိုဗစ်-၁၉ မတိုင်မီ ခရီးသွားဧည့်သည်ဝင်ရောက်မှု အရေအတွက်ထက် ကျော်လွန်သွားနိုင်မည်ဖြစ်သည်။

ခရီးသွားလုပ်ငန်းသည် နိုင်ငံ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို တိုက်ရိုက်အထောက်အကူပြုပေးနိုင်ပြီး နိုင်ငံခြားဝင်ငွေရှာဖွေပေးနိုင်သည့် စီးပွားရေးလုပ်ငန်းပင်ဖြစ်သည်။ ရေရှည်တည်တံ့သော ခရီးသွားလုပ်ငန်းသည် ဒေသခံပြည်သူများကို အလုပ်အကိုင်အခွင့်အလမ်းများစွာ ဖြစ်ပေါ်လာစေနိုင်ပြီး ဒေသတွင်းသို့ နည်းလမ်းအမျိုးမျိုးဖြင့် ဝင်ငွေများစီးဝင်လာစေခြင်းကြောင့် ဒေသ၏ လူမှုစီးပွားဘဝကို မြင့်မားလာစေသည်။ ခရီးသွားလုပ်ငန်းဈေးကွက်ဝင်နိုင်ငံတစ်ခုဖြစ်လာမည်ဆိုပါက ခရီးသွားလုပ်ငန်းနှင့် ဆက်နွှယ်နေသည့် ခရီးသွားဝန်ဆောင်မှုလုပ်ငန်း၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်း၊ ဟိုတယ်နှင့် တည်းခိုခန်းလုပ်ငန်း၊ ဧည့်လမ်းညွှန်လုပ်ငန်း၊ စားသောက်ဆိုင်လုပ်ငန်း၊ အမှတ်တရပစ္စည်း ထုတ်လုပ်ရောင်းချမှုလုပ်ငန်း၊ ဖျော်ဖြေမှုလုပ်ငန်းစသည့် လုပ်ငန်းများလည်း တစ်ဆက်တစ်စပ်တည်း ဖွံ့ဖြိုးလာမည်ဖြစ်သည်။

မြန်မာနိုင်ငံသည် ခရီးသွားလုပ်ငန်းအရင်းအမြစ် ကြွယ်ဝသောနိုင်ငံဖြစ်ရာ အောင်မြင်သည့် ခရီးသွားလုပ်ငန်းဈေးကွက်ဝင်နိုင်ငံတစ်နိုင်ငံ ဖြစ်လာနိုင်သည့် အလားအလာများစွာကို ပိုင်ဆိုင်ထားသည့် နိုင်ငံဖြစ်သည်။ ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဈေးကွက်မြှင့်တင်ရေးမီဒီယာနည်းလမ်းများဖြင့် ဆောင်ရွက်ရေး၊ ကမ္ဘာလှည့်ခရီးသွားများ မိမိတို့နိုင်ငံတွင်းသို့ စတင်ဝင်ရောက်လာချိန်မှစ၍ ပြန်လည်ထွက်ခွာသွားချိန်အထိ အစစအရာရာ အဆင်ပြေချောမွေ့စေပြီး ၎င်းတို့နှင့်အတူ နိုင်ငံ၏ ကောင်းသတင်းများ ပါရှိသွားစေရေးတို့ကို အလေးထားဆောင်ရွက်သွားကြရမည်ဖြစ်သည်။ ကိုဗစ်-၁၉ အလွန်ကာလတွင် မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများနှင့် ဒေသတွင်းနိုင်ငံများအနေဖြင့် ခရီးသွားလုပ်ငန်းများကို အောင်အောင်မြင်မြင် ပြန်လည်ထူထောင်နိုင်ကြကာ အရှိန်အဟုန်များလည်း ရရှိလာကြပြီဖြစ်သည်။ ခရီးသွားလုပ်ငန်းသည် နိုင်ငံ့စီးပွားရေးကို ကောင်းစွာ အထောက်အကူပေးနိုင်သည့် စီးပွားရေးကဏ္ဍတစ်ခုဖြစ်သည့်အလျောက် ပြန်လည်ဖွံ့ဖြိုးတိုးတက်ရေး မဖြစ်မနေကြိုးပမ်းအားထုတ်ဆောင်ရွက်ကြရပါမည့်အကြောင်း။ ။

## ရာဇဝတ်အထူးအယူခံမှု (၁)မှုနှင့် တရားမအထူးအယူခံမှု (၆)မှုတို့ကို စီရင်ချက်ချမှတ်ပြီး တရားမအထူးအယူခံမှု (၅)မှုတို့ကို ရုံးထိုင်ကြားနာ

နေပြည်တော် ဇွန် ၂၄

ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဋ္ဌေးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသော ဒေါ်ခင်မေရီ၊ ဦးသိန်းကိုကို၊ ဒေါ်သင်းသင်းနွဲ့၊ ဒေါ်ပြုံးပြုံးအေးတို့ပါဝင်သည့် အထူးအယူခံခုံရုံးသည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ်(၁)၌ ရုံးထိုင်၍ ရာဇဝတ်အထူးအယူခံမှုအမှတ် ၄/၂၀၂၄ (တနင်္သာရီ)၊ တရားမအထူးအယူခံမှုအမှတ် ၆/၂၀၂၄(မန္တလေး)၊ ၁၈/၂၀၂၄(ရန်ကုန်)၊ ၂၀/၂၀၂၄ (ရန်ကုန်)၊ ၂၂/၂၀၂၄ (ရောဝတီ)၊ ၂၄/၂၀၂၄ (ရန်ကုန်) နှင့် ၂၅/၂၀၂၄ (မကွေး)၊ စုစုပေါင်း ရာဇဝတ်အထူးအယူခံမှု (၁)မှုနှင့် တရားမအထူးအယူခံမှု (၆)မှုတို့ကို စီရင်ချက်ချမှတ်သည်။

ထို့ပြင် တရားမအထူးအယူခံမှုအမှတ် ၅၃/၂၀၂၃ (ရန်ကုန်)၊ ၂၁/၂၀၂၄(ရန်ကုန်)၊ ၂၆/၂၀၂၄ (မန္တလေး)၊ ၂၉/၂၀၂၄ (မန္တလေး)နှင့် ၃၄/၂၀၂၄ (မန္တလေး) စုစုပေါင်း တရားမ အထူးအယူခံမှု (၅)မှု တို့ကို ရုံးထိုင်ကြားနာခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၁ ရက်နေ့မှစ၍ လိုင်စင်မရှိဘဲ ဝင်ရောက်နေသည့် ကုမ္ပဏီများအား လုပ်ထုံးလုပ်နည်းအရ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း ထပ်မံနှိုးဆော်အသိပေး

၁။ ၂၀၂၄ ခုနှစ်၊ ဇူလိုင် ၁ ရက်နေ့မှစတင်၍ သွင်းကုန်လိုင်စင်/ပါမစ်ခွင့်ပြုချက်မရသေးဘဲ ဆိပ်ကမ်း၊ လေဆိပ်များသို့ သွင်းကုန်များ ကြိုတင်ရောက်ရှိကြောင်း စိစစ်တွေ့ရှိပါက ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူမည်ဖြစ်ကြောင်း ၂၀၂၄ ခုနှစ် မေ ၃၀ ရက်တွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၏ ပို့ကုန်သွင်းကုန်နှင့်ပတ်သက်သည့် သတင်းလွှာ ၃/၂၀၂၄ ဖြင့် ထုတ်ပြန်ထားသော်လည်း လိုက်နာဆောင်ရွက်မှုမရှိဘဲ ခွင့်ပြုချက်မရရှိသေးသည့် ကုန်ပစ္စည်းများကို ကြိုတင်တင်သွင်းဆောင်ရွက်လျက်ရှိပါသည်။

၂။ သို့ဖြစ်ပါ၍ ထုတ်ပြန်ထားသော ဥပဒေနှင့် စည်းကမ်းများကို အလေးအနက်ထားလိုက်နာစေရန် ရည်ရွယ်၍ သွင်းကုန်လိုင်စင်/ပါမစ်ခွင့်ပြုချက် တစ်စုံတစ်ရာမရရှိဘဲ ကုန်ပစ္စည်းများ ဆိပ်ကမ်းနှင့် လေဆိပ်များသို့ တင်သွင်းရောက်ရှိမှု မရှိစေရေးအတွက် ထပ်မံနှိုးဆော်အသိပေးကြေညာအပ်ပါသည်။

**ကုန်သွယ်ရေးဦးစီးဌာန**
**စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

## အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်သည် အစိုးရရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူကြသည့် ပြည်သူများ၏ တယ်လီဖုန်းနံပါတ်များသို့ Short Code နံပါတ် "1111" အသုံးပြု၍ SMS မှတစ်ဆင့် ဝန်ဆောင်မှုနှင့်စပ်လျဉ်းသည့်မေးခွန်းများ မေးမြန်းခြင်းဖြင့် တုံ့ပြန်မှုများရယူနိုင်ရန် "အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်း အစီအစဉ် (Public Feedback Programme – PFP)" ကို သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

၂။ အဆိုပါ PFP အစီအစဉ်သည် အစိုးရဌာန/ အဖွဲ့အစည်းများ၏ ဝန်ဆောင်မှုလုပ်ငန်းများ ပိုမိုကောင်းမွန်လာစေရေးနှင့် အဂတိလိုက်စားမှုများ လျော့နည်းကျဆင်းစေရေးအတွက် ရည်ရွယ်၍ ဆောင်ရွက်နေသည့် ကိစ္စရပ်ဖြစ်သောကြောင့် Short Code နံပါတ် "1111" မှတစ်ဆင့် SMS ဖြင့် ပေးပို့မေးမြန်းသော မေးခွန်းများကို ပြည်သူများက အကြံပြုဖြေကြားပေးခြင်းဖြင့် အစိုးရဌာန/ အဖွဲ့အစည်းများ၏ ဝန်ဆောင်မှုလုပ်ငန်းများ၌ လိုအပ်ချက်နှင့် အားနည်းချက်များကို သိရှိပြုပြင်နိုင်မည်ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးနိုင်ပါရန်နှင့် ပြည်သူများက သက်သာသောနှုန်းထားဖြင့် SMS များ ပြန်လည်ဖြေကြားပေးနိုင်ရေး ဆက်သွယ်ရေးအော်ပရေတာများနှင့် ညှိနှိုင်းဆောင်ရွက်ထားပါကြောင်း အသိပေးတိုက်တွန်းနှိုးဆော်အပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**




❏ **မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊** Mobile SIM Card၊ Mobile Payment Account၊ Bank Account **များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်း အသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်းသယံဇာတ စီမံအုပ်ချုပ်လုပ်ကိုင်မှုဗဟိုကော်မတီ (ပဉ္စမအကြိမ်)အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

## ပင်လယ်ကမ်းရိုးတန်းနှင့် အဏ္ဏဝါသယံဇာတများ ထိန်းသိမ်းရေးလုပ်ငန်းများ၏ စိန်ခေါ်မှုများကို စနစ်တကျဖြေရှင်းဆောင်ရွက်



နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်းသယံဇာတ စီမံအုပ်ချုပ်လုပ်ကိုင်မှု ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး နိုင်ငံအဆင့်ပင်လယ်ကမ်းရိုးတန်းသယံဇာတ စီမံအုပ်ချုပ်လုပ်ကိုင်မှုဗဟိုကော်မတီ (ပဉ္စမအကြိမ်) အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် ဇွန် ၂၄**

နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်းသယံဇာတ စီမံအုပ်ချုပ်လုပ်ကိုင်မှုဗဟိုကော်မတီ၏ (ပဉ္စမအကြိမ်)အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာန အင်ကြင်းခန်းမ၌ ကျင်းပရာ နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်းသယံဇာတ စီမံအုပ်ချုပ်လုပ်ကိုင်မှု ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ဗဟိုကော်မတီဝင် ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ဦးခင်မောင်ရီ၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ရေ)မှ တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

### တက်တက်ကြွကြွပူးပေါင်း

ဦးစွာ ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးက မြန်မာနိုင်ငံ၏ ကမ်းရိုးတန်း သယံဇာတစီမံအုပ်ချုပ်မှု လုပ်ငန်းများ ပိုမိုတိုးတက်မြင့်တင်ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်း သယံဇာတ ဘက်စုံစီမံအုပ်ချုပ်လုပ်ကိုင်မှု ဗဟိုကော်မတီကို ကော်မတီဝင် ၂၂ ဦးဖြင့် ပြင်ဆင်ဖွဲ့စည်းပေးခဲ့ပြီး လုပ်ငန်းတာဝန် (၁၀) ရပ်ကို အပ်နှင်းတာဝန်ပေးအပ်ခဲ့ပါကြောင်း၊ ဗဟိုကော်မတီသို့ အပ်နှင်းထားသည့် တာဝန်ဝတ္တရားများနှင့်အညီ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်နိုင်ခဲ့သည့် ရလဒ်များအဖြစ် နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်း သယံဇာတ ဘက်စုံစီမံအုပ်ချုပ်လုပ်ကိုင်မှုအစီအစဉ် (Integrated Coastal Management-ICM) ကို အပြီးသတ်ရေးသား အတည်ပြုနိုင်ခဲ့မှု၊ မြန်မာနိုင်ငံ ကမ်းခြေစောင့်တပ်ဖွဲ့ကို ဖွဲ့စည်းနိုင်ခဲ့မှု၊ ပင်လယ်ပြင်ညစ်ညမ်းမှု ထိန်းချုပ်ရေးဥပဒေ (Marine Pollution Control Law)အား အပြီးသတ် ရေးသားနိုင်ခဲ့မှု၊ အဏ္ဏဝါဂေဟစနစ် တန်ဖိုးမြင့်မားပြီး ဇီဝမျိုးစုံမျိုးကွဲ ကြွယ်ဝသည့် နေရာများကို ငါးမဖမ်းရနယ်မြေများ၊ Hot Spot/ Diving Sites များ သတ်မှတ်ပေးနိုင်ခဲ့မှု၊ ပင်လယ်ကမ်းရိုးတန်းဒေသများ ညစ်ညမ်းမှု တားဆီးကာကွယ်ရေး လုပ်ငန်းများနှင့် ပညာပေးအစီအစဉ်များ မြှင့်တင်ဆောင်ရွက်နိုင်ခဲ့မှု၊ ပင်လယ်ကမ်းရိုးတန်းဒေသ တိုင်းဒေသကြီး၊ ပြည်နယ်များတွင် ဒီရေတော ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောများ တိုးချဲ့ဖွဲ့စည်းနိုင်ခဲ့သည့်အပြင် ကိုကိုးကျွန်းအပါအဝင် ကမ်းရိုးတန်းမြို့နယ် ၆၀ တွင် ဒီရေတောနှင့် အရိပ်ရပင် တစ်အုပ်တစ်မစိုက်ခင်းများ တည်ထောင်စိုက်ပျိုးနိုင်ခဲ့မှု၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ရေ) ၏ ဦးဆောင်ကြီးကြပ်မှုဖြင့် ပင်လယ်ပြင် ဥပဒေစိုးမိုးရေး မြှင့်တင်ဆောင်ရွက်နိုင်ခဲ့မှု စသည့်ပင်လယ်ကမ်းရိုးတန်း သယံဇာတများ ရေရှည်တည်တံ့အောင် စီမံအုပ်ချုပ်ခြင်း လုပ်ငန်းများကို ကော်မတီဝင်များအားလုံး၊ လုပ်ငန်းဌာနများအားလုံး၏ တက်တက်ကြွကြွ ပူးပေါင်းဆောင်ရွက်မှုများဖြင့် အကောင်အထည်ဖော်ဆောင်နိုင်ခဲ့ပါကြောင်း။

### မှီခိုရှင်သန်နေရ

မိမိတို့နိုင်ငံအပါအဝင် နိုင်ငံအသီးသီးက ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့၏ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး ပန်းတိုင်များနှင့်အညီ လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နေကြပါကြောင်း၊ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင် (Sustainable Development Goal) ၁၇ ရပ်အနက် ပန်းတိုင် ၁၄ သည် ပင်လယ်ကမ်းရိုးတန်းနှင့် အဏ္ဏဝါဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် သက်ဆိုင်သည့် ပန်းတိုင်ဖြစ်ပါကြောင်း၊ ကမ်းရိုးတန်းနှင့် အဏ္ဏဝါဆိုင်ရာရေထု၏အပူချိန်၊ ပင်လယ်ရေစီးကြောင်း၊ ရေနေသတ္တဝါနှင့် ဇီဝမျိုးစုံမျိုးကွဲများသည် လူသားများရှင်သန်ရပ်တည်နိုင်ရန် အဓိကအထောက်အပံ့ပြုပေးနေသည့် အခြေခံအကြောင်းတရားများဖြစ်ပါကြောင်း၊ ကမ္ဘာပေါ်တွင် လူဦးရေသန်းပေါင်းသုံးထောင်ကျော်၏ အသက်မွေးဝမ်းကျောင်းနှင့် အလုပ်အကိုင်များသည် ပင်လယ်ကမ်းရိုးတန်းနှင့် အဏ္ဏဝါဆိုင်ရာ ဇီဝမျိုးစုံမျိုးကွဲများအပေါ် မှီခိုရှင်သန်နေရပါကြောင်း။

သို့သော် ယခုအခါ ကမ္ဘာ့ငါးသယံဇာတ၏ **၃၀ ရာခိုင်နှုန်း**ခန့်သည် အလွန်အကျွံထုတ်ယူသုံးစွဲခဲ့ကြပြီး ဖြစ်ပါကြောင်း၊ ထိုသို့ကမ်းရိုးတန်းဒေသများတွင် အလွန်အကျွံထုတ်ယူသုံးစွဲမှုများကြောင့် ငါးသယံဇာတများ သိသိသာသာလျော့နည်းပြုန်းတီးလာသည့်အပြင် ပင်လယ်ရေထုညစ်ညမ်းမှုများသည်လည်း ငါးသယံဇာတနှင့် ဂေဟစနစ်များကို ခြိမ်းခြောက်လျက်ရှိပါကြောင်း၊ ပင်လယ်ရေထုတွင် တွေ့ရှိရသည့် အညစ်အကြေးနှင့် စွန့်ပစ်ပစ္စည်းများ၏ **၈၀ ရာခိုင်နှုန်း**ခန့်သည် အဓိကအားဖြင့် ကုန်းတွင်းပိုင်းမှ စွန့်ပစ်သည့်ပစ္စည်းများဖြစ်သည်ဟု သိရှိရပါကြောင်း၊ ပင်လယ်ရေထုအတွင်း ရောက်ရှိလာသည့် စွန့်ပစ်ပစ္စည်းအများစုသည် ပလတ်စတစ်ပစ္စည်းများနှင့် စွန့်ပစ်ငါးဖမ်းပိုက်များ ဖြစ်သည်ဟု သိရှိရကြောင်း။

ထိုသို့ ပင်လယ်ရေထု ညစ်ညမ်းမှုများသည် အဏ္ဏဝါရေပြင်ကို အလွန်ထိခိုက်စေခြင်းကြောင့် သန့်ရှင်းသည့် ငါးသယံဇာတများ ရေရှည်တည်တံ့စွာ ထုတ်ယူနိုင်မှု၊ စားနပ်ရိက္ခာဖူလုံမှု၊ အဏ္ဏဝါဇီဝမျိုးစုံမျိုးကွဲ ပေါများကြွယ်ဝမှု၊ လူသားတို့၏ ကျန်းမာရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုများကို များစွာခြိမ်းခြောက်လျက်ရှိပါကြောင်း၊ စွန့်ပစ်ပစ္စည်းများ စုပုံဖုံးအုပ်ခြင်းများကြောင့် ငါးနှင့် ပင်လယ်သတ္တဝါများ သေကျေပျက်စီးပြုန်းတီးခြင်း၊ ကမ်းရိုးတန်းနှင့် အဏ္ဏဝါသဘာဝအရင်းအမြစ်များဖြစ်သည့် ဒီရေတော၊ သန္တာကျောက်တန်း၊ ပင်လယ်မြက်ခင်း၊ မြစ်ဝကျွန်းပေါ်နှင့် သဲသောင်ကမ်းခြေများတွင် ထိခိုက်ပျက်စီးခြင်းများ ဖြစ်ပေါ်လျက်ရှိပါကြောင်း၊ ကမ်းရိုးတန်းနှင့် အဏ္ဏဝါရေထုအတွင်း ဆီယိုဖိတ်မှုများ၊ ကမ်းလွန်ရေနံနှင့် သဘာဝဓာတ်ငွေ့ရှာဖွေရေးသင်္ဘောများတွင် တပ်ဆင်ထားသော စွမ်းအားမြင့်အသံလှိုင်း ထုတ်လွှင့်စက်များကြောင့် အသံညစ်ညမ်းမှုများလည်း ဖြစ်ပေါ်လျက်ရှိပါကြောင်း၊ ထို့ကြောင့် ကမ္ဘာ့အဏ္ဏဝါရှားပါး နို့တိုက်သတ္တဝါမျိုးစိတ်ဖြစ်သော ဝေလငါးများ၏ အစာရှာဖွေ စားသောက်စနစ်နှင့် အခြားအရေးကြီးသော အပြုအမူများကို ဖျက်ဆီးဟန့်တားမှုများ ဖြစ်ပေါ်စေရုံသာမက အဏ္ဏဝါကျောရိုးမဲ့ သတ္တဝါများအား သေစေနိုင်သည်အထိ ဖြစ်ပေါ်စေလျက်ရှိပါကြောင်း။

### ရေရှည်စီမံချက်များချမှတ်

အပြည်ပြည်ဆိုင်ရာ သဘာဝဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့ (International Union for the Conservation of Nature-IUCN) ၏ ၂၀၂၀ ပြည့်နှစ် ထုတ်ပြန်ချက်စာရင်းများအရ အဏ္ဏဝါနို့တိုက်သတ္တဝါများ၏ ၂၅ ရာခိုင်နှုန်း၊ ပင်လယ်ငှက်များ၏ ၂၇ ရာခိုင်နှုန်းနှင့် သန္တာကျောက်တန်းများ၏ ၂၇ ရာခိုင်နှုန်းသည် မျိုးသုဉ်းပျောက်ကွယ်လုနီးပါး ဖြစ်ပေါ်လျက်ရှိသည့်အပြင် နောင်လာမည့် ၂၁၀၀ ပြည့်နှစ်တွင် အဏ္ဏဝါမျိုးစိတ်၏ ထက်ဝက်ကျော်ခန့်မျိုးသုဉ်းပျောက်ကွယ်လိမ့်မည်ဟု ခန့်မှန်းထားကြပါကြောင်း၊ ထို့ကြောင့် နိုင်ငံ၏စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေးရည်မှန်းချက်များ ပြည့်ဝစေရန်၊ သဘာဝအရင်းအမြစ်များ ရေရှည်တည်တံ့စေရန်၊ ပင်လယ်ရေထုညစ်ညမ်းမှုနှင့် ၎င်းနှင့်ဆက်စပ်နေသည့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာစိန်ခေါ်မှုများကို တုံ့ပြန်ကာကွယ်နိုင်စွမ်းအားများကို မြှင့်တင်နိုင်ရန်တို့အတွက် ရေရှည်စီမံချက်များ ချမှတ်ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း။

ကော်မတီဝင်များအနေဖြင့် ပင်လယ်ကမ်းရိုးတန်းနှင့် အဏ္ဏဝါသယံဇာတများ ထိန်းသိမ်းရေးလုပ်ငန်းများ၏ စိန်ခေါ်မှုများကို စနစ်တကျ ဖြေရှင်းဆောင်ရွက်ကြရန်၊ ထိထိရောက်ရောက် စီမံအုပ်ချုပ်နိုင်ရေး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန်၊ ဒေသတွင်းအစီအစဉ်များနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန်၊ ဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များအလိုက် ကမ်းရိုးတန်းနှင့် အဏ္ဏဝါရေပြင် ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဆောင်ရွက်ဆဲ၊ ရှေ့ဆက်ဆောင်ရွက်သင့်သည့် အစီအမံများနှင့်လုပ်ငန်းစဉ်များကို တင်ပြဆွေးနွေးပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပင်လယ်ကမ်းရိုးတန်းဒေသ ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဗီဒီယိုကို ပြသသည်။

ယင်းနောက် ဗဟိုကော်မတီအတွင်းရေးမှူး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်က ကော်မတီ၏ လုပ်ငန်းဆောင်ရွက် တိုးတက်မှုအခြေအနေများကိုလည်းကောင်း၊ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်းသယံဇာတ ဘက်စုံစီမံအုပ်ချုပ်ခြင်း(ICM) အစီအစဉ်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

### ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေး

ဆက်လက်၍ ဗဟိုကော်မတီဝင် ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ဦးခင်မောင်ရီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ဒုတိယစစ်ဦးစီးအရာရှိချုပ်(ရေ)၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများက နိုင်ငံအဆင့်ပင်လယ်ကမ်းရိုးတန်း သယံဇာတ စီမံအုပ်ချုပ်လုပ်ကိုင်မှု အစီအစဉ်များ ဆောင်ရွက်နေမှုနှင့် ရှေ့ဆက်ဆောင်ရွက်သွားမည့် အစီအမံများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းတင်ပြကြရာ ဗဟိုကော်မတီဥက္ကဋ္ဌက ဖြည့်စွက်ဆွေးနွေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးက နိဂုံးချုပ် အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ အီရန်နိုင်ငံ တီဟီရန်မြို့၌ ကျင်းပသည့် (၁၉) ကြိမ်မြောက် အာရှပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ဆွေးနွေးပွဲအဖွဲ့ (အေစီဒီ)၏ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်

**တီဟီရန် ဇွန် ၂၄**

အာရှပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ဆွေးနွေးပွဲအဖွဲ့ (အေစီဒီ)၏ ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိသည့် အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဒေါက်တာ အလီဘာဂယ်ရီကာနီ၏ ဖိတ်ကြားချက်အရ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ယနေ့တွင် အီရန်နိုင်ငံ တီဟီရန်မြို့၌ ကျင်းပပြုလုပ်သည့် (၁၉) ကြိမ်မြောက် အာရှပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ဆွေးနွေးပွဲအဖွဲ့ (အေစီဒီ) ၏ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်သည်။

တီဟီရန်မြို့ရှိ ပါရှန်အဇာဒီဟိုတယ်၌ ကျင်းပသည့် (၁၉) ကြိမ်မြောက် အေစီဒီ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးသို့ အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများနှင့် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။




**သက်ဆိုင်ရာနိုင်ငံအလိုက် မိန့်ခွန်းပြောကြား**

အစည်းအဝေး၌ အေစီဒီအဖွဲ့ဝင်နိုင်ငံများက အေစီဒီလက်ရှိဥက္ကဋ္ဌ အီရန်နိုင်ငံက သတ်မှတ်ထားသည့် ဘာသာရပ်ခေါင်းစဉ်ဖြစ်သည့် **"ဆန်းသစ်စနည်းပညာများမှတစ်ဆင့် ပိုမိုချိတ်ဆက်ပြီး၊ စွမ်းဆောင်ရည်ပြည့်ဝသည့် အာရှဒေသဆီသို့"** အပေါ် ကြိုဆိုခဲ့ကြပြီး ကိုယ်စားလှယ်အဖွဲ့များက သက်ဆိုင်ရာနိုင်ငံအလိုက် မိန့်ခွန်းပြောကြားခဲ့သည်။

ယနေ့နံနက်ပိုင်းတွင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် (၁၉) ကြိမ်မြောက် အေစီဒီ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး၌ မိန့်ခွန်းပြောကြားရာတွင် အေစီဒီ လက်ရှိဥက္ကဋ္ဌ အီရန်နိုင်ငံ၏ ကြိုးပမ်းဆောင်ရွက်ချက်များနှင့် အေစီဒီဥက္ကဋ္ဌတာဝန် အောင်မြင်စွာ ထမ်းဆောင်ခဲ့သည့် ဘာရိန်းနိုင်ငံတို့အပေါ် ချီးကျူးခဲ့ပြီး အေစီဒီဥက္ကဋ္ဌသစ်အဖြစ် လွှဲပြောင်းတာဝန်ယူဆောင်ရွက်မည့် ထိုင်းနိုင်ငံကို ကြိုဆိုကြောင်း ပြောကြားခဲ့သည်။

ထို့ပြင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးသည် အီရန်သမ္မတ မစ္စတာ ဆေးယက်ဒ်အီဘရာဟင်ရိုင်စီနှင့် နိုင်ငံခြားရေးဝန်ကြီး ဒေါက်တာ ဟိုစိန်အမီယာ အက်ဘ်ဒိုလာဟီယံတို့ မကြာသေးမီက ကွယ်လွန်သွားခဲ့မှုအပေါ် မြန်မာနိုင်ငံက ဝမ်းနည်းကြေကွဲရကြောင်းနှင့် ၎င်းတို့၏ အာရှပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းစဉ်အပေါ်ကြိုးပမ်းမှုများကို အစဉ်အောက်မေ့သတိရ တန်ဖိုးထားလျက်ရှိကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

**ထည့်သွင်းဆွေးနွေးပြောကြား**

ထို့အတူ (၁၉) ကြိမ်မြောက် အေစီဒီ နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးအတွင်း နိုင်ငံခြားရေးဝန်ကြီးများနှင့် ကိုယ်စားလှယ်များသည် အေစီဒီ ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းစဉ်ဆိုင်ရာ ကိစ္စရပ်များ၊ ဒေသတွင်းနှင့် ကမ္ဘာ့ရေးရာကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြပြီး အဖွဲ့ဝင်နိုင်ငံများကလည်း ၎င်းတို့၏ သက်ဆိုင်ရာနိုင်ငံအလိုက် ဖြစ်ပေါ်တိုးတက်မှုများကိုလည်း ထည့်သွင်းဆွေးနွေးပြောကြားခဲ့သည်။

အစည်းအဝေး၌ **"အေစီဒီအတွင်းရေးမှူးရုံး၏ စည်းမျဉ်းစည်းကမ်းများ"** နှင့် **"အေစီဒီအဖွဲ့၏ လုပ်ထုံးလုပ်နည်းများ"** ကို သဘောတူညီခဲ့ကြသည့်အပြင် အစည်းအဝေးရလဒ်အဖြစ် **"တီဟီရန် ကြေညာချက်"** ကို အဖွဲ့ဝင်နိုင်ငံများ၏ တူညီဆန္ဒဖြင့် ထုတ်ပြန်နိုင်ခဲ့သည်။

**ရှင်းလင်းပြောကြားခဲ့**

ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးသည် အစည်းအဝေးအတွင်း နိုင်ငံတော်အစိုးရ၏ ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒီမိုကရေစီဖော်ဆောင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှုများနှင့် မြန်မာနိုင်ငံ၏ လက်ရှိဖြစ်ပေါ်တိုးတက်မှု အခြေအနေများကို အေစီဒီအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များကို ရှင်းလင်းပြောကြားခဲ့သည်။

ဇွန် ၂၃ ရက် ညနေပိုင်းတွင် အိမ်ရှင်အီရန် နိုင်ငံခြားရေးဝန်ကြီး ဒေါက်တာအလီဘာဂယ်ရီကာနီက (၁၉) ကြိမ်မြောက် အေစီဒီနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးသို့ ပါဝင်တက်ရောက်လာကြသည့် နိုင်ငံခြားရေးဝန်ကြီးများနှင့် ကိုယ်စားလှယ်အဖွဲ့များကို တီဟီရန်မြို့ရှိအက်စ်ပီနာပဲလေ့စ်ဟိုတယ်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

အာရှပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ဆွေးနွေးပွဲအဖွဲ့ (အေစီဒီ) ကို ၂၀၀၂ ခုနှစ် ဇွန်လက ထိုင်းနိုင်ငံ ချာအမ်းမြို့၌ စတင်ဖွဲ့စည်းထူထောင်ခဲ့ပြီး လက်ရှိတွင် အေစီဒီ၌ ဒေသတွင်း အုပ်စုကြီး ငါးခုဖြစ်သည့် အရှေ့တောင်အာရှအုပ်စု၊ တောင်အာရှအုပ်စု၊ အနောက်အာရှအုပ်စု၊ ဗဟိုအာရှအုပ်စုနှင့် အရှေ့အာရှအုပ်စုတို့ကို ကိုယ်စားပြုသည့် အဖွဲ့ဝင်နိုင်ငံ ၃၅ နိုင်ငံပါဝင်၍ မြန်မာနိုင်ငံသည် အေစီဒီ စတင်ထူထောင်ရာတွင် ပါဝင်ခဲ့သည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်။

ယေဘုယျအားဖြင့် အာရှနိုင်ငံများအကြား အပြန်အလှန် အမှီသဟဲပြုရေးကို မြှင့်တင်သွားရန်နှင့် အာရှတိုက်မှ အာရှအသိုက်အဝန်းအဖြစ်သို့ ပြောင်းလဲရန် ရည်ရွယ်လျက် အေစီဒီကို ဖွဲ့စည်းထားခြင်းဖြစ်ပြီး အေစီဒီအတွင်းရေးမှူးရုံးကို ကူဝိတ်မြို့၌ ၂၀၁၃ ခုနှစ် အောက်တိုဘာတွင် စတင်ဖွင့်လှစ်ခဲ့သည်။

လက်ရှိတွင် အေစီဒီအဖွဲ့ဝင်နိုင်ငံများအကြား "ကုလသမဂ္ဂ၏ ၂၀၃၀ ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်" နှင့် ကိုက်ညီသည့် အဓိကမဏ္ဍိုင်ကြီး (၆) ခု၌ ဦးစားပေး ပူးပေါင်းဆောင်ရွက်သွားရန် သဘောတူညီထားပြီး အဆိုပါ အဓိကမဏ္ဍိုင်ကြီး (၆) ခုမှာ (က) ပေါင်းစည်းဆက်နွယ်မှု၊ (ခ) သိပ္ပံ၊ နည်းပညာနှင့် တီထွင်ဆန်းသစ်မှု၊ (ဂ) ပညာရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှု၊ (ဃ) စားနပ်ရိက္ခာ၊ စွမ်းအင်နှင့် ရေဖူလုံရေး၊ (င) ယဉ်ကျေးမှုနှင့် ခရီးသွားလုပ်ငန်း၊ (စ) အားလုံးပါဝင်ရေးနှင့် ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးတို့ဖြစ်သည်။

**ပါဝင်တက်ရောက်**

(၁၉) ကြိမ်မြောက် အေစီဒီ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးသို့ အေစီဒီအဖွဲ့ဝင်နိုင်ငံ (၃၁) နိုင်ငံနှင့် ဒေသတွင်းနှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်း (၈) ခုမှ ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

---

❑ ***ရှေ့ဖုံးမှ***

သတ်မှတ်လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ လိုအပ်တဲ့ စိုက်ပျိုးရေး နည်းပညာတွေ၊ မျိုးကောင်းမျိုးသန့် ရရှိရေးလုပ်ငန်းတွေကို ပံ့ပိုးကူညီဆောင်ရွက်ပေးပြီး မိုးစပါးတွေ အချိန်မီ စိုက်ပျိုးနိုင်အောင်လည်း ကွင်းဆင်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်" ဟု ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောသည်။

ပွင့်ဖြူမြို့နယ်၌ ယခင်နှစ်က မိုးသီးနှံစိုက်ပျိုးရာသီတွင် မိုးစပါး ၆၉၉၄၃ ဧက လျာထားစိုက်ပျိုးခဲ့ရာ မြေပြင်စိုက်ပျိုးပြီးစီးမှု ၆၉၉၄၄ ဧက စိုက်ပျိုးပြီးစီးခဲ့သဖြင့် သတ်မှတ်လျာထားဧက ပြည့်မီကျော်လွန်အောင် စိုက်ပျိုးနိုင်ခဲ့ကာ စပါးအထွက်နှုန်းအနေဖြင့် တစ်ဧက ပျမ်းမျှ ၈၆ ဒသမ ၀၅ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

ပွင့်ဖြူမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများသည် စိုက်ပျိုးရေအဆင်ပြေမှုကြောင့် ဆန်စပါးစားနပ်ရိက္ခာဖူလုံစေရန်နှင့် သီးနှံဝင်ငွေရရှိစေရန်အတွက် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင်လည်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် စပါးဧက ၆၉၉၄၄ ဧက လျာထားစိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။ **လှိုင်ဝင်းလေး (ပွင့်ဖြူမြေ)**

---



ရန်ကုန်တိုင်းဒေသကြီး အင်းစိန်ခရိုင် နံ့သာမြိုင်ပန်းခြံရှေ့၌ ဇွန် ၂၀ ရက်က "၂၀၂၄ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းတွင် လူတိုင်းပါဝင်စို့" အသိပညာပေး ဆိုင်းဘုတ်ကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသန့်ဇင်နှင့်အဖွဲ့ဝင်များ၊ ခရိုင်လဝက ဦးစီးမှူး ဦးမင်းဆွေနှင့် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယ ရဲမှူးကြီး ငြိမ်းချမ်းအောင်၊ ခရိုင်စည်ပင်အုပ်ချုပ်ရေးမှူး၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌတို့က ဖွင့်လှစ်ပေးပြီး မှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။ ခရိုင်(ပြန်/ဆက်)



"ပြည်သူအားလုံးပါဝင်လို့ သန်းခေါင်စာရင်းကောက်ကြစို့" ဆောင်ပုဒ်နှင့်အညီ သန်းခေါင်စာရင်းကောက်ယူရေးဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များကို ရွှေတောင်မြို့ဝင်တိုးဂိတ်၌ ခရီးသွားပြည်သူများအား ယမန်နေ့က မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဟံဝင်းအောင်နှင့်အဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့နယ်လဝကဦးစီးမှူး ဦးသန်းထူးနှင့်ဝန်ထမ်းများက ဖြန့်ဝေပေးစဉ်။ ကိုကိုမင်း (ပြန်/ဆက်)

---

## သာကေတမြို့နယ်တွင် မြန်မာ့ဂီတနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဂီတနေ့အခမ်းအနားကျင်းပ

**သာကေတ ဇွန် ၂၄**

ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်ဂီတအစည်းအရုံးမှ ဦးဆောင်၍ ဇွန် ၂၇ ရက်တွင် ကျရောက်မည့် မြန်မာ့ဂီတနေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် ဂီတနေ့အခမ်းအနားကို ဇွန် ၂၃ ရက်က ၁/အနော်မာရပ်ကွက် နယူးလိုက်တာခန်းမ၌ ကျင်းပသည်။

အခမ်းအနားကို မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို) ဥက္ကဋ္ဌ ဦးလွင်မြင့်၊ တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ခင်လှမြင့်၊ သာကေတမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်သူ၊ အဖွဲ့ဝင် (၁) ဗိုလ်မှူးသူရိန်ဇော်၊ သာကေတမြို့နယ်ဂီတအစည်းအရုံးနာယက တေးသံရှင် ကျောက်ပန်းတောင်း ကျော်လွင်နှင့် သာကေတမြို့နယ် ဂီတအစည်းအရုံး ဥက္ကဋ္ဌ တေးသံရှင် ကိုလတ်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ မြန်မာနိုင်ငံဂီတအစည်းအရုံး (ဗဟို) ဥက္ကဋ္ဌ ဦးလွင်မြင့်က အမှာစကားပြောကြားပြီး သာကေတမြို့နယ် ဂီတအစည်းအရုံးနာယက တေးသံရှင် ကျောက်ပန်းတောင်း ကျော်လွင်နှင့် သာကေတမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်သူတို့က မုဒိတာစကားများပြောကြားကြသည်။ ယင်းနောက် သာကေတမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် (၂) ဦးညွန့်ဝေက မြန်မာ့ဂီတနေ့ စတင်ဖြစ်ပေါ်လာပုံများကိုပြောကြားပြီး အခမ်းအနားဖြစ်မြောက်ရေးအတွက် ဝိုင်းဝန်းကူညီပံ့ပိုးပေးခဲ့ကြသူများကို ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ကာ သာကေတမြို့နယ် ဂီတအစည်းအရုံး ဒုတိယဥက္ကဋ္ဌ ဟန်သိန်း (မြန်မာစာ)က ကျေးဇူးတင်စကားပြောကြားခဲ့သည်။ **ဇာဇာ(ပြန်/ဆက်)**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇွန် ၂၄**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်သည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး H.E. Mr. Abhay Thakur အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့အကြား စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များ၊ ပို့ကုန်သွင်းကုန်ဆိုင်ရာ ကိစ္စရပ်များ၊ နှစ်နိုင်ငံအကြား ငွေပေးချေမှုဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။ (ယာပုံ)

တွေ့ဆုံပွဲသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးနှင့် အဆင့်မြင့် အရာရှိကြီးများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



**ကမ္ဘာ့အပူချိန် လျော့ချဖို့ အိုဇုန်းလွှာ ကာကွယ်မှုနဲ့အတူ ဆက်လက် ဆောင်ရွက်စို့**

# စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်သို့ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် တက်ရောက်

**ပဲခူး ဇွန် ၂၄**

စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကို ဇွန် ၂၄ ရက် နံနက်ပိုင်းက ပဲခူးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့်ဇနီး တက်ရောက်သည်။

ဦးစွာ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက "ပညာဘဏ်တိုက် စာကြည့်တိုက်သို့ သွားကြစို့" သီချင်းဖြင့် သီဆိုဖျော်ဖြေ၍ အခမ်းအနားကို ဖွင့်လှစ်ပေးကြသည်။



ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က တစ်နိုင်ငံလုံးအတိုင်းအတာအဖြစ် အခြေခံပညာကျောင်းများကို အခြေခံ၍ စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်များကို ကျောင်းသားလူငယ်များ နိုင်ငံ့အနာဂတ် လူ့စွမ်းအားအရင်းအမြစ် ပြုစုပျိုးထောင်မှုများ အရှိန်အဟုန်မြင့်မားလာစေရန်၊ စာအုပ်စာပေ၌ နှစ်သက်မွေ့လျော်ကာ စာဖတ်သည့်ဓလေ့၊ စာကြည့်တိုက်များသို့ ဝင်ထွက်သွားလာသည့် အလေ့အကျင့်များ ဖြစ်လာစေရန်၊ စာဖတ်ခြင်းကို တန်ဖိုးထားကာ ဉာဏ်ပညာအတွေးအခေါ်မြင့်မားရေး ဗဟုသုတပြည့်စုံကြွယ်ဝရေးတို့အတွက် စာတတ်သူတိုင်း စာဖတ်ကြရန်၊ ပညာဗဟုသုတပြည့်ဝ၍ အနာဂတ်တွင် တိုင်းပြည်အတွက် ဦးဆောင်ဦးရွက်ပြုသူများ ဖြစ်လာစေရန် ရည်ရွယ်ချက်များဖြင့် ကျင်းပဆောင်ရွက်ပေးရခြင်းဖြစ်ကြောင်း၊ ပဲခူးတိုင်းဒေသကြီးအတွင်း မြို့နယ် ၁၄ မြို့နယ်တွင် (၁၄) ကြိမ် ကျင်းပသွားမည်ဖြစ်ပြီး အခြေခံပညာသင်ကြားနေသည့် ကျောင်းသား ကျောင်းသူများအတွက် စာဖတ်သည့် အလေ့အထဖြစ်ပေါ်လာစေရေး အစပျိုးပေါင်းသင်ရေလောင်းပေးခြင်းပင် ဖြစ်ကြောင်း တိုက်တွန်းပြောကြားခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဝန်ကြီးများက စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်တွင် ဟောပြောဆွေးနွေးသည့် စာပေပညာရှင်များနှင့် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းများ ပေးအပ်ကြသည်။ ယင်းနောက် အထက်တန်းဆင့် ကျပန်းစကားပြောပြိုင်ပွဲနှင့် အလယ်တန်းဆင့် ပုံပြောပြိုင်ပွဲဝင် ကျောင်းသူများက သရုပ်ပြသတင်ဆက်ခဲ့ကြသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဇနီးက ဖျော်ဖြေတင်ဆက်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုငွေများ ထောက်ပံ့ပေးအပ်သည်။ ထို့နောက် အမှတ်(၁) အခြေခံပညာကျောင်းအတွင်း ကျောင်းသား ကျောင်းသူများ၏ ပြိုင်ပွဲဝင်နေမှု၊ ဂိမ်းကစားခြင်း၊ အရုပ်ဆက် ခြင်း၊ စကားပုံဆက်ခြင်း၊ စက္ကူပြဇာတ် သရုပ်ပြသမှု၊ ခင်းကျင်းပြသထားသည့် စာအုပ်စာစောင်များနှင့် စာအုပ်ဈေးရောင်းပွဲတော်များကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ (ဝဲပုံ)

**တိုင်းဒေသကြီး(ပြန်/ဆက်)**

❖ *ရွှေ့ဖုံးမှ*

ဘောဂလိမြို့ရှိ ဒေသခံပြည်သူများအနေဖြင့် မိမိပိုင်ဥယျာဉ်ခြံမြေများ၌ ဈေးကွက်ဝင်ပြီး ဝယ်လိုအားကောင်းသည့် နှစ်ရှည်ပင်များဖြစ်သည့် တညင်း၊ ကွမ်း၊ မင်းကွတ်၊ လက်ဖက်၊ လိမ္မော်နှင့် ဒူးရင်းပင်များ စိုက်ပျိုးကြကြောင်း သိရသည်။ **ကြည်ကြည်ခိုင်(ပြန်/ဆက်)**

# ပေါင်းတည်မြို့၌ အခွန်ပညာပေးရှင်းလင်းဆွေးနွေး

**ပေါင်းတည် ဇွန် ၂၄**

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ် ပြည်တွင်းအခွန်များဦးစီးဌာန အခွန်ပညာပေး ရှင်းလင်းဆွေးနွေးပွဲကို ယမန်နေ့က မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး၌ ကျင်းပခဲ့သည်။ **(အောက်ပုံ)**

အဆိုပါ ဆွေးနွေးပွဲတွင် ပေါင်းတည်မြို့နယ် အခွန်ဦးစီးဌာနမှူး ဒေါ်မြင့်မြင့်ချိုက လုပ်ငန်းရှင်များအား အခွန်ဆိုင်ရာ တည်ဆဲဥပဒေ၊ နည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းများ၊ အခွန်ကောက်ခံခြင်းဆိုင်ရာ သိကောင်းစရာများ၊ ကြေညာလွှာတင်သွင်းခြင်းဆိုင်ရာ ကိစ္စရပ်များ၊ အခွန်ထမ်းလုပ်ငန်းရှင်များ လိုက်နာရန်တာဝန်များ၊ ပြေစာများအပေါ် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ ကိစ္စရပ်များ၊ လိုက်နာရန် ပျက်ကွက်မှုများအတွက် ပြစ်မှုပြစ်ဒဏ်များနှင့်စပ်လျဉ်း၍အသိပညာပေး ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။ **မြို့နယ် (ပြန်/ဆက်)**



# ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့် အမှတ်(၁)သံမဏိစက်ရုံ (မြင်းခြံ)သို့ သွားရောက်ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇွန် ၂၄**

စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်သည် ဇွန် ၂၂ ရက် နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ရှိ အမှတ်(၁) သံမဏိစက်ရုံ (မြင်းခြံ)ရှိ စက်ရုံအစည်းအဝေးခန်းမ၌ စက်ရုံမှူး၊ အရာထမ်းများနှင့် တွေ့ဆုံ၍ ဒုတိယဝန်ကြီးက ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာနှစ်တွင် သံမဏိချောင်းများ အရည်အသွေး ပြည့်မီပြီး သတ်မှတ် လျာထားချက်များ အတိုင်း စဉ်ဆက်မပြတ်ထုတ်လုပ်နိုင်ရေး ကြိုးစားဆောင်ရွက်သွားရန်မှာကြားသည်။



ထို့နောက် စီမံကိန်းအကောင်အထည်ဖော်ရေးအဖွဲ့ (PIU) ၏ ခေါင်းဆောင်က အမှတ် (၁) သံမဏိစက်ရုံ (မြင်းခြံ) သို့ နိုင်ငံခြားသား ပညာရှင်များ လာရောက်၍ စက်ရုံရှိ ဟိုက်ဒရောလစ်စနစ်များ၊ အလိုအလျောက် ထိန်းချုပ်ကိရိယာများ၊ စက်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများနှင့် စံချိန်စံညွှန်းထိန်း ကိရိယာများကို စစ်ဆေးခဲ့မှုကို လည်းကောင်း၊ စက်ရုံမှူးက စက်ရုံ၏ ကုန်ကြမ်းလက်ကျန် အခြေအနေနှင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ထုတ်လုပ်မှု လျာထားချက်များကို လည်းကောင်း၊ အထွေထွေမန်နေဂျာက ငွေလုံးငွေရင်း အသုံးစရိတ်ခွင့်ပြုငွေဖြင့် တောင်းခံသုံးစွဲမည့် လုပ်ငန်းခေါင်းစဉ်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီးက ဆက်လက်ဆောင်ရွက်ရမည့် အခြေအနေနှင့် ဖြည့်ဆည်းဆောင်ရွက်ပေးရမည့် ကိစ္စရပ်များကို ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ဆက်လက်ဆောင်ရွက်မည့် စီမံကိန်းလုပ်ငန်းခွင်ရှိ အလုပ်ရုံအလိုက် ပြင်ဆင်ထားရှိမှု အခြေအနေ၊ သံရည်ကျိုအလုပ်ရုံအမှတ် (၂)နှင့် အထောက်အကူပြုအလုပ်ရုံများကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် လည်ပတ်နိုင်ရေးအတွက် ပြည်ပပညာရှင်များနှင့် စစ်ဆေးဆောင်ရွက်နေမှုအခြေအနေနှင့် သံရည်ကျိုအလုပ်ရုံအမှတ် (၁) သံရည်ကျိုလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဇွန် ၂၃ ရက် နံနက်ပိုင်းတွင်လည်း ဒုတိယဝန်ကြီးသည် စက်ရုံရှိ လျှပ်စစ်ဓာတ်အားခွဲရုံသို့ ရောက်ရှိပြီး သံရည်ကျိုလုပ်ငန်း စဉ်ဆက်မပြတ် လည်ပတ်နိုင်ရေးအတွက် စက်ချွတ်ယွင်းမှုကြောင့် လျှပ်စစ်ဓာတ်အားပြတ်တောက်မှု မရှိအောင် စက်ကြံ့ခိုင်ရေးကို အလေးထား ဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# မဲဆန္ဒရှင်စာရင်း စီမံခန့်ခွဲမှုစနစ်ဆော့ဝဲလ်ကို ပြည်တွင်းရှိ မြန်မာပညာရှင်များ၏အကူအညီဖြင့် ခေတ်မီနည်းစနစ်များဖြင့် တီထွင်ပြီး မဲစာရင်းများကို စနစ်တကျ ပြုစုဆောင်ရွက်လျက်ရှိ

နေပြည်တော် ဇွန် ၂၄


**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် မဲဆန္ဒရှင်စာရင်းများစီမံခန့်ခွဲမှုစနစ်ဆိုင်ရာ ဒုတိယအကြိမ် အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီတွင် တည်းခိုရေးစခန်း (ရွာတော်)ရှိ ဆင်ဖြူရှင်ခန်းမ၌ ကျင်းပသည်။**

ဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ ဦးကိုကိုက ပထမအကြိမ် ဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ကြသည့် ဝန်ထမ်းများအနေဖြင့် မဲဆန္ဒရှင်စာရင်း စီမံခန့်ခွဲမှုစနစ်နှင့်စပ်လျဉ်းပြီး အတွေ့ အကြုံကောင်းများ၊ အထောက်အကူ ကောင်းများ ရရှိခဲ့ကြကြောင်း၊ အလုပ်ရုံ ဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ကြသည့် ဝန်ထမ်းများ၏ တွေ့ကြုံနေရသည့် အခက်အခဲများ၊ အကြံဉာဏ်များကို ရယူပြီး မဲဆန္ဒရှင်စာရင်းစီမံခန့်ခွဲမှုစနစ် ၏ နည်းပညာပိုင်းဆိုင်ရာ လိုအပ်ချက် များလည်း ထပ်မံဖြည့်သွင်းဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း၊ ကျင်းပပြီးစီးခဲ့ သည့် ၂၀၁၀ ပြည့်နှစ် အထွေထွေ ရွေးကောက်ပွဲတွင် မဲစာရင်းများကို သမား ရိုးကျနည်းလမ်းများဖြင့်သာ ရေးသွင်းပြုစု ခဲ့ကြကြောင်း၊ ၂၀၁၅ ခုနှစ် အထွေထွေ ရွေးကောက်ပွဲတွင် မဲစာရင်းများပြုစုခြင်း ကို ကွန်ပျူတာဆော့ဝဲလ်နှင့် စတင်အသုံး ပြုရန် ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း၊ ပယ်ဖျက်ခဲ့သည့် ၂၀၂၀ ပြည့်နှစ်အထွေထွေ ရွေးကောက်ပွဲတွင်လည်း ပြည်ပအကူအညီ ရယူ၍ မဲစာရင်းများကို ဆော့ဝဲလ်စနစ် ဖြင့်ရေးဆွဲရန် ကြိုးစားခဲ့သော်လည်း အောင်မြင်မှုမရရှိခဲ့ကြောင်း၊ လက်ရှိတွင် ကော်မရှင်အနေဖြင့် မဲဆန္ဒရှင်စာရင်း စီမံခန့်ခွဲမှုစနစ်ဆော့ဝဲလ်ကို ပြည်တွင်းရှိ မြန်မာပညာရှင်များ၏ အကူအညီဖြင့် ခေတ်မီနည်းစနစ်များဖြင့် တီထွင်ပြီး မဲစာရင်းများကို စနစ်တကျ ပြုစုဆောင်ရွက် လျက်ရှိကြောင်း ပြောကြားသည်။



အလုပ်ရုံဆွေးနွေးပွဲသို့ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များ၊ ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနနှင့် လူဝင်မှုကြီးကြပ် ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန တို့မှ တာဝန်ရှိသူများ၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ရုံးမှ တာဝန်ရှိသူ များ၊ တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ပြည်ထောင်စုနယ်မြေရှိ မြို့နယ်ရွေးကောက် ပွဲကော်မရှင်အဖွဲ့ခွဲများမှ ဝန်ထမ်းများ တက်ရောက်ခဲ့ကြပြီး အဆိုပါဆွေးနွေးပွဲ ကို ဇွန် ၂၄ ရက်မှ ၂၈ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိ သည်။

သတင်းစဉ်



## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ကိုယ်စားလှယ်အဖွဲ့ ထိုင်းနိုင်ငံ အထက်လွှတ်တော်ရွေးချယ်ပွဲ လေ့လာစောင့်ကြည့်ရေး အစီအစဉ်သို့တက်ရောက်ရန် ထိုင်းနိုင်ငံသို့ ထွက်ခွာ

**နေပြည်တော် ဇွန် ၂၄**

ထိုင်းနိုင်ငံ ရွေးကောက်ပွဲကော်မရှင် ရုံး အထွေထွေအတွင်းရေးမှူးချုပ် ၏ဖိတ်ကြားချက်အရ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးမြင့်ဦးနှင့် ဦးခင်မောင်ဦးတို့သည် ထိုင်းနိုင်ငံ အထက်လွှတ်တော် ရွေးချယ်ပွဲ (Thai Senate Selection) လေ့လာစောင့်ကြည့် ရေး အစီအစဉ်သို့ တက်ရောက်ရန် ယနေ့မွန်းလွဲ ၁၂ နာရီ ၅၅ မိနစ် တွင် လေကြောင်းခရီးဖြင့် ရန်ကုန် မြို့မှ ထိုင်းနိုင်ငံ ဘန်ကောက်မြို့သို့ ထွက်ခွာကြသည်။

ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ဦးမြင့်ဦးနှင့် ဦးခင်မောင်ဦးတို့အား ရန်ကုန် တိုင်းဒေသကြီး ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ တာဝန်ရှိသူများ က ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက် ကြသည်။

ထိုင်းနိုင်ငံအထက်လွှတ်တော် ရွေးချယ်ပွဲ (Thai Senate Selection) လေ့လာစောင့်ကြည့် ရေးအစီအစဉ်ကို ထိုင်းနိုင်ငံ ရွေးကောက်ပွဲကော်မရှင်ရုံး (ECT) မှ ဦးဆောင်၍ ၂၀၂၄ ခုနှစ် ဇွန် ၂၄ ရက်မှ ၂၇ ရက်အထိ ကျင်းပ ပြုလုပ်မည်ဖြစ်ပြီး ကိုယ်စားလှယ် အဖွဲ့အနေဖြင့် ခရီးစဉ်အတွင်း ထိုင်းနိုင်ငံ ရွေးကောက်ပွဲ ကော်မရှင်၏ အခွင့်အာဏာ၊ တာဝန်ဝတ္တရားများ၊ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ များနှင့် စပ်လျဉ်း၍လည်းကောင်း၊ အထက်လွှတ်တော်ကိုယ်စားလှယ် များကို အဆင့်ဆင့် ရွေးချယ်ပုံ နည်းလမ်းများကို လည်းကောင်း အသေးစိတ်စောင့်ကြည့်လေ့လာ ခွင့်ရရှိမည်ဖြစ်ကြောင်း သတင်း ရရှိသည်။

သတင်းစဉ်

## အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ကျွမ်းကျင်မှုသင်တန်းများနှင့် ပုဂ္ဂလိက သက်မွေးသင်တန်းကျောင်းများ ကြည့်ရှုအားပေး

**ရန်ကုန် ဇွန် ၂၄**

အလုပ်သမားဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဦးဝင်းရှိန်သည် ရန်ကုန် တိုင်းဒေသကြီး တိုင်းရင်းသား ရေးရာဝန်ကြီး၊ တာဝန်ရှိသူများ နှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးရှိ ကျွမ်းကျင် မှုလေ့ကျင့်ရေးသင်တန်းကျောင်း (ရန်ကင်း) ၌ ကျင်းပသည့် လူငယ်လူရွယ်များ အလုပ်အကိုင် အခွင့်အလမ်း ရရှိရေးအတွက် လေအေးပေးစက်ပြုပြင်တပ်ဆင် ခြင်းသင်တန်းနှင့် စားသောက်ဆိုင် ဝန်ဆောင်မှုသင်တန်းဖွင့်ပွဲ အခမ်း အနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် ဒုတိယ ဝန်ကြီးက သင်တန်းဆင်းများ အနေဖြင့် အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမားသုံးပွင့်ဆိုင် ပူးပေါင်း ဆောင်ရွက်မှုဖြင့် မိမိတို့လူနေမှု ဘဝ တိုးတက်မြင့်မားစေနိုင်သည် ကိုလုပ်အားဖြင့်သက်သေပြရန်နှင့် CMP စက်ရုံ၊ အလုပ်ရုံများတွင် လုပ်ငန်းခွင် တည်ငြိမ်အေးချမ်း ရေး၊ ကုန်ထုတ်စွမ်းအားတိုးတက် ရေး၊ အလုပ်သမားရေးရာ အငြင်း ပွားမှု လျော့နည်းပပျောက်စေရေး အတွက် တည်ဆဲအလုပ်သမား ရေးရာ ဥပဒေများနှင့်အညီ အလုပ်ရှင်၊ အလုပ်သမားများက ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် တက်ညီလက်ညီ ပူးပေါင်းဆောင် ရွက်ရန် မှာကြားသည်။

မွန်းလွဲပိုင်းတွင် ဒုတိယ ဝန်ကြီး၊ တိုင်းဒေသကြီး တိုင်းရင်းသားရေးရာ ဝန်ကြီးနှင့် အဖွဲ့သည် ကမာရွတ်မြို့နယ်ရှိ National Management Academy နှင့် ဗဟန်းမြို့နယ်ရှိ Shin Rai International Vocational Institute သို့ သွားရောက်ကြည့်ရှု စစ်ဆေးပြီး ဒုတိယဝန်ကြီးက လုပ်ငန်းခွင်အတွင်း တွေ့ကြုံရ သည့် အခက်အခဲများကို ကောင်းစွာ ဖြေရှင်းပေးနိုင်ရေး အသုံးချစေလိုကြောင်း၊ လုပ်ငန်း ခွင် တည်ငြိမ်အေးချမ်းရေးနှင့် ကုန်ထုတ်စွမ်းအား တိုးတက်စေ ရေးအတွက် ကျွမ်းကျင်လုပ်သား များ၏ စွမ်းဆောင်မှုသည် များစွာ အရေးပါသဖြင့် သင်တန်းဆင်း ပြီးသည်နှင့် စွမ်းဆောင်ရည် ပိုမို မြင့်မားလာပြီး အလုပ်ရှင်မှ အားကိုး ယုံကြည်မှုရရှိရေး အလေးထား ဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(အောက်ပုံ)**

**သတင်းစဉ်**




## ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ် ထုတ်လွှင့်မည်

**နေပြည်တော် ဇွန် ၂၄**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရား ဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှု တားဆီးရေးဆိုင်ရာကိစ္စရပ်များ နှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ **“ပြည်သူ့ကြားက ပြည်သူ့စကား”** အစီအစဉ်မှ **“ယုံစားပုံမှားမိကြလို့ နေစရာပျောက်၊ ပင်စင်ပျောက်၊ လမ်းဘေး ရောက်ခဲ့ကြရတဲ့ သစ္စာဖောက်နိုင်ငံ့ဝန်ထမ်းတွေရဲ့ ပကတိဘဝ အခြေအနေ”** ခေါင်းစဉ်ဖြင့် ဇွန် ၂၆ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **“ဓားပြတိုက်၊ သတ်ဖြတ်၊ ပြန်ပေးဆွဲလုပ်ရပ်များနဲ့ မစ္ဆရိယအမှောင်ဖုံးနေတဲ့ အကြမ်းဖက်သမားများရဲ့ တော်လှန်ရေး”** ခေါင်းစဉ်ဖြင့် ဆွေးနွေး တင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များ အနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီ အတွင်း ဖုန်းနံပါတ် ဝ၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ် များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း စစ်ကိုင်းမြို့တွင်ကျင်းပသည့် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ဖွင့်ပွဲအခမ်းအနား တက်ရောက်အားပေး

## ကျောင်းသား ကျောင်းသူများအနေဖြင့် စာဖတ်သည့် အလေ့အကျင့်ကိုမွေးမြူ၍ မိမိတို့ဘဝတိုးတက်အောင်ထူထောင်ကြရမည်

စစ်ကိုင်း ဇွန် ၂၄

**ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်စေရန်၊ ကျောင်းသားကျောင်းသူများ စာအုပ်စာပေ လေ့လာဖတ်ရှုနိုင်ရန်နှင့် စာပေလေ့လာဖတ်ရှုခြင်းမှရရှိသော အသိပညာ ဗဟုသုတများကို ပြန်လည်အသုံးချမှုဝေနိုင်ရန် ရည်ရွယ်၍ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် စစ်ကိုင်းမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်တို့ တက်ရောက်အားပေးသည်။**



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

ရှေးဦးစွာ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်မှခ်ဦးကို ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ လူမှုရေးရာ ဝန်ကြီး ဦးညွန့်ဝင်းအောင်၊ တိုင်းဒေသကြီး ပညာရေးမှူး ဦးသက်လေးဦးနှင့် ခရိုင်စီမံ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးအောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ပါဝင်ကူညီ ခဲ့သည့် ပန်းဖွားအဖွဲ့နှင့် ဘင်ခရာအဖွဲ့ တို့ကို ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ကာ တက်ရောက်လာကြသူများနှင့် စုပေါင်း မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် အခမ်းအနား ဒုတိယပိုင်း အစီအစဉ်ကို အဆိုပါကျောင်းရှိ အသင်္ချာ ခန်းမ၌ ဆက်လက်ကျင်းပရာ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက **"ပညာ ဘဏ်တိုက် စာကြည့်တိုက်သို့ သွားကြစို့"** သီချင်းဖြင့် သီဆိုဖွင့်လှစ်ပေးပြီး **"သုတ ဝေဖြာမျှဝေရာ ပညာဘဏ်တိုက် စာကြည့်တိုက်"** Video Clip ကို ပြသ သည်။

ထို့နောက် မြန်မာနိုင်ငံစာကြည့်တိုက် များဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင် ရွက်မှုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စု ဝန်ကြီး ဦးမောင်မောင်အုန်းက အမှာ စကားပြောကြားရာတွင် ယနေ့အချိန်တွင် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်များကို တစ်နိုင်ငံလုံး၌ ကျင်းပဆောင်ရွက်လျက် ရှိပါကြောင်း။

### အသိပညာမြင့်မားအောင်ကြိုးစား

စာကြည့်တိုက်များ ဖွံ့ဖြိုးရေးနှင့် ပြည်သူများ စာဖတ်ရှိန်မြှင့်တင်ရေး လုပ်ငန်းများကို နိုင်ငံတော်ဝန်ကြီးချုပ် ကိုယ်တိုင် အလေးထား အားပေးဆောင် ရွက်လျက်ရှိပါကြောင်း၊ ကျောင်းသား ကျောင်းသူများအနေဖြင့် စာဖတ်သည့် အလေ့အကျင့်ကိုမွေးမြူ၍ မိမိတို့ဘဝ တိုးတက်အောင် ထူထောင်ကြရမည် ဖြစ်ကြောင်း၊ စာပေဖတ်ရှုလေ့လာပြီး အသိပညာမြင့်မားအောင် ကြိုးစား၍ လူရည်ချွန် လူရည်မွန်များဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်ပါ ကြောင်း၊ ကမ္ဘာကြီးသည် ရွာကြီးတစ်ရွာ ကဲ့သို့ဖြစ်နေပြီး နည်းပညာများ တစ်ဟုန် ထိုးတိုးတက်လျက်ရှိသဖြင့် ခေတ်နှင့် အညီ လိုက်ပါသင်ယူကြိုးစားနေရမည် ဖြစ်ကြောင်း။

မိမိတို့ဝန်ကြီးဌာနအနေဖြင့် မူလ တာဝန်အပြင် စာကြည့်တိုက်လုပ်ငန်း များကို အလေးထား၍ စီမံဆောင်ရွက် လျက်ရှိသကဲ့သို့ စာဖတ်သူတိုင်း စာဖတ် ကြစေရေး နှိုးဆော်တိုက်တွန်းခြင်း၊ အသိပညာပေးခြင်းများကို ပူးပေါင်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ စာဖတ်ရှိန် မြှင့်တင်ရေးလုပ်ငန်းများသည် ရေရှည် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်တစ်ခု ဖြစ်ပြီး ကျောင်းသား ကျောင်းသူများ အနေဖြင့် နေ့စဉ်စာဖတ်ရာ၌ သုတ/ရသ ပညာရပ်အစုံကို ဖတ်ရှုကြရန်နှင့် နောင်တစ်ချိန် နိုင်ငံတော်က အားကိုး အားထားရသော သားကောင်းသမီး ကောင်း ပညာရှင်များ ပေါ်ထွန်းရေး အတွက် ကြိုးစားကြရန် တိုက်တွန်းလို ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး က စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ကျေးရွာစာကြည့်တိုက်အသစ် ငါးတိုက် ဆောက်လုပ်နိုင်ရေးအတွက် ငွေကျပ်သိန်း ၇၅၀ နှင့် ဒေသခံပြည်သူများ စာပေဖတ်ရှု လေ့လာနိုင်ရန်အတွက် စာအုပ်စာစောင် ၁၆၅၀၀ တို့ကို ပေးအပ်လှူဒါန်းရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လက်ခံ ရယူပြီး စစ်ကိုင်းမြို့ပေါ်ရှိ အခြေခံပညာ အထက်တန်းကျောင်း ရှစ်ကျောင်း အတွက် DTH စလောင်းနှင့် DVB T2 Set Top Box ရှစ်စုံတို့ကို ပေးအပ်လှူဒါန်းရာ တိုင်းပညာရေးမှူး ဦးသက်လေးဦးက လက်ခံရယူသည်။

ထို့နောက် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်က ဝမ်းမြောက်စကား ပြောကြားပြီး အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းအတွက် စာအုပ်/ စာစောင်များကို ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီးက လက်ခံရယူ သည်။




ဆက်လက်၍ နိုင်ငံကျော်အနုပညာ ရှင်များဖြစ်သည့် အဆိုတော် ယုန်လေး၊ အကယ်ဒမီ အုန်းသီး၊ ဒိန်းဒေါင်နှင့် ငြိမ်းချမ်း တို့က ဖျော်ဖြေတင်ဆက်ကြ သည်။

### လှည့်လည်ကြည့်ရှုအားပေး

ယင်းနောက် စစ်ကိုင်းပညာရေး ကောလိပ်မှကျောင်းသူများက **"ပန်းဥယျာဉ်ဝယ် ဆိုကြကကြမယ်"** သီချင်းဖြင့် လည်းကောင်း၊ အထက(၁)စစ်ကိုင်းမှ ကျောင်းသူများက **"အတုမရှိရွှေစစ်ကိုင်း"** သီချင်းဖြင့်လည်းကောင်း၊ စစ်ကိုင်း ပညာရေးဒီဂရီကောလိပ်မှကျောင်းသူများ က **"အမျိုးသားစာပေ ယဉ်ကျေးမှုအမွေ"** သီချင်းဖြင့်လည်းကောင်း၊ အထက(ခွဲ) ရန်နိုင်မှ ကျောင်းသား ကျောင်းသူများ က **"မိုးဇာပြော"**သီချင်းဖြင့် လည်းကောင်း၊ အထက(၁) ကျောင်းသား ကျောင်းသူများ က **"ဘက်စုံပညာကိုရည် တို့လှမ်းချီ"** သီချင်းဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး အကအဖွဲ့များအား ဂုဏ်ပြုငွေများ ပေးအပ် ချီးမြှင့်ကာ **(အောက်ဝဲပုံ)** ကျောင်း စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန် မြှင့်တင်ရေးပွဲတော်အတွင်း ခင်းကျင်းပြသထားသော စာအုပ်စာစောင် များ၊ ဌာနဆိုင်ရာပြခန်းများ၊ ဓာတ်ပုံ ပြပွဲများ၊ ပုံပြောပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲ၊ ဉာဏ်စမ်းပဟေဠိ ပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ ဂိမ်း ပြိုင်ပွဲများ ကျင်းပနေမှုများကို လှည့်လည် ကြည့်ရှုအားပေးသည်။

### ရွှေသင်္ကန်းပြန်လည်ကပ်လှူပူဇော်ရန်

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့သည် စစ်ကိုင်းတောင်ရိုးရှိ ဆွမ်းဦးပုညရှင် စေတီတော်ကြီးအား သွားရောက်ဖူးမြော် ကြည်ညို၍ စေတီတော်ကြီး လုံးတော် ပြည့်ရွှေသင်္ကန်းကပ်လှူပူဇော်ရေး ကိစ္စ များနှင့်ပတ်သက်၍ ကူညီဆောင်ရွက်ပေး နိုင်မည့်အခြေအနေများကို ဆွေးနွေး ပြောကြားသည်။ ဆွမ်းဦးပုညရှင် စေတီတော်ကြီးကို လွန်ခဲ့သော ကိုးနှစ်ခန့် က လုံးတော်ပြည့်ရွှေသင်္ကန်း ကပ်လှူ ပူဇော်ခဲ့ပြီး ယခုအခါ ရွှေသင်္ကန်း ပြန်လည် ကပ်လှူပူဇော်ရန်အတွက် စစ်ကိုင်းတိုင်း ဒေသကြီးအစိုးရအဖွဲ့က စီစဉ်ဆောင်ရွက် လျက်ရှိကြောင်းနှင့် စေတီတော်ကြီးသို့ လာရောက်သည့် ဘုရားဖူးပြည်သူများ အဆင်ပြေစွာ တည်းခိုနိုင်ရေးအတွက် ရွှေတောင်ရိုးမိုတယ်ဖွင့်လှစ်၍ စီစဉ် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရ သည်။

**သတင်းစဉ်**

---

## ကျေးရွာရွှေလျားစာကြည့်တိုက်သို့ အလှူငွေနှင့် သုတ၊ ရသစာအုပ်များ စုပေါင်းလှူဒါန်း

**တောင်ငူ ဇွန် ၂၄**

ပဲခူးတိုင်းဒေသကြီး သတင်းစာ ဆရာအသင်းနာယက ဦးကျော်လှ နှင့် စာရေးဆရာများ စုပေါင်း၍ တောင်ငူမြို့နယ် သျှားယားကုန်း ကျေးရွာရှိ "ဒို့ကျေးရွာရွှေလျား စာကြည့်တိုက်" သို့ အလှူငွေနှင့် သုတ၊ ရသစာအုပ်များ စုပေါင်း လှူဒါန်းပွဲကို ဇွန် ၂၄ ရက်က တောင်ငူမြို့ ဓာတုကလျာလမ်းရှိ သမာဓိဂေဟာ၌ ကျင်းပသည်။

ထိုသို့စုပေါင်းလှူဒါန်းရာတွင် ပဲခူးတိုင်းဒေသကြီး၊ သတင်းစာ ဆရာအသင်းနာယက ဦးကျော်လှ (သမာဓိ) နှင့် ဆရာကြီးဒေါက်တာ မြသောင်း(သောင်းကေတု)တို့က သုတ၊ ရသ စာအုပ်စာပေ၊ မဂ္ဂဇင်း အုပ် ၃၀၀၊ စာရေးဆရာ ဦးရဲမြင့် (တောင်ငူဒေးဒေးဖိုး)ကအလှူငွေ ကျပ်နှစ်သိန်းနှင့် သုတ၊ ရသ စာအုပ်များကို စုပေါင်းပေးအပ် လှူဒါန်းရာ စာကြည့်တိုက်မှူး ဒေါ်သီသီထွန်းက လက်ခံရယူ ပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။ စာကြည့် တိုက်သို့ လှူဒါန်းလိုသူများသည် ဖုန်း ၀၉-၇၉၅၅၈၁၁၉၅ နှင့် ၀၉-၆၉၃၃၆၅၅၅ သို့ ဆက်သွယ် နိုင်ကြောင်း သိရသည်။

**ဇော်ကိုကို (တောင်ငူ)**



# စွမ်းအင်ဝန်ကြီးဌာန ၂၀၂၄ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကျင်းပ

**နေပြည်တော် ဇွန် ၂၄**

စွမ်းအင်ဝန်ကြီးဌာန၏ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် ဒက္ခိဏသီရိမြို့နယ် သံတမန်ဇုန်ရှိ မာရဝိဇယဘုရားကြီးသို့ သွားရာ သစ်ခွလမ်း ဘေးဘယ်/ညာ၌ ကျင်းပသည်။

သစ်ပင်စိုက်ပျိုးပွဲသို့ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်၊ ဒုတိယဝန်ကြီး ဦးသန့်စင်၊ ဝန်ကြီးဌာနကြီးကြပ်မှုအောက်ရှိ ဦးစီးဌာန၊ လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင် ညွှန်ကြားရေးမှူးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အရာထမ်း / အမှုထမ်းများ တက်ရောက်စိုက်ပျိုးကြသည်။

သစ်ပင် စိုက်ပျိုးပွဲတွင် ပြည်ထောင်စုဝန်ကြီးက သတ်မှတ်နေရာ၌ ခရေပင်ကို ဦးဆောင် စိုက်ပျိုးပေးပြီး **(အပေါ်ယာပုံ)** ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးတို့က ကံ့ကော်ပင်များကို စိုက်ပျိုးပေးကြကာ ဝန်ကြီးဌာနကြီးကြပ်မှုအောက်ရှိ ဦးစီးဌာန/လုပ်ငန်းများမှ အရာထမ်း၊ အမှုထမ်းများ၏ ရတနာတန်းဝင် ကျွန်းနှင့် ပျဉ်းကတိုး၊ မန်ကျည်း၊ ဘုံမဲဇာ၊ မဲဇလီနှင့် စိန်ပန်းပင်များ စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးကြသည်။

စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် ၂၀၀၆ ခုနှစ်မှစ၍ ယနေ့အချိန်ထိ သစ်ပင် ၉၈၇၀ ခန့် စိုက်ပျိုးခဲ့ပြီး ရှင်သန်မှုအနေဖြင့် ၇၀ ရာခိုင်နှုန်း ရှိကြောင်းနှင့် ယနေ့သစ်ပင် စိုက်ပျိုးပွဲတော်တွင် ရတနာတန်းဝင် ကျွန်းပင်နှင့် ပျဉ်းကတိုးပင် အပါအဝင် ခရေပင်၊ ကံ့ကော်ပင်၊ မန်ကျည်းပင်၊ ဘုံမဲဇာပင်၊ မဲဇလီပင်၊ စိန်ပန်းပင်နှင့် အရိပ်ရ လေကာပင် သစ်ပင်မျိုးစုံ စုစုပေါင်း ၆၈၀ စိုက်ပျိုးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ၂၀၂၄ ခုနှစ်အတွက် ပညာရည်ထူးချွန်ဆုပေးပွဲနှင့် ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲကျင်းပ

**နေပြည်တော် ဇွန် ၂၄**

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ၂၀၂၄ ခုနှစ်အတွက် ပညာရည်ထူးချွန်ဆုပေးပွဲနှင့် ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် အဆိုပါ ဝန်ကြီးဌာနရှိ အစည်းအဝေးခန်းမ၌ ကျင်းပရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ၊ ဒုတိယဝန်ကြီး ဦးမင်းမင်း၊ ညွှန်ကြားရေးမှူးချုပ်များ၊ အရာထမ်း၊ အမှုထမ်းများ၊ ကျောင်းသား မိဘများနှင့်ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။



အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက မိမိတို့ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်အစိုးရ မူဝါဒနှင့်အညီ ဝန်ကြီးဌာနမှ ဝန်ထမ်းများ၏ သားသမီးများ ပညာသင်ကြားရာတွင် အဆင်ပြေစေရေးနှင့် အထောက်အပံ့ဖြစ်စေရေးတို့အတွက် ပညာသင်ထောက်ပံ့ကြေးများကို နှစ်စဉ်တိုးမြှင့် ထောက်ပံ့ပေးလျက်ရှိကြောင်း၊ ကျောင်းသားမိဘများအနေဖြင့် မိမိတို့၏ သားသမီးများကို ပညာတတ်လူချွန်လူကောင်းများဖြစ်လာစေရေးအတွက် အလေးထား ပြုစုပျိုးထောင်ပေးစေလိုကြောင်း၊ ကျောင်းသားကျောင်းသူများအနေဖြင့်လည်း ပညာရဲရင့် ပွဲလယ်တင့်ဆိုသည့်အတိုင်း ပညာရည်မြင့်မားမှသာ မိမိဘဝတိုးတက်မည်ကို သိရှိနားလည်ပြီး ထူးချွန်ထက်မြက်သော ပညာရှင်များဖြစ်အောင်၊ နိုင်ငံတော်က အားထားရသည့် သားကောင်း၊ သမီးမွန်ရတနာများဖြစ်အောင် ကြိုးစားဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားသည်။**(အပေါ်ပုံ)**

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ငါးဘာသာဂုဏ်ထူးဖြင့်အောင်မြင်သူ မောင်သန်းထိုက်ဆွေ၊ မောင်လင်းလွင်ဟိန်း၊ မနှင်းနန္ဒာခင်နှင့် လေးဘာသာဂုဏ်ထူးဖြင့် အောင်မြင်သူ မောင်မင်းသန့်အောင်၊ မဟန်နီဇော်တို့ကိုလည်းကောင်း၊ ဒုတိယဝန်ကြီးက သုံးဘာသာဂုဏ်ထူးဖြင့် အောင်မြင်သူ မောင်ရင်မင်းသန့်၊ မလင်းလတ်ရွှေရည်သန့်နှင့် နှစ်ဘာသာဂုဏ်ထူးဖြင့် အောင်မြင်သူ မမေသဇင်ဦးတို့ကိုလည်းကောင်း ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ပြည်ထောင်စုဝန်ကြီးရုံးနှင့် ဦးစီးဌာနများအလိုက် ဝန်ထမ်း သား သမီးများအတွက် ပညာသင်ထောက်ပံ့ကြေးများကို သက်ဆိုင်ရာညွှန်ကြားရေးမှူးချုပ်များထံ ပေးအပ်သည်။

ယခုနှစ် ပညာသင်နှစ်တွင် ဝန်ကြီးဌာနမှ ဝန်ထမ်းသားသမီးများအနက် မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ် ကျောင်းသားကျောင်းသူ စုစုပေါင်း ၁၀၈၀ အတွက် ပညာသင်ထောက်ပံ့ကြေး စုစုပေါင်းငွေကျပ် ၃၂၂၃၀၀၀၀ ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# သာပေါင်းမြို့နယ်၌ ရပ်ကွက်၊ ကျေးရွာအုပ်စုများတွင် စားအုန်းဆီ တစ်ပိဿာ ငွေကျပ် ၆၂၀၀ ဖြင့် ပြည်သူများအား ရောင်းချပေး

**သာပေါင်း ဇွန် ၂၄**

ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ် ကုန်ဈေးနှုန်းထိန်းညှိ လျှော့ချရေး ကော်မတီအဖွဲ့နှင့် မြို့နယ်ဆီကုန်သည်များနှင့်မြို့နယ်ဆီလုပ်ငန်းရှင်အသင်းတို့ ပူးပေါင်း၍ ဇွန် ၂၃ ရက်က ရပ်ကွက်၊ ကျေးရွာအုပ်စုများတွင် စားအုန်းဆီ တစ်ပိဿာ ငွေကျပ် ၆၂၀၀ ဖြင့် ရောင်းချပေးသည်။



မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းဇော်ထိုက်နှင့်အဖွဲ့ဝင်တို့၏ ကြီးကြပ်မှုဖြင့် မြို့နယ်စားသုံးသူရေးရာဦးစီးဌာန ဦးစီးမှူး မြို့နယ်ကုန်ဈေးနှုန်း ထိန်းညှိလျှော့ချရေးကော်မတီ အတွင်းရေးမှူး ဦးထွန်းမင်းလက်တို့က မြို့နယ်ဆီကုန်သည်များနှင့် မြို့နယ်ဆီလုပ်ငန်းရှင်အသင်းတို့ ပူးပေါင်း၍ အမှတ်(၂)ရပ်ကွက် အိမ်ထောင်စု ၈၀၀ ကို အိမ်ထောင် တစ်စုလျှင် စားအုန်းဆီ တစ်ပိဿာ ငွေကျပ် ၆၂၀၀ နှုန်း၊ အမှတ်(၁) ရပ်ကွက် အိမ်ထောင်စု ၆၃၀ ကို အိမ်ထောင်တစ်စုလျှင် စားအုန်းဆီ တစ်ပိဿာ ငွေကျပ် ၆၂၀၀ နှုန်း၊ လေ့ကြီးတတ်ကျေးရွာအုပ်စုတွင် အိမ်ထောင်စု တစ်စုလျှင် စားအုန်းဆီ ၅၀ သား၊ တစ်ပိဿာ ငွေကျပ် ၆၂၀၀ နှုန်းဖြင့်လည်းကောင်း ဇွန် ၂၆ ရက်တွင် အမှတ် (၃) ရပ်ကွက်ရှိ အိမ်ထောင်စု ၆၆၀ကို အိမ်ထောင် တစ်စုလျှင် တစ်ပိဿာ ငွေကျပ် ၆၂၀၀ နှုန်းဖြင့် ပြင်ပဈေးနှုန်းထက် သက်သာစွာ ရောင်းချပေးသွားမည်ဖြစ်ကြောင်း မြို့နယ်စားသုံးသူရေးရာဦးစီးဌာန ဦးစီးမှူးထံမှ သိရသည်။

**မျိုးဇော်သိန်း(ပြန်/ဆက်)**




# ကမ္ဘာ့အအေးပေးပစ္စည်းများနေ့ အထိမ်းအမှတ် အသိပညာပေး Talk Show ပြုလုပ်

**ပုသိမ် ဇွန် ၂၄**

ဇွန် ၂၆ ရက်တွင် ကျရောက်မည့် ကမ္ဘာ့အအေးပေးပစ္စည်းများနေ့ အထိမ်းအမှတ် အသိပညာပေး Talk Show ကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပုသိမ်ခရိုင်ရုံး လူထုအခြေပြုဗဟိုဌာနခန်းမ၌ ယနေ့နံနက်ပိုင်းက ပြုလုပ်သည်။

အသိပညာပေး Talk Show တွင် ဧရာဝတီတိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ကြည်ကြည်ဝေနှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပုသိမ်ခရိုင်ဦးစီးအရာရှိ ဒေါ်ချိုမာထွန်းတို့က ကမ္ဘာ့အအေးပေးပစ္စည်းများနေ့ ဖြစ်ပေါ်လာပုံသမိုင်း၊ ဆောင်ပုဒ်နှင့်ရည်ရွယ်ချက်၊ အအေးပေးပစ္စည်းများ၏ အကျိုးကျေးဇူးနှင့် ပတ်ဝန်းကျင်အပေါ်အကျိုးသက်ရောက်မှု၊ အအေးပေးပစ္စည်းများနှင့် ပတ်သက်ပြီး မြန်မာနိုင်ငံ၏ ဆောင်ရွက်ထားရှိမှုနှင့်ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို အသိပညာပေးဆွေးနွေးကြကြောင်း သိရသည်။

**ကျော်ဟိန်း(ခရိုင်ပြန်/ဆက်)**

# ချမ်းမြသာစည်မြို့နယ်၌ အသက် ၁၈ နှစ်နှင့်အထက် စာရင်းများရေးသွင်းတိုက်ဆိုင်စစ်ဆေး ဆောင်ရွက်

**မန္တလေး ဇွန် ၂၄**

မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်အတွင်း နေထိုင်သူများ အတည်ပြုလူဦးရေ စာရင်း မှန်ကန်စေရေး အသက် ၁၈ နှစ်နှင့်အထက် လူဦးရေစာရင်းများ ရေးသွင်းခြင်းကို မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၌ ယနေ့ နံနက်ပိုင်းတွင် စတင်ဆောင်ရွက်သည်။

အဆိုပါ စာရင်းများရေးသွင်းခြင်းကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အား ဝန်ကြီးဌာန ချမ်းမြသာစည်မြို့နယ် ဦးစီးမှူးရုံးမှ ဝန်ထမ်းများ၊ မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲရုံးမှ ဝန်ထမ်းများပူးပေါင်း၍ စာရင်းများ မှားယွင်းမှုမရှိစေရေး တိုက်ဆိုင်စစ်ဆေး ဆောင်ရွက်လျက်ရှိရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်မျိုးနိုင်၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲရွေးကောက်ပွဲကော်မရှင်ဦးစီးအရာရှိ ဒေါ်ဇင်မာအောင်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ချမ်းမြသာစည်မြို့နယ် ဦးစီးမှူး ဦးရဲမင်းထွန်းတို့က ကြည့်ရှုစစ်ဆေးခဲ့သည်။ **မြို့နယ်(ပြန်/ဆက်)**



# ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီးအား လက်ခံတွေ့ဆုံ



**နေပြည်တော် ဇွန် ၂၄**

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်သည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး မစ္စတာအဘ်ဟေး တာကူးရ် (H.E. Mr. Abhay Thakur) အား ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။(ယာပုံ)

တွေ့ဆုံစဉ် မြန်မာ - အိန္ဒိယနှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်လျက်ရှိသော လမ်းပန်းဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ နယ်စပ်ကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်စေရေးနှင့် ကုန်စည်စီးဆင်းမှုပိုမိုမြန်ဆန်ချောမွေ့၍ ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝ ပိုမိုတိုးတက်စေရန် ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် အိန္ဒိယနိုင်ငံ၏ အကူအညီ အထောက်အပံ့ (Grant Aid) ဖြင့် ဆောင်ရွက်သော ပလက်ဝ - ဇိုရမ်ပူလမ်းနှင့် ယာကြီး -ကလေးဝလမ်း အပိုင်းတို့ကို အဆင့်မြှင့်တင်ခြင်း၊ တမူး - ကျီကုန်း- ကလေးဝလမ်းပေါ်ရှိ တံတား ၆၉ စင်း ပြုပြင်ထိန်းသိမ်းခြင်းနှင့်စပ်လျဉ်း၍ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီးနှင့်အတူ ဝန်ကြီးဌာနမှ အကြီးအကဲများနှင့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# မြိတ်မြို့၌ ဒီရေတောသစ်ပင် ပြုုးအုပ်ဆောင်းနှင့် ပြုုးခြေထောက် အပင် ၂၀၀၀ စုပေါင်းစိုက်ပျိုး

**မြိတ် ဇွန် ၂၄**

တနင်္သာရီတိုင်းဒေသကြီး ကလွင်ကျေးရွာ ကလွင်မော်ကမ်းခြေ၌ ဒီရေတောသစ်ပင်ပြုုးအုပ်ဆောင်းနှင့် ပြုုးခြေထောက် အပင် ၂၀၀၀ ကို ငါးလုပ်ငန်းဦးစီးဌာန၊ မြိတ်တက္ကသိုလ် အဏ္ဏဝါသိပ္ပံဌာန၊ သစ်တောဦးစီးဌာနတို့ ပူးပေါင်း၍ ယမန်နေ့က စုပေါင်းစိုက်ပျိုးကြသည်။



စုပေါင်းစိုက်ပျိုးကြမည့် ဒီရေတောပျိုးပင်များကို မြို့နယ်သစ်တောဦးစီးအရာရှိ ဦးဝေယံမြင့်ချိုက မြိတ်တက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာမိုးမိုးလွင်(အပေါ်ပုံ)နှင့် ခရိုင်ငါးလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဇော်မင်းဦးနှင့်တာဝန်ရှိသူများအား ပေးအပ်သည်။

ဒီရေတောသစ်ပင်များ စုပေါင်းစိုက်ပျိုးရာတွင် မြိတ်တက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ်၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ မြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိနှင့် ဝန်ထမ်းများ၊ ခရိုင် ငါးလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းများ စုပေါင်း၍ ပြုုးအုပ် ဆောင်းအပင် ၁၀၀၀၊ ပြုုးခြေထောက် အပင် ၁၀၀၀ စုစုပေါင်း အပင် ၂၀၀၀ ကို စုပေါင်းစိုက်ပျိုးကြကြောင်း သိရသည်။

ခိုင်ထူး ( ပြန်/ဆက် )

# ရမည်းသင်းမြို့နယ်၌ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပေးလျက်ရှိ

**ရမည်းသင်း ဇွန် ၂၄**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်ခွဲမှ ၂၀၂၄ ခုနှစ် မိုးရာသီ သီးနှံစိုက်ပျိုးစရိတ် ချေးငွေများကို မေ ၂၀ ရက်မှ



စတင်၍ ထုတ်ချေးပေးလျက်ရှိရာ ယနေ့တွင် ရင်ဂါတ်ကုန်းကျေးရွာအုပ်စုရှိ တောင်သူများအား စိုက်ပျိုးစရိတ်များ ထုတ်ချေးပေးသည်။(ဝဲပုံ)

ရမည်းသင်းခရိုင် မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်ခွဲက ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာနှစ်အတွင်း စိုက်ပျိုးစရိတ်ချေးငွေ ထုတ်ချေးပေးရန် ကျေးရွာအုပ်စု ၆၅ အုပ်စု၊ မိုးစပါး လျာထား ၅၇၆၁၆ ဧက၊ အခြား ယာသီးနှံ လျာထား ၆၃၅၇၆ ဧကအတွက် စိုက်ပျိုးစရိတ် ချေးငွေကျပ်သိန်းပေါင်း ၁၅၀၀၀၀ ထုတ်ချေးပေးနိုင်ရန် လျာထားကြောင်း မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ် ခရိုင်မန်နေဂျာ ဒေါ်ထွေးထွေးသိန်းထံမှသိရသည်။

ရမည်းသင်းမြို့နယ်အတွင်း ဇွန် ၂၄ ရက်အထိ ကျေးရွာအုပ်စု ရှစ်အုပ်စုရှိ တောင်သူ ၉၆၆ ဦးအား စပါး ၂၅၂၅ ဧက၊ အခြားသီးနှံ ၃၁၂၉ ဧကအတွက် စိုက်ပျိုးစရိတ် ချေးငွေပေါင်း ၆၉၁၆၅၀၀၀၀ ထုတ်ချေးပေးနိုင်ခဲ့ပြီး တောင်သူတစ်ဦးလျှင် အများဆုံး ၁၀ ဧကအထိ ထုတ်ချေးပေးလျက်ရှိကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်(ရန်ကုန်)၌ မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် ဟောပြောပွဲကျင်းပ

**ရန်ကုန် ဇွန် ၂၄**

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်၌ ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ်(ရန်ကုန်)၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့်အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်းကျင်းပသည့် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်ဟောပြောပွဲကို ဇွန် ၂၀ ရက်က ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်(ရန်ကုန်)၌ ကျင်းပသည်။

ဦးစွာ ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ် ပါမောက္ခဒေါက်တာ ဌေးဌေးတင်က အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန်မြောက်ပိုင်းခရိုင်(အင်းစိန်) လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စန္ဒာထွန်းက ဟောပြောပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဟောပြောပွဲကို စာရေးဆရာ ကောင်းသန့်က "အောင်မြင်ပျော်ရွှင်သော ဘဝတစ်ခုကို တည်ဆောက်ခြင်း" ဟူသည့်ခေါင်းစဉ်ဖြင့် ဆွေးနွေးဟောပြောရာ တက်ရောက်လာကြသည့် ကျောင်းသားကျောင်းသူများက ပြန်လည်၍ မေးခွန်းများကို မေးမြန်းပြီး နံရံကပ်စာစောင်များနှင့် စာအုပ်ပြပွဲတို့ကို စိတ်ပါဝင်စားစွာဖြင့် လှည့်လည်ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် (ခ) ရပ်ကွက်ရှိ ပြည့်ချမ်းသာရောင်းဝယ်ရေး သမဝါယမအသင်း၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် အကြိမ် (၃၀) မြောက် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ဇွန် ၂၃ရက်က (ခ)ရပ်ကွက်လူထုဓမ္မာရုံ၌ ကျင်းပရာ ပြည့်ချမ်းသာရောင်းဝယ်ရေး သမဝါယမအသင်းဥက္ကဋ္ဌ ဦးအောင်ငြိမ်း၊ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးမှူးဒေါ်သီတာမွန်၊ မြို့နယ်သမဝါယမအသင်းစုလီမိတက်ဥက္ကဋ္ဌ ဦးစိုးမြင့်တို့ တက်ရောက်ပြီး အသင်းသားများအား အစုပေါ်အမြတ် ငွေကျပ် ၁၄၇၀၀၀၀ နှင့် ဂရိတ်မြေပဲ ဆီသန့် ၅၀ကျပ်သား ပေးအပ်စဉ်။ အာကာလင်း



## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည် ဆိုသည့် အကြောင်းအရာတို့အပေါ် အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကို ဖော်ပြသည့်ဆက်ဆံမှု တစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင် ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကို ဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့်ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့်တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

# ကျေးလက်ဒေသနေ ပြည်သူများနှင့် တိုင်းရင်းသားပြည်သူများအတွက် စာတတ်မြောက်ရေးဆိုင်ရာ ဆောင်ရွက်ချက်များ

*ကျော်ဝင်း(ပညာရေး)*

**၂၀၁၄ ခုနှစ် ပြည်ထောင်စုလူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းတွင် ပညာရေးကဏ္ဍ၌ စာတတ်မြောက်မှုနှုန်းမှာ ၈၉ ဒသမ ၅ ရာခိုင်နှုန်းခန့်ရှိသဖြင့် အသက် ၁၅နှစ်နှင့် အထက် နိုင်ငံလူဦးရေ၏ ၁၀ရာခိုင်နှုန်းမှာ စာမတတ်သူများဖြစ်နေကြောင်း ထုတ်ပြန်ထားပါသည်။ ထို့အတူ ၂၀၁၉ ခုနှစ် ကြားဖြတ်လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း၏ ပညာရေးကဏ္ဍတွင် စာတတ်မြောက်မှုနှုန်းမှာ ၈၉ ဒသမ ၁ ရာခိုင်နှုန်းခန့်ရှိကြောင်း ထုတ်ပြန်ခဲ့သဖြင့် ယခင်ကထက် နိုင်ငံအတွင်း စာတတ်မြောက်မှုရာခိုင်နှုန်း အနည်းငယ်လျော့ကျလာကြောင်း တွေ့ရှိရပါသည်။**

ထိုသို့ စာတတ်မြောက်မှုအခြေအနေ လိုအပ်ချက်များကို မြှင့်တင်ပေးမှသာ နိုင်ငံအတွင်း စာမတတ်သူဦးရေကို လျှော့ချနိုင်ခြင်းနှင့်အတူ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို ပိုမိုဆောင်ရွက်လာနိုင်မည်ဖြစ်သည့်အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေးများ၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးများနှင့် တွေ့ဆုံပွဲများတွင် "မိမိတို့အစိုးရအနေဖြင့် ပညာရေးကဏ္ဍတွင် ကျောင်းသင်ပညာရေးကို အလေးထားဆောင်ရွက်သကဲ့သို့ ကျောင်းပြင်ပ ပညာရေးကိုလည်း အလေးပေးဆောင်ရွက်လျက်ရှိကြောင်း၊ ကျောင်းသင်ပညာရေးစနစ်ဖြင့် သင်ကြားခွင့်ဆုံးရှုံးခဲ့ရသူများကို ကျောင်းပြင်ပပညာရေးနည်းလမ်းဖြင့် သင်ကြားပေးနိုင်ရေး" ကို တိုးချဲ့ဆောင်ရွက်သွားရန် အခါအားလျော်စွာ လမ်းညွှန်မှုများ ပြုထားသည်ကို ရုပ်မြင်သံကြားသတင်းများနှင့် နေ့စဉ်ထုတ်သတင်းစာများတွင် မကြာခဏ ဖော်ပြထားသည်ကို တွေ့မြင်ကြားသိနေရပါသည်။



ရှမ်းပြည်နယ်(အရှေ့ပိုင်း) မြို့နယ်လေးခု အခြေခံစာတတ်မြောက်ရေးလုပ်ငန်း စာသင်ဝိုင်းတစ်ခုတွင် ဒေသနေပြည်သူများ သင်ကြားသင်ယူနေကြစဉ်။

**စာတတ်မြောက်ရေးလုပ်ငန်းစီမံချက်ရေးဆွဲ**

ယခုကဲ့သို့ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်များနှင့်အညီ နိုင်ငံအဝန်း ကိုဗစ်-၁၉ ကပ်ရောဂါထိန်းချုပ်ရေးလုပ်ငန်းများအား အောင်မြင်စွာ ဆောင်ရွက်နိုင်ပြီးနောက် ပညာရေးဝန်ကြီးဌာနသည် ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလမှစ၍ စာတတ်မြောက်ရေးလုပ်ငန်းစီမံချက်ရေးဆွဲပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့နှင့်ပူးပေါင်း၍ ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီး၊ ကလောနှင့် ဟိုပုံးမြို့နယ်များတွင် အသက်၁၅ နှစ်နှင့်အထက် လူငယ်နှင့်သက်ကြီးပိုင်းအရွယ် စာမတတ်သူများအား စာတတ်မြောက်ရေး သင်ကြားပေးနိုင်ရန်အတွက် လုပ်ငန်းစီမံချက်တွင် ပါရှိသော လုပ်ငန်းအစီအစဉ် (SOP) များအတိုင်း (စာမတတ်သူ) စာသင်သားစာရင်းများကို သက်ဆိုင်ရာမြို့နယ်များတွင် အုပ်ချုပ်ရေးအဖွဲ့များက ဦးဆောင်၍ကောက်ယူခြင်း၊ ကောက်ယူရရှိသည့် စာသင်သားများအား သင်ကြားပေးနိုင်ရေးအတွက် စာသင်ဝိုင်းများအဖြစ်စုဖွဲ့ခြင်း၊ ၎င်းတို့အား စာတတ်မြောက်ရေးသင်ကြားပေးမည့် သတ်မှတ်ချက်နှင့် ကိုက်ညီသော စေတနာလုပ်အားပေးနည်းပြများနှင့် ကြီးကြပ်စာရင်းများ ကောက်ယူခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီးနောက် ပညာရေးဝန်ကြီးဌာနက နည်းပညာနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ အနီးကပ်စီမံမှုဖြင့် ခရိုင်၊ မြို့နယ်နှင့် ရပ်/ကျေး အုပ်ချုပ်ရေးအဖွဲ့များ၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်ပညာရေးမှူးရုံးများ၊ ဆက်စပ်ဌာနများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဆရာဆရာမများ၊ ပညာရေးဝန်ထမ်းများနှင့် ရပ်မိရပ်ဖများက ဝိုင်းဝန်းကူညီပါဝင်ခဲ့ကြပါသည်။

ကောက်ယူရရှိခဲ့သည့် စာသင်သားများအတွက် သင်ကြားရေးလုပ်ငန်းတွင် အသုံးပြုရန် စာသင်သားသုံး၊ စာသင်ဝိုင်းသုံးနှင့် နည်းပြ/ ကြီးကြပ်များအတွက် စာရေးကိရိယာနှင့် ထောက်ပံ့ပစ္စည်းများကို ကျောင်းပြင်ပနှင့် တစ်သက်တာ ပညာရေးဦးစီးဌာနက ဝယ်ယူစုဆောင်းပြီး သက်ဆိုင်ရာ မြို့နယ်များအရောက် အချိန်မီပေးပို့ခြင်း၊ အဆိုပါ စေတနာလုပ်အားပေး နည်းပြ/ ကြီးကြပ်များအတွက် စာတတ်မြောက်ရေးလုပ်ငန်း နည်းပြသင်တန်းဖွင့်လှစ်ခြင်းတို့ကို ဆက်စပ်ဌာနများနှင့်ပူးပေါင်း၍ ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလအတွင်း တောင်ကြီးမြို့၌ လေးရက်ကြာ ဖွင့်လှစ်ပေးခဲ့ပါသည်။ နည်းပြသင်တန်းဖွင့်လှစ်ပြီးနောက် ရှမ်းပြည်နယ် တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ရှမ်းပြည်နယ်(တောင်ပိုင်း) မြို့နယ်သုံးမြို့နယ် စာတတ်မြောက်ရေးလုပ်ငန်းဖွင့်ပွဲကို ကျင်းပခဲ့ရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်တို့က အမှာစကားများပြောကြားပြီး ဖွင့်လှစ်ပေးခဲ့ပါသည်။ ဖွင့်ပွဲအပြီး နောက်ရက်မှစ၍ စာသင်သားများကို သင်တန်းဆင်း နည်းပြ/ကြီးကြပ်များက မိမိတို့တာဝန်ကျရာ မြို့နယ်များရှိ စာသင်ဝိုင်းများတွင် စာသင်သားများအား တစ်ရက် ပျမ်းမျှ သုံးနာရီနှုန်းဖြင့် အနည်းဆုံး နာရီပေါင်း ၁၂၀၊ ရက်အားဖြင့် ၄၀ ကြာ အခြေခံ မြန်မာစာ၊ အခြေခံသင်္ချာဘာသာရပ်များ သင်ကြားပေးခြင်းနှင့်အတူ စာသင်သားများအတွက် လူမှုဘဝ မြင့်မားရေးဆိုင်ရာ အသိပညာပေးခြင်း အစီအစဉ်များကို ဆောင်ရွက်ပေးခဲ့ပါသည်။

**သင်ယူပြီးမြောက်ကြောင်း လက်မှတ်များထုတ်ပေး**

ထိုသို့ သတ်မှတ်နာရီ၊ သတ်မှတ်ရက်ပြည့်ပြီးနောက်ပိုင်းရက်များတွင် ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီး၊ ကလောနှင့် ဟိုပုံးမြို့နယ်များ "အခြေခံစာတတ်မြောက်ရေးလုပ်ငန်း သင်ယူပြီးမြောက်ခြင်း အထိမ်းအမှတ်ဂုဏ်ပြုပွဲ" ကို တောင်ကြီးမြို့၌ ကျင်းပ၍ ဂုဏ်ပြုပွဲတွင် စာသင်သားများအတွက် သင်ယူပြီးမြောက်ကြောင်း လက်မှတ်များထုတ်ပေးခြင်း၊ သင်ကြားပေးခဲ့သည့် စေတနာလုပ်အားပေး နည်းပြ/ကြီးကြပ်များအား ပညာရေးဝန်ကြီးဌာနက ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ခြင်း၊ အခြေခံစာတတ်မြောက်ရေးလုပ်ငန်းကို ဦးစီးဦးဆောင် ဆောင်ရွက်ပေးသည့် ဒေသအုပ်ချုပ်ရေးအဖွဲ့များ၊ ပညာရေးမှူးရုံးများအား ပညာရေးဝန်ကြီးဌာနက ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခြင်းနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့က နည်းပြ/ကြီးကြပ်များအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြပါသည်။

ဤစာတတ်မြောက်ရေးလုပ်ငန်းသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစိုးရလက်ထက်တွင် ၂၀၂၃ ခုနှစ် ဇန်နဝါရီလမှ မတ်လအတွင်း ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီး၊ ကလောနှင့် ဟိုပုံးမြို့နယ်များတွင် အခြေခံစာတတ်မြောက်ရေးလုပ်ငန်းအား ကျောင်းပြင်ပပညာရေးနည်းလမ်းဖြင့် ပြန်လည်စတင် ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်ပါသည်။ ထိုသို့ ဆောင်ရွက်နေစဉ်အတွင်းမှာပင် ပညာရေးဝန်ကြီးဌာနသည် ရှမ်းပြည်နယ်အစိုးရအဖွဲ့နှင့် ပူးပေါင်း၍ ရှမ်းပြည်နယ်အတွင်းရှိ အကျဉ်းထောင်/ အချုပ်ထောင် ငါးခုတို့တွင် "အကြောင်းအမျိုးမျိုးကြောင့် ထောင်ဒဏ်၊ အချုပ်ဒဏ်ကျခံနေရသော ကျောင်းမနေခဲ့ရသည့် (စာမတတ်သူ) အကျဉ်းသား အကျဉ်းသူများကို အကျဉ်းထောင်အတွင်း အကြောင်းအမျိုးမျိုးကြောင့် ပြစ်ဒဏ်ကျခံနေရသည့် အခြေခံပညာအထက်တန်းအဆင့် သင်ယူဖူးသူ၊ တက္ကသိုလ်ဝင်တန်းအောင်၊ ဘွဲ့ကြိုနှင့် ဘွဲ့ရရှိထားသူ အကျဉ်းသား အကျဉ်းသူများ၏ စေတနာလုပ်အားတို့ဖြင့် စာတတ်မြောက်ရေး သင်ကြားပေးနိုင်ရန်" ရည်ရွယ်၍ ၂၀၂၃ ခုနှစ်၊ မတ်လမှ မေလအတွင်း ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ တောင်ကြီးအချုပ်ထောင်နှင့် ညောင်ရွှေအကျဉ်းထောင်၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) ရှိ ကျိုင်းတုံအကျဉ်းထောင်၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)ရှိ လားရှိုးအကျဉ်းထောင်နှင့် သီပေါအကျဉ်းထောင်များတွင် စာတတ်မြောက်ရေးလုပ်ငန်း သင်ကြားနိုင်ရန် အကျဉ်းထောင်များအတွင်း အခြေခံစာတတ်မြောက်ရေးလုပ်ငန်း နည်းပြသင်တန်းများကို လေးရက်စီ ဖွင့်လှစ်သင်ကြားပေးခြင်း၊ စာသင်သားသုံး၊ စာသင်ဝိုင်းသုံးနှင့် နည်းပြ/ကြီးကြပ်သုံးထောက်ပံ့ပစ္စည်းများ ပေးအပ်ခြင်းတို့ကို ပညာရေးဝန်ကြီးဌာန၊ ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာနက ပံ့ပိုးပေးခဲ့ပြီး ပြည်နယ်အစိုးရအဖွဲ့နှင့် ပြည်နယ်အကျဉ်းဦးစီးဌာနတို့၏ အနီးကပ်စီမံမှုတို့ဖြင့် အကျဉ်းထောင်များအတွင်း အုပ်စုခွဲ၍ စာတတ်မြောက်ရေးသင်ကြားပေးနိုင်ရန် အခြေခံစာတတ်မြောက်ရေးလုပ်ငန်း နည်းပြသင်တန်းများ ဖွင့်လှစ်ပေးပြီးနောက် အကျဉ်းထောင်များအတွင်း စာတတ်မြောက်ရေးလုပ်ငန်း သင်ကြားခြင်းအား တစ်ရက် ပျမ်းမျှ သုံးနာရီဖြင့် အနည်းဆုံး နာရီပေါင်း ၁၂၀၊ ရက်အားဖြင့် ၄၀ ကြာ ဆောင်ရွက်ခဲ့ပါသည်။ အကျဉ်းထောင်/ အချုပ်ထောင်များ အခြေခံစာတတ်မြောက်ရေး လုပ်ငန်းအတွက် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ (အရှေ့ပိုင်း)နှင့် (မြောက်ပိုင်း)အတွင်းရှိ ပညာရေးမှူးရုံးများကလည်း အကျဉ်းထောင်များရှိ စာတတ်မြောက်ရေး စာသင်ဝိုင်းများအတွက် အကျဉ်းထောင် တာဝန်ခံအရာရှိများထံသို့ သင်ထောက်ကူကားချပ်များနှင့် စာရေးကိရိယာများကို ပေးအပ်လှူဒါန်းခဲ့ကြပါသည်။

ယခင်က အကျဉ်းထောင်များအတွင်း စာတတ်မြောက်ရေးလုပ်ငန်း (အသုံးလုံး) သင်ကြားခြင်းကို အကျဉ်းဦးစီးဌာန၏ ပုံမှန်လုပ်ငန်းအဖြစ်ဆောင်ရွက်ခဲ့သော်လည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစိုးရလက်ထက်တွင် ပညာရေးဝန်ကြီးဌာန၊ ရှမ်းပြည်နယ် အစိုးရအဖွဲ့နှင့် ပြည်ထဲရေးဝန်ကြီးဌာန၊ အကျဉ်းဦးစီးဌာနတို့ ပူးပေါင်း၍ စာတတ်မြောက်ရေးလုပ်ငန်းကို ရှမ်းပြည်နယ်အတွင်း အကျဉ်းထောင်/အချုပ်ထောင်များ၌ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ခဲ့မှုသည် ထင်ရှားသည့် လုပ်ငန်းတစ်ရပ်အဖြစ် သမိုင်းမှတ်တမ်း ကျန်ရှိနေခဲ့ပါသည်။

**သတ်မှတ်နာရီ၊ သတ်မှတ်ရက်ပြည့်မီအောင်**

အဆိုပါ ရှမ်းပြည်နယ် အကျဉ်းထောင်/ အချုပ်ထောင်များ စာတတ်မြောက်ရေးလုပ်ငန်းဆောင်ရွက်ခဲ့ပြီးနောက် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ လမ်းညွှန်မှုအရ ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာနသည် ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ မှစ၍ လုပ်ငန်းအစီအစဉ် (SOP) များရေးဆွဲ၍ နေပြည်တော်ကောင်စီ၊ ရောဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့တို့နှင့်ပူးပေါင်း၍ နေပြည်တော် ပြည်ထောင်စုနယ်မြေ၊ မြို့နယ် ရှစ်မြို့နယ် အခြေခံစာတတ်မြောက်ရေးလုပ်ငန်း၊ ရောဝတီတိုင်းဒေသကြီး မြို့နယ် ငါးမြို့နယ် အခြေခံစာတတ်မြောက်ရေးလုပ်ငန်းနှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)မြို့နယ်လေးမြို့နယ်နှင့် မိုင်းယုနယ်ခြားစောင့်တပ်နယ်မြေ တစ်ခုတို့တွင် အခြေခံစာတတ်မြောက်ရေး လုပ်ငန်းများကိုလည်းကောင်း၊ စာတတ်မြောက်ရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးခဲ့သည့် ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီး၊ ကလောနှင့် ဟိုပုံးမြို့နယ်တို့တွင် စဉ်ဆက်ပညာရေးလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်ရန်လည်းကောင်း စီမံချက်ရေးဆွဲခဲ့ပြီး အဆိုပါ လုပ်ငန်းစီမံချက်အား ပညာရေးဝန်ကြီးဌာနက ပညာရေး၊ ကျန်းမာရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးတို့ကို တင်ပြခဲ့ပြီးနောက် ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလမှစ၍ လုပ်ငန်းစီမံချက်ပါ လုပ်ငန်းအစီအစဉ်(SOP) များအတိုင်း စာတတ်မြောက်ရေး စာသင်သားများနှင့် စဉ်ဆက်ပညာရေး စာသင်သားစာရင်းများကို သက်ဆိုင်ရာ နယ်မြေများတွင် ကောက်ယူခဲ့ပြီး စေတနာလုပ်အားပေး နည်းပြ/ ကြီးကြပ်များအား သက်ဆိုင်ရာမြို့များတွင် နည်းပြသင်တန်းများ ဖွင့်လှစ်ပို့ချပေးခဲ့ပြီးနောက် စာတတ်မြောက်ရေးနှင့် စဉ်ဆက်ပညာရေး သင်ကြားခြင်း အစီအစဉ်များကို ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ တတိယပတ်မှစ၍ သတ်မှတ်နာရီ၊ သတ်မှတ်ရက်ပြည့်မီအောင် အကောင်အထည်ဖော်မည့် မြို့နယ်များရှိ အခြေခံစာတတ်မြောက်ရေးနှင့် စဉ်ဆက်ပညာရေးလုပ်ငန်း စာသင်ဝိုင်းများတွင် သင်ကြားရေးလုပ်ငန်း အစီအစဉ်များကို ကဏ္ဍအလိုက် ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

အဆိုပါ နေပြည်တော်၊ ရောဝတီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) မြို့များတွင် အခြေခံစာတတ်မြောက်ရေးလုပ်ငန်းဖွင့်ပွဲများနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီး၊ ကလောနှင့် ဟိုပုံးမြို့နယ်များ စဉ်ဆက်ပညာရေးလုပ်ငန်း ဖွင့်ပွဲများကို ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလနှောင်းပိုင်းတွင် သက်ဆိုင်ရာ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ကျင်းပခဲ့ပြီး ပြည်ထောင်စုဝန်ကြီး၊

*စာမျက်နှာ ၁၁ သို့*

*စာမျက်နှာ ၁၀ မှ*

နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများ၊ ကျောင်းပြင်ပနှင့် တစ်သက်တာ ပညာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ရှမ်းပြည်နယ်အစိုးရအုပ်ချုပ်ရေး အဖွဲ့ခွဲ(အရှေ့ပိုင်း) ဥက္ကဋ္ဌနှင့် ရှမ်းပြည်နယ် ပညာရေးမှူးတို့က တက်ရောက်အမှာစကားများ ပြောကြားခဲ့ကြကာ စတင်ဆောင်ရွက်ခဲ့ပါသည်။ အခြေခံစာတတ်မြောက်ရေးနှင့် စဉ်ဆက်ပညာရေးလုပ်ငန်းများ သင်ကြားရေးအတွက် သတ်မှတ်ကာလပြည့်ပြီးနောက်ပိုင်း ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလနှင့် မတ်လများအတွင်း သက်ဆိုင်ရာ နယ်မြေဒေသများ၌ပြုလုပ်သည့် ဂုဏ်ပြုပွဲများတွင် စာတတ်မြောက်ရေးစာသင်သားများနှင့် စဉ်ဆက်ပညာရေး စာသင်သားများအား သင်ယူပြီးမြောက်ကြောင်း လက်မှတ်များ ထုတ်ပေးခြင်း၊ စေတနာလုပ်အားပေး နည်းပြ/ကြီးကြပ်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခြင်း၊ ဦးဆောင်ဆောင်ရွက်ခဲ့သည့် အုပ်ချုပ်ရေးအဖွဲ့များနှင့် ပညာရေးမှူးရုံးများအား ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့် ညွှန်ကြားရေးမှူးချုပ်တို့က ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ခြင်း၊ သင်ကြားပေးခဲ့ကြသည့် စေတနာလုပ်အားပေး နည်းပြ/ကြီးကြပ်များအား နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက ချီးမြှင့်ငွေများ ပေးအပ်ခြင်းတို့ဖြင့် ဂုဏ်ပြုပွဲအခမ်းအနားတွင် ဂုဏ်ပြုခဲ့ကြပါသည်။

**နည်းပြသင်တန်းများ ဆင့်ပွားပို့ချ**

ယခုကဲ့သို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစိုးရလက်ထက်တွင် "အကြောင်းအမျိုးမျိုးကြောင့် ကျောင်းမနေခဲ့ရသူများ၊ သန်းခေါင်စာရင်းအရ အသက် ၁၅ နှစ်နှင့်အထက် လူငယ်နှင့် သက်ကြီးပိုင်းအရွယ် စာမတတ်သူများအတွက် ဒုတိယအကြိမ် သင်ယူမှုအခွင့်အလမ်းဖန်တီးပေးသည့် ကျောင်းပြင်ပပညာရေးနည်းလမ်းဖြင့် အခြေခံစာတတ်မြောက်ရေးလုပ်ငန်းနှင့် စဉ်ဆက်ပညာရေးလုပ်ငန်း"တို့ကို ၂၀၂၃ ခုနှစ်အတွင်း ရှေ့ပြေးပြန်လည်ဆောင်ရွက်ခဲ့ပြီး၊ ၂၀၂၄ ခုနှစ် ဧပြီလမှစ၍ အဆိုပါဦးတည်အုပ်စုများအား အမျိုးသားရေးလှုပ်ရှားမှု အသွင်ပုံစံဖြင့် ဆောင်ရွက်နိုင်ရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ လမ်းညွှန်ချက်နှင့်အညီ "ကျေးလက်ဒေသနေ ပြည်သူများနှင့် တိုင်းရင်းသားပြည်သူများ စာတတ်မြောက်ရေးတို့အတွက်" ဆောင်ရွက်ခြင်းကို နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် လူဦးရေနှင့် သန်းခေါင်စာရင်းအရ စာမတတ်သူများဖြစ်သည့် အသက် ၁၅ နှစ်နှင့်အထက် လူငယ်နှင့် သက်ကြီးပိုင်းအရွယ်များကို ဦးတည်အုပ်စုအဖြစ် သတ်မှတ်၍ ဖေဖော်ဝါရီလမှစ၍ လုပ်ငန်းစီမံချက်တစ်ခုရေးဆွဲကာ အခြေခံစာတတ်မြောက်ရေးလုပ်ငန်း သင်ကြားပေးနိုင်ရေးအတွက် စာရင်းကောက်ယူခဲ့ရာ နေပြည်တော်၊ တိုင်းဒေသကြီးများနှင့် ပြည်နယ်များတွင် စာသင်သားပေါင်း ၇သောင်းခန့်ကို စာရင်းကောက်ယူရရှိခဲ့ပါသည်။ ကောက်ယူရရှိခဲ့သည့် စာသင်သားများကို သင်ကြားပေးမည့် စေတနာလုပ်အားပေးများအဖြစ် တက္ကသိုလ်၊ ကောလိပ်များနှင့် ပညာရေးဒီဂရီကောလိပ်များမှ ပညာရေးဝန်ထမ်းများနှင့် အခြေခံပညာမှ ဆရာ ဆရာမများ၊ လူမှုရေးအသင်းအဖွဲ့များမှ အခြေခံပညာအထက်တန်းအဆင့် သင်ယူဖူးသူ၊ တက္ကသိုလ် ဝင်တန်းအောင်များ၊ တက္ကသိုလ်/ကောလိပ် ကျောင်းသားကျောင်းသူများနှင့် ဘွဲ့ရရှိသူများ၏ အင်အားဖြင့် နည်းပြသင်တန်းသား သင်တန်းသူပေါင်း ၁၃၀၀ ခန့်က စာမတတ်သူ စာသင်သားများအား သင်ကြားပေးနိုင်ရန်အတွက် နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ကိုယ်စားပြု အဆင့်မြင့်ပညာ၊ ဆရာအတတ်ပညာနှင့် အခြေခံပညာတို့မှ ဗဟိုအဆင့် နည်းပြသင်တန်းသား သင်တန်းသူ ဆရာဆရာမ စုစုပေါင်း ၁၃၆ ဦးတို့ကို သတ်မှတ်လျာထား၍ နေပြည်တော် လယ်ဝေးမြို့နယ် သုခမလမ်းရှိ အားကစားလေ့ကျင့်ရေးစခန်းတွင် မတ်လ ၂၆ ရက်မှ မတ်လ ၂၈ ရက်အထိ သုံးရက်ကြာ ဗဟိုအဆင့် နည်းပြသင်တန်းကို ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများ တက်ရောက်ဖွင့်လှစ်ပေးခဲ့ပြီး အဆိုပါ ဗဟိုအဆင့် နည်းပြများက သက်ဆိုင်ရာဒေသများတွင် ဒေသအစိုးရအဖွဲ့များ၏ အနီးကပ်စီမံကြီးကြပ်မှုတို့ဖြင့် ဧပြီလ ပထမပတ်အတွင်း အခြေခံစာတတ်မြောက်ရေးလုပ်ငန်း နည်းပြသင်တန်းများကို နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဆင့်ပွားပို့ချပေးခဲ့ပါသည်။

ထိုကဲ့သို့ စာတတ်မြောက်ရေးလုပ်ငန်း ဆင့်ပွားသင်တန်းများကို နေပြည်တော်၊ တိုင်းဒေသကြီးများနှင့် ပြည်နယ်များမှ စေတနာလုပ်အားပေး နည်းပြ/ကြီးကြပ်များက တက်ရောက်ခဲ့ပြီး နောက်ပိုင်း၌ နေပြည်တော်အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ စာသင်ဝိုင်းများ၌ သင်ကြားမည့် စာသင်သားပေါင်း ခုနစ်သောင်းခန့်အား အခြေခံစာတတ်မြောက်ရေးလုပ်ငန်း သင်ကြားခြင်းကို ဧပြီလ ပထမပတ်မှစ၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၏ အစီအမံဖြင့် သင်ကြားပေးသွားနိုင်ခဲ့ပါသည်။ ယခုသင်ကြားခဲ့သည့် အခြေခံစာတတ်မြောက်ရေး လုပ်ငန်းတွင် ပုံမှန်သင်ကြားခြင်းများအပြင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၏ နည်းပညာဆိုင်ရာ ပံ့ပိုးမှုဖြင့် စာသင်သားများ၏ လက်ကိုင်ဖုန်းများအတွင်း အခြေခံစာတတ်မြောက်ရေးလုပ်ငန်း သင်ကြားခြင်းဆိုင်ရာ Mobile Application ကို စေတနာလုပ်အားပေး နည်းပြ/ကြီးကြပ်များက ထည့်သွင်းသင်ကြားပေးနိုင်ခြင်းဖြင့် စာသင်သားများအနေဖြင့် မည်သည့်ဒေသ၊ မည်သည့်နေရာကို ရောက်ရှိနေသည်ဖြစ်စေ နည်းပညာပိုင်းဆိုင်ရာကို အသုံးပြု၍ သင်ကြားနိုင်ခြင်းကိုပါ အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ခဲ့သည့်အတွက် မြန်မာနိုင်ငံ၏ စာတတ်မြောက်ရေးဆောင်ရွက်မှု လုပ်ငန်းစဉ်တွင် မှတ်တမ်းတင်နိုင်ခဲ့ပါသည်။ ဤသို့ ဆောင်ရွက်ပေးနိုင်ခဲ့မှုအတွက် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနအား ပညာရေးဝန်ကြီးဌာနကိုယ်စား စာရေးသူက အကြိမ်ကြိမ် ကျေးဇူးတင်နေမိပါသည်။

သတင်းများဖော်ပြချက်အရ စာရေးသူတင်ပြရလျှင် ၂၀၂၄ ခုနှစ် မေလ ၁၅ ရက်နေ့တွင် နေပြည်တော်ကောင်စီ ဇမ္ဗူသီရိခန်းမ၌ ကျင်းပသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော် အခြေခံစာတတ်မြောက်ရေးလုပ်ငန်း ဂုဏ်ပြုပွဲသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်များ၊ ပညာရေးဝန်ကြီးဌာနနှင့် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနတို့မှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ခြင်း၊ အဆိုပါနေ့၌ပင် ပဲခူးမြို့တော်ခန်းမ၌ ကျင်းပသည့် "ပဲခူးတိုင်းဒေသကြီး အခြေခံစာတတ်မြောက်ရေးလုပ်ငန်း ဂုဏ်ပြုပွဲ" သို့ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်များ၊ ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ပြီး ဂုဏ်ပြုခဲ့ကြပါသည်။ မေလ ၁၆ ရက် နံနက် ၉ နာရီတွင် မော်လမြိုင်မြို့ ပညာရေးဒီဂရီကောလိပ်တွင် ကျင်းပသည့် "မွန်ပြည်နယ် အခြေခံစာတတ်မြောက်ရေးလုပ်ငန်း ဂုဏ်ပြုပွဲ" သို့ ပြည်နယ်ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်များ၊ ပညာရေးဝန်ကြီးဌာနမှ ကျောင်းပြင်ပနှင့် တစ်သက်တာ ပညာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် (စာရေးသူ) တို့ တက်ရောက်ခဲ့ပြီး စာသင်သားများနှင့် နည်းပြ / ကြီးကြပ်များအား ဂုဏ်ပြုခဲ့ကြပါသည်။ ဂုဏ်ပြုပွဲတွင် စေတနာလုပ်အားပေး နည်းပြ/ကြီးကြပ်များအား မွန်ပြည်နယ်ဝန်ကြီးချုပ်က ဂုဏ်ပြုချီးမြှင့်ငွေများပါ တစ်ပါတည်း ပေးအပ်ခဲ့ပါသည်။ ထိုနေ့ မွန်းလွဲပိုင်း၌ပင် ဘားအံမြို့ ဇွဲကပင်ခန်းမ၌ ကျင်းပသည့် "ကရင်ပြည်နယ် အခြေခံစာတတ်မြောက်ရေးလုပ်ငန်း ဂုဏ်ပြုပွဲ"သို့ ပြည်နယ်ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်များနှင့်အတူ ပညာရေးဝန်ကြီးဌာနမှ စာရေးသူက ဆက်လက်တက်ရောက်ခဲ့ပြီး အလားတူ ဂုဏ်ပြုခဲ့ကြပါသည်။ ကရင်ပြည်နယ်ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်များက စာတတ်မြောက်ရေး လုပ်ငန်း စာသင်ဝိုင်းများသို့ သွားရောက်အားပေးပံ့ပိုးခဲ့သည့် Video Clip ကိုပါ ဂုဏ်ပြုပွဲတွင် ကြည့်ရှုခဲ့ရပါသည်။

**ထူးခြားသောနေ့အဖြစ်ဂုဏ်ယူမိ**

ဤသို့ မေလ ၁၆ ရက် နံနက်ပိုင်း မော်လမြိုင် ပညာရေးဒီဂရီကောလိပ်၌ ကျင်းပခဲ့သည့် "မွန်ပြည်နယ် အခြေခံစာတတ်မြောက်ရေးလုပ်ငန်း ဂုဏ်ပြုပွဲအခမ်းအနား" နှင့် ယင်းနေ့ မွန်းလွဲပိုင်း ဘားအံမြို့ ဇွဲကပင်ခန်းမ၌ကျင်းပသည့် "ကရင်ပြည်နယ် အခြေခံ စာတတ်မြောက်ရေးလုပ်ငန်း ဂုဏ်ပြုပွဲ" များသို့ တစ်ရက်တည်း ကျင်းပခဲ့သည့် ပြည်နယ်နှစ်ခုတွင် စာတတ်မြောက်ရေးအောင်ပွဲ တစ်နည်းအားဖြင့် အခြေခံစာတတ်မြောက်ရေး လုပ်ငန်း ဂုဏ်ပြုပွဲများသို့ တက်ရောက်ခဲ့ပြီး တာဝန်များ ထမ်းဆောင်နိုင်ခဲ့မှုသည် စာရေးသူ ညွှန်ကြားရေးမှူးချုပ်၏ တာဝန်ထမ်းဆောင်ခြင်း ကာလအတွင်း ထူးခြားသောနေ့အဖြစ် ဂုဏ်ယူမိပါသည်။ ထိုကဲ့သို့ နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် ပြည်နယ် နှစ်ခု၌ ကျင်းပနိုင်ရေး ညှိနှိုင်းစီစဉ်ပေးခဲ့သော ပြည်နယ် ဝန်ကြီးချုပ်များနှင့် သွားလာရေးအဆင်ပြေအောင် ဆောင်ရွက်ပေးပါသော ကရင်ပြည်နယ် ပညာရေးမှူးနှင့် မွန်ပြည်နယ် ပညာရေးမှူးတို့ကို ရင်ထဲက စိတ်ရင်းအမှန်ဖြင့် အထူးပင် ကျေးဇူးတင်နေမိပါသည်။

ထို့နောက် မေလ ၁၉ ရက်နေ့ မွန်းလွဲပိုင်းတွင် ပုသိမ်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည့် "ဧရာဝတီတိုင်းဒေသကြီး အခြေခံစာတတ်မြောက်ရေးလုပ်ငန်း ဂုဏ်ပြုပွဲ" သို့ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ အစိုးရအဖွဲ့ဝင်များနှင့်အတူ စာရေးသူ ဆက်လက်တက်ရောက်ခဲ့ပြီး ဂုဏ်ပြုပွဲအခမ်းအနားတွင် တိုင်းဒေသကြီးအတွင်း အခြေခံစာတတ်မြောက်ရေးလုပ်ငန်း စာသင်ဝိုင်းများသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်များ၊ တာဝန်ရှိသူများက သွားရောက်ပြီး ပံ့ပိုးကူညီမှုများ ပေးအပ်သည့် မှတ်တမ်း Video Clip ပြသရာ စာသင်သားများ၊ နည်းပြ/ကြီးကြပ်များ၏ ပြုံးပျော်နေမှုများက အခမ်းအနား တက်ရောက်သူများ၏ ရင်ထဲကို ထိမိစေခဲ့ပါသည်။ အလားတူ မေလ ၂၀ ရက်နေ့တွင် တောင်ကြီးမြို့ မြို့တော်ခန်းမ၌ကျင်းပသည့် "ရှမ်းပြည်နယ် အခြေခံစာတတ်မြောက်ရေးလုပ်ငန်း ဂုဏ်ပြုပွဲ" သို့ ပြည်နယ်ဝန်ကြီးချုပ်၊ အစိုးရအဖွဲ့ဝင်များနှင့်အတူ ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ပြီး စာသင်သားများ၊ စေတနာလုပ်အားပေး နည်းပြ/ ကြီးကြပ်များအား ဂုဏ်ပြုခဲ့ကြပါသည်။

အလားတူ အခြား "တိုင်းဒေသကြီးများနှင့် ပြည်နယ်များတွင်လည်း အခြေခံစာတတ်မြောက်ရေးလုပ်ငန်း ဂုဏ်ပြုပွဲ" များကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ် အစိုးရအဖွဲ့များ၏ အစီအမံဖြင့် ကျင်းပခဲ့ကြပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစိုးရလက်ထက် နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်မှုဖြင့် ဆောင်ရွက်ခဲ့သည့် ကျောင်းပြင်ပပညာရေးအတွက် အခြေခံစာတတ်မြောက်ရေးလုပ်ငန်းနှင့် စဉ်ဆက်ပညာရေးလုပ်ငန်း ဆောင်ရွက်ခဲ့မှုတို့ကို အောက်ပါဇယားဖြင့် စုစည်းဖော်ပြအပ်ပါသည်–

| စဉ် | နေပြည်တော် တိုင်းဒေသကြီး/ ပြည်နယ် | လုပ်ငန်းဆောင်ရွက်ခဲ့သည့် ကာလ | စာသင်ဝိုင်း | ကြီးကြပ်/ နည်းပြ ဦးရေ | သင်ယူသူ ဦးရေ |
|---|---|---|---|---|---|
| ၁ | ရှမ်းပြည်နယ်(တောင်ပိုင်း) (တောင်ကြီး၊ ကလော၊ ဟိုပုံး) မြို့များ | ၂၂၊ ၁၊ ၂၀၂၃ မှ ၂၊ ၃၊ ၂၀၂၃ | ၄၃ | ၉၅ | ၄၀၆ |
| ၂ | ရှမ်းပြည်နယ်အတွင်းရှိ အချုပ်ထောင်၊ အကျဉ်းထောင်(၅ )ခု | ၂၀၂၃ ခုနှစ် မတ်လမှ မေလထိ | ၁၁၉ | ၉၀ | ၁၁၈၈ |
| ၃ | ရှမ်းပြည်နယ်(အရှေ့ပိုင်း) (ကျိုင်းတုံ၊ မိုင်းခတ်၊ မိုင်းဖြတ်၊ မိုင်းယောင်း၊မိုင်းယု) မြို့များ | ၂၀၊ ၁၂၊ ၂၀၂၃ မှ ၂၈၊ ၁၊ ၂၀၂၄ | ၁၃၀ | ၂၇၃ | ၁၆၄၃ |
| | ဧရာဝတီတိုင်းဒေသကြီး (ပုသိမ်၊ ဟင်္သာတ၊ မအူပင်၊ မြောင်းမြ၊ ဖျာပုံ)မြို့များ | ၂၄၊ ၁၂၊ ၂၀၂၃ မှ ၁၊ ၂၊ ၂၀၂၄ | ၄၇၉ | ၁၀၀၇ | ၄၉၆၁ |
| | နေပြည်တော်ပြည်ထောင်စုနယ်မြေ (လယ်ဝေး၊ ဒက္ခိဏသီရိ၊ ပျဉ်းမနား၊ ဇမ္ဗူသီရိ၊ ဥတ္တရသီရိ၊ တပ်ကုန်း၊ ဇေယျာ သီရိ၊ ပုဗ္ဗသီရိ) မြို့များ | ၂၃၊ ၁၂၊ ၂၀၂၃ မှ ၃၁၊ ၁၊ ၂၀၂၄ | ၄၆ | ၁၀၇ | ၅၄၂ |
| ၄ | ရှမ်းပြည်နယ်(တောင်ပိုင်း) စဉ်ဆက်ပညာရေးလုပ်ငန်း (အသုံးလုံး သင်ကြားပြီးသည့် တောင်ကြီး၊ ကလော၊ ဟိုပုံး) မြို့များ | ၂၁၊ ၁၂၊ ၂၀၂၃ မှ ၁၉၊ ၃၊ ၂၀၂၄ | ၄၀ | ၉၈ | ၄၂၇ |
| ၅ | နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်များ (တစ်နိုင်ငံလုံး) | ၂၀၂၄ ခုနှစ်၊ ဧပြီလမှ မေလထိ | ၄၈၆၄ | ၆၂၆၈ | ၆၉၆၅၇ |
| စုစုပေါင်း စာသင်သား ဦးရေ = ၇၈၈၂၄ ဦး | | | | | |

*စာမျက်နှာ ၁၂ သို့*

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇွန် ၂၄**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့် ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂ (က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှ တစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ် ဇွန် ၂၃ ရက်တွင် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "ယမင်းသူ" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် ချမ်းအေးသာစံ(အရှေ့)ရပ်ကွက်နေ ယမင်းသူ(ခ)နိုနိုအား မွန်းလွဲ ၁ နာရီ ၅ မိနစ်တွင်လည်းကောင်း၊ "Hinn Wai" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ချမ်းမြသာစည်မြို့နယ် ကျွန်းလုံးဥဩျောင်ရပ်ကွက်နေ နှင်းဝေကျော်အား မွန်းလွဲ ၁ နာရီ ၁၀ မိနစ်တွင်လည်းကောင်း၊ "Min Aung Moe Rajar Kumar" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ အောင်မြေသာစံမြို့နယ် ပြည်ကြီးရန်လုံရပ်ကွက်နေ မင်းအောင်မိုး(ခ)ရာဂျာကူးမားအား ညနေ ၅ နာရီခွဲတွင်လည်းကောင်း၊ "Phyu Hnin Zar" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ချမ်းမြသာစည်မြို့နယ် ကန်သာယာရပ်ကွက်နေ ဖြူနှင်းဇာ(ခ)ဟာနီဖွာအား မွန်းလွဲ ၃ နာရီ မိနစ် ၅၀ တွင်လည်းကောင်း၊ "Credit New" Viber Group Member ဝင်များဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်နေ မေဖြိုးပိုင်နှင့် ကြည့်မြင်တိုင်မြို့နယ်နေ ယုမွန်ထက်တို့အား ညနေ ၅ နာရီ ၄၅ မိနစ်တွင်လည်းကောင်း၊ "သားချစ်တဲ့မေမေ" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ဖက်တဲကုန်းကျေးရွာနေ နေအောင်အား ည ၆ နာရီ မိနစ် ၂၀ တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

---

❑ *ကျော်ဖုံးမှ*

ဇွန် ၂၄ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်၊ တောင်ငူခရိုင်နှင့် သာယာဝတီခရိုင်တို့အတွင်း၌ တရားမဝင် ကျွန်းသစ် ၅ ဒသမ ၄၅၃ တန်၊ အခြားသစ် ၁ ဒသမ ၆၈၈ တန် စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၁၅၉၆၀၃)ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ဇွန် ၂၄ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့ ကောင်းမှုတော်လမ်းဆုံအနီး၌ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် LifePo4-280 Ah Battery ၈၉ ပုံး၊ သံပုံစံခွက်လေးခုပါ ၃၄၅ ဖာ အပါအဝင် ကုန်ပစ္စည်း ၅၅ မျိုး စုစုပေါင်း (ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၄၇၆၅၈၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဇွန် ၂၃ ရက်နှင့် ၂၄ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ခြောက်မှု (ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၅၈၁၇၆၀၃) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

---

❍ *ကျော်ဖုံးမှ*

အိမ်ရှင် ဂျာမနီအသင်းက ဆွစ်ဇာလန်အသင်းနှင့် ဖရန့်ဖတ်မြို့ရှိ ဖရန့်ဖတ်အရီနာကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ပြီး ပွဲချိန်ပြည့်ခါနီးတွင် ရရှိခဲ့သော ဖူးလ်ခရက်ဂ်၏ နောက်ကျသွင်းဂိုးကြောင့် တစ်ဖက် တစ်ဂိုးစီ သရေကျခဲ့သည်။ သို့သော်လည်း ဂျာမနီအသင်းသည် အုပ်စုပွဲစဉ် ပြီးဆုံးချိန်တွင် ရမှတ် ၇ မှတ်နှင့်အတူ အုပ်စုပထမဖြင့် နောက်တစ်ဆင့် တက်လှမ်းနိုင်ခဲ့သည်။

ပြိုင်ဘက်ဆွစ်ဇာလန်အသင်းသည် ယခုပွဲစဉ်တွင် ဂျာမနီအသင်းကို သရေကျခဲ့သော်လည်း သုံးပွဲကစားပြီး ရမှတ် ၅ မှတ်နှင့်အတူ အုပ်စုဒုတိယဖြင့် နောက်တစ်ဆင့် တက်လှမ်းနိုင်ခဲ့သည်။

ဖူးလ်ခရက်ဂ်၏ သွင်းဂိုးသည် ဂျာမနီအသင်းအတွက် ၁၉ ပွဲတွင် ၁၃ ဂိုးမြောက်ကို သွင်းယူနိုင်ခဲ့ခြင်း ဖြစ်သည်။ ပွဲချိန် ၁၇ မိနစ်တွင် ဂျာမနီအသင်းမှ အန်းဒရစ်ဂိုး သွင်းယူနိုင်ခဲ့သော်လည်း ဗွီအေအာရ် ပြန်လည်ကြည့်ရှု စစ်ဆေးပြီးနောက် ပယ်ဖျက်ခဲ့သည်။ ဆွစ်ဇာလန်အသင်းအတွက် သွင်းဂိုးကို ပွဲချိန် ၂၈ မိနစ်တွင် ရရှိခဲ့ပြီး အင်ဒိုရီက သွင်းယူပေးခဲ့သည်။

အုပ်စု (က) နောက်ဆုံးပွဲစဉ်မှ အခြားသော ပွဲစဉ်တွင် ဟန်ဂေရီအသင်းက စကော့တလန်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် နိုင်ပွဲရရှိပြီး အကောင်းဆုံးအုပ်စု တတိယရရှိရန် အခွင့်အရေးကောင်း ပိုင်ဆိုင်ခဲ့သည်။ ဟန်ဂေရီ အသင်းအတွက် သွင်းဂိုးကို ပွဲချိန်ပြည့်ခါနီးတွင် ခဆိုဘို့သ်က သွင်းယူပေးနိုင်ခဲ့သည်။

**အောင်ဇော်**

---

*စာမျက်နှာ ၁၁ မှ*

> ❋ ကျေးလက်ဒေသနေပြည်သူများနှင့် တိုင်းရင်းသားပြည်သူများ စာတတ်မြောက်ရေးအတွက် ဆောင်ရွက်ရမည့် ကဏ္ဍများဖြစ်သည့် အခြေခံစာတတ်မြောက်ရေးလုပ်ငန်းနှင့် စဉ်ဆက်ပညာရေးလုပ်ငန်းများကို နှစ်အလိုက်စီမံကိန်းများ ရေးဆွဲချမှတ်ဆောင်ရွက်သွားမှသာ နှစ်အလိုက် စာမတတ်သူဦးရေများ လျှော့ချလာနိုင်
>
> ❋ ကျေးလက်နေပြည်သူများ အလုပ်အကိုင်များရရှိပြီး ဝင်ငွေတိုးပွားခြင်း၊ ဘဝရပ်တည်မှု ပိုမိုကောင်းမွန်လာခြင်းတို့နှင့်အတူ ဒေသတည်ငြိမ်အေးချမ်းမှုကို ယခုထက် ပိုမိုဆောင်ရွက်သွားနိုင်မည်

အထက်ပါ ကျောင်းပြင်ပပညာရေးကဏ္ဍများဖြစ်သည့် အခြေခံစာတတ်မြောက်ရေးလုပ်ငန်းနှင့် စဉ်ဆက်ပညာရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် စာသင်သားပေါင်း ၇၈၈၂၄ ဦးခန့် စာတတ်မြောက်လာခဲ့သဖြင့် လာမည့် ၂၀၂၄ ခုနှစ် အောက်တိုဘာလတွင် ကောက်ယူမည့် နိုင်ငံတော်၏ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းတွင် ၂၀၁၉ ခုနှစ် သန်းခေါင်စာရင်း၌ ဖော်ပြထားသည့် အသက် ၁၅ နှစ်နှင့်အထက် လူငယ်နှင့် သက်ကြီး စာမတတ်သူပေါင်း ၄ ဒသမ ၁ သန်းဆိုသည့် ကိန်းဂဏန်းအား အထိုက်အလျောက်လျှော့ချသွားနိုင်မည်ဟု စာရေးသူအနေဖြင့် ယုံကြည်မိပါသည်။

အချုပ်အားဖြင့် တင်ပြရသော် ပညာရေးဝန်ကြီးဌာနသည် ဆက်စပ်ဝန်ကြီးဌာနများ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များနှင့်ပူးပေါင်း၍ "အကြောင်းအမျိုးမျိုးကြောင့် ကျောင်းသင်ပညာရေးတွင် မသင်ကြားခဲ့ရသည့် ကျောင်းနေအရွယ်လွန် ကလေးများ၊ ကျောင်းမနေခဲ့ရသည့် ကလေးများနှင့် ကျောင်းပြင်ပရောက် ကလေးများအတွက် ကျောင်းပြင်ပပညာရေးနည်းလမ်းများမှ တန်းညှိပညာရေး အစီအစဉ်ဖြစ်သော ကျောင်းပြင်ပမူလတန်းပညာရေးနှင့် ကျောင်းပြင်ပအလယ်တန်းပညာရေး အစီအစဉ်များကို တိုးချဲ့ဆောင်ရွက်သွားနိုင်ရေး" ကိုလည်းကောင်း၊ ဦးတည်အုပ်စုအနေဖြင့် "အသက် ၁၅ နှစ်နှင့်အထက် လူငယ်နှင့် သက်ကြီးပိုင်းအရွယ် လူဦးရေနှင့်သန်းခေါင်စာရင်းအရစာမတတ်သူများ၊ ကျောင်းမနေခဲ့ရသူများနှင့် မူလတန်းအဆင့်ဖြင့် ကျောင်းစောထွက်ခဲ့ရသူများအား သင်ကြားပေးမည့် အခြေခံစာတတ်မြောက်ရေးလုပ်ငန်းနှင့် စဉ်ဆက်ပညာရေး လုပ်ငန်းသင်ကြားခြင်းများ" ကိုလည်းကောင်း တိုးချဲ့ဆောင်ရွက်သွားနိုင်ရေးအတွက် ဆက်လက်လုပ်ဆောင်လျက်ရှိနေပါသည်။

သို့မှသာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ လမ်းညွှန်ချက်များနှင့်အညီ ကျေးလက်ဒေသနေ ပြည်သူများနှင့် တိုင်းရင်းသားပြည်သူများ စာတတ်မြောက်ရေးအတွက် ဆောင်ရွက်ရမည့် ကဏ္ဍများဖြစ်သည့် အခြေခံစာတတ်မြောက်ရေးလုပ်ငန်းနှင့် စဉ်ဆက်ပညာရေးလုပ်ငန်းများကို နှစ်အလိုက် စီမံကိန်းများ ရေးဆွဲချမှတ်ဆောင်ရွက်သွားမှသာ နှစ်အလိုက် စာမတတ်သူဦးရေများ လျှော့ချလာနိုင်ခြင်း၊ အဆိုပါ လူ့အဖွဲ့အစည်းအတွင်း အကြောင်းအကျိုး၊ အကောင်းအဆိုးတို့ကို ဝေဖန်ပိုင်းခြား သိမြင်စွမ်းရှိပြီးကာလ စာတတ်မြောက်ရေး သင်ကြားပေးပြီးနောက်ပိုင်း စာဖတ်ရှိန်မြှင့်တင်ပေးခြင်း၊ ဝင်ငွေတိုးပွားရေး ချိတ်ဆက်ဆောင်ရွက်ပေးခြင်းနှင့် ဘဝသာယာရေး အစီအစဉ်များ ပညာပေးခြင်းစသည့် အစီအစဉ်သုံးခုတို့ဖြင့် ကျေးလက်ဒေသနေ ပြည်သူများနှင့် တိုင်းရင်းသားပြည်သူများ စာတတ်ပြီး ဝင်ငွေများ တိုးပွားလာရေး၊ အလုပ်အကိုင်များ ဖန်တီးချိတ်ပေးနိုင်မည့် စဉ်ဆက်ပညာရေးလုပ်ငန်းတို့ကို ဆက်လက်ဆောင်ရွက်ပေးခြင်းဖြင့် ကျေးလက်နေပြည်သူများ အလုပ်အကိုင်များရရှိပြီး ဝင်ငွေတိုးပွားခြင်း၊ ဘဝရပ်တည်မှု ပိုမိုကောင်းမွန်လာခြင်းတို့နှင့်အတူ ဒေသတည်ငြိမ်အေးချမ်းမှုကို ယခုထက် ပိုမိုဆောင်ရွက်သွားနိုင်မည် ဖြစ်ပါသည်။

စာရေးသူ နိဂုံးချုပ် တင်ပြလိုသည်မှာ ဆောင်ရွက်ပြီးခဲ့သည့် အခြေခံစာတတ်မြောက်ရေးလုပ်ငန်းနှင့် စဉ်ဆက်ပညာရေးလုပ်ငန်းတို့ကို ပညာရေးဝန်ကြီးဌာနနှင့်အတူ ပူးပေါင်းဆောင်ရွက်ခဲ့သည့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့များနှင့် ပြည်နယ်အစိုးရအဖွဲ့များ၊ ဒေသအသီးသီးမှ တာဝန်ရှိသူများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့သူများအားလုံးကို ပညာရေးဝန်ကြီးဌာနက အထူးပင် ကျေးဇူးတင်ရှိပါကြောင်း ရေးသားတင်ပြရင်း တေးရေး ဒေါ်ခင်မေကြီး၊ ကျောင်းအုပ်ကြီး(ငြိမ်း) အထက(၂) စမ်းချောင်းရေးသားခဲ့သည့် **"စေတနာပန်းတို့ လန်းရာမြေ"** စာတတ်မြောက်ရေး တေးသီချင်းတွင်ပါရှိသော **"တစ်အိမ်သားလုံး စာတတ်ဖို့ တစ်ရပ်လုံး ဝိုင်းကူနေ၊ ပြည်လုံးကျွတ် စာတတ်ဖို့ ဝိုင်းဝန်းကြစို့လေ၊ ဒို့တိုင်းရင်းသား တစ်ရပ်လုံးရဲ့ စာဖတ်တဲ့အသံတွေ၊ ပြည်လုံးကျွတ် စာတတ်ဖို့ ဝိုင်းဝန်းကြစို့လေ၊ နိုင်ငံတော်ရဲ့ စေတနာပန်းတွေ"**ဟု သီဆိုဖော်ပြရင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအစိုးရလက်ထက် စာမတတ်သူဦးရေ လျှော့ချရေးအတွက် ဆောင်ရွက်ခဲ့သည့် ကျေးလက်ဒေသနေ ပြည်သူများနှင့် တိုင်းရင်းသားပြည်သူများ စာတတ်မြောက်ရေးအတွက် အခြေခံစာတတ်မြောက်ရေးလုပ်ငန်းနှင့် စဉ်ဆက်ပညာရေးလုပ်ငန်း ဆောင်ရွက်ချက်များကို ရေးသားတင်ပြလိုက်ရပါသည်။ ။

# တောင်ကိုရီးယား ဘက်ထရီစက်ရုံမီးလောင်မှု ၂၂ ဦးသေဆုံး

**ဆိုးလ် ဇွန် ၂၄**

တောင်ကိုရီးယားနိုင်ငံ ဘက်ထရီစက်ရုံ မီးလောင်မှုကြောင့် ၂၂ ဦး သေဆုံးခဲ့ပြီး ရှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း သက်ဆိုင်ရာအာဏာပိုင်များက ဇွန် ၂၄ ရက်က ပြောကြားခဲ့သည်။

တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့ တောင်ဘက် ၄၅ ကီလိုမီတာအကွာရှိ ဟွာဆောင်းဒေသ၌ ဇွန် ၂၄ ရက် ဒေသစံတော်ချိန် ၁၀ နာရီခွဲဝန်းကျင်တွင် ဘက်ထရီစက်ရုံ မီးလောင်မှုဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။

အဆိုပါ မီးလောင်မှုတွင် တရုတ်လူမျိုး တစ်ဒါဇင်ကျော် သေဆုံးခဲ့ကြောင်းနှင့် သေဆုံးသူအရေအတွက် အသေးစိတ်ကို မဖော်ပြနိုင်သေးကြောင်း တောင်ကိုရီးယားနိုင်ငံရှိ တရုတ်သံရုံးက ပြောကြားခဲ့သည်။



တောင်ကိုရီးယားနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး ရှင်းဟိုင်မင်းက မီးလောင်မှုဖြစ်ပွားခဲ့သည့် ချုံဂီပြည်နယ် အုပ်ချုပ်ရေးမှူးထံ ဆက်သွယ်ခဲ့ပြီး တရုတ်လူမျိုးများကို တတ်နိုင်သလောက် ကယ်ဆယ်ကုသမှုများလုပ်ဆောင်ရန် တိုက်တွန်းပြောကြားခဲ့သည်။

သေဆုံးသူများအနက် ၂၀ မှာ နိုင်ငံခြားသားများ ဖြစ်ကြောင်း မီးသတ်အရာရှိက ပြောကြားခဲ့သည်။ နှစ်ဦးမှာ ပြင်းထန်စွာ ဒဏ်ရာရရှိခဲ့ပြီး အခြားခြောက်ဦးမှာ ဒဏ်ရာအနည်းငယ် ရရှိခဲ့ကြောင်း၊ အခြားတစ်ဦးမှာ မည်သည့်အတွက် သေဆုံးခဲ့သည်ကို မသိရသေးကြောင်း မီးသတ်အရာရှိက ဆက်လက်ပြောကြားခဲ့သည်။ မီးလောင်မှုဖြစ်ပွားရာသို့ တောင်ကိုရီးယားသမ္မတ ယွန်ဆော့ယို သွားရောက်ခဲ့ပြီး သေဆုံးသူများနှင့် ကျန်ရစ်သူမိသားစုများကို ဝမ်းနည်းကြောင်း ပြောကြားခဲ့သည်ဟု သမ္မတရုံးက ဖော်ပြခဲ့သည်။

ဆင်ဟွာ



# ဟားမားစ် အကြီးတန်း လက်နက်ကျွမ်းကျင်သူကို အစ္စရေးတပ်မတော် ရှင်းလင်း

**ဂျေရုဆလင် ဇွန် ၂၄**

ဂါဇာကမ်းမြောင်ဒေသရှိ ဟားမားစ်လက်နက်ကျွမ်းကျင်သူတစ်ဦးကို သုတ်သင်ရှင်းလင်းခဲ့ပြီး ရာဖာမြို့ကို ဆက်လက်ထိုးစစ်ဆင်နေကြောင်း အစ္စရေးတပ်မတော်က ဇွန် ၂၄ ရက်တွင် ပြောကြားသည်။

ဟားမားစ်လက်နက်ထုတ်လုပ်ရေးဌာနချုပ်ရှိ စီမံကိန်းနှင့် ဖွံ့ဖြိုးရေးတာဝန်ခံ မိုဟာမက်ဆာလာကို လေကြောင်းတိုက်ခိုက်မှုအတွင်း ရှင်းလင်းခဲ့ကြောင်း၊ ဆာလာသည် ဗျူဟာမြောက်လက်နက် ထုတ်လုပ်ရေးစီမံကိန်းတစ်ခု၏ တစ်စိတ်တစ်ပိုင်းဖြစ်ပြီး လက်နက်ထုတ်လုပ်ရေး လုပ်ဆောင်နေသည့် တပ်အများအပြားကို ကြီးကြပ်ကွပ်ကဲသူဖြစ်ကြောင်း အစ္စရေးတပ်မတော်က ပြောကြားသည်။ အစ္စရေးတပ်ဖွဲ့များသည် ရာဖာဒေသတွင် ထောက်လှမ်းရေးအခြေပြုပစ်မှတ်ထားသော စစ်ဆင်ရေးများကို ဆက်လက်လုပ်ဆောင်နေပြီး ဂါဇာအလယ်ပိုင်းတွင်လည်း စစ်ဆင်ရေးများ ဆက်လက်လုပ်ဆောင်နေကြောင်း သိရသည်။

ဆင်ဟွာ

# ဆော်ဒီအာရေဗျနိုင်ငံ၌ အပူချိန်လွန်ကဲမှုကြောင့် လူပေါင်း ၁၃၀၀ ကျော် သေဆုံးမှုဖြစ်ပွား

**ရီယာ့ဒ် ဇွန် ၂၄**

ဆော်ဒီအာရေဗျနိုင်ငံ၌ နှစ်စဉ်ပြုလုပ်သည့် ဟာ့ဂျ်ဘုရားဖူးကာလအတွင်း အပူချိန်လွန်ကဲမှုကြောင့် လူပေါင်း ၁၃၀၀ ကျော် သေဆုံးမှု ဖြစ်ပွားကြောင်း ဆော်ဒီအာရေဗျ ကျန်းမာရေးဝန်ကြီးက ပြောသည်။




ဆော်ဒီအာရေဗျ နိုင်ငံအနောက်ပိုင်း မက္ကာမြို့ရှိ အထွတ်အမြတ်ထားရာ နေရာများဆီသို့ ကမ္ဘာတစ်ဝန်းမှ မွတ်စလင်များ နှစ်စဉ်လာရောက်ကြပြီး မက္ကာမြို့နှင့် အနီးဝန်းကျင်ဒေသများကို နေ့ရော ညပါ ရက်အတန်ကြာ လမ်းလျှောက်ကြသည်ဟု ဆိုသည်။

အပူချိန်မှာ ၅၀ ဒီဂရီဆဲလ်စီးယပ်အထက် မြင့်တက်နေသော်လည်း ယခုနှစ် ဇွန် ၁၄ ရက်မှ နောက်ဆုံးသီတင်းပတ်ဗုဒ္ဓဟူးနေ့အထိ ပြုလုပ်သော ဟာ့ဂျ်ကာလအတွင်း လူပေါင်း ၁ ဒသမ ၈ သန်း ပါဝင်ဆင်နွှဲခဲ့ကြကြောင်း သိရသည်။

ဆော်ဒီ ကျန်းမာရေးဝန်ကြီး ဖာဟတ်အယ်လ်ဂျလာဂျယ်က တနင်္ဂနွေနေ့က ဒေသတွင်း ရုပ်မြင်သံကြား၏ တယ်လီဖုန်းမှတစ်ဆင့် မေးမြန်းမှုတွင် အပူလျှပ်မှုနှင့် အခြားသောအကြောင်းရင်းများကြောင့် လူပေါင်း ၁၃၀၁ ဦး သေဆုံးကြောင်း ပြောသည်။

ထို့ပြင် သေဆုံးသူ ၈၀ ရာခိုင်နှုန်းကျော်မှာ ဟာ့ဂျ်ကာလအတွင်း ပါဝင်ဆင်နွှဲရန် လိုအပ်သောဗီဇာကို ရယူထားခြင်း မရှိကြောင်းလည်း ၎င်းက ဆက်ပြောသည်။

တည်းခို နေထိုင်ရေးနှင့် သယ်ယူပို့ဆောင်ရေး ဝန်ဆောင်မှုများကို သင့်လျော်စွာ အသုံးမပြုနိုင်မှုက ဝတ်ပြုသူများ သေဆုံးရခြင်း ဖြစ်နိုင်ကြောင်း ဆော်ဒီ ကျန်းမာရေးဝန်ကြီး အယ်လ်ဂျလာဂျယ်က ပြောသည်။

အင်န်အိတ်ချ်ကေ

# အိန္ဒိယနိုင်ငံ၌ အဆိပ်သင့်အရက် သောက်သုံးမှုကြောင့် သေဆုံးသူ ၅၈ ဦးအထိရှိလာ

**နယူးဒေလီ ဇွန် ၂၄**

အိန္ဒိယနိုင်ငံတောင်ပိုင်း တမီလ်နာဒူးပြည်နယ်၌ မသန့်ရှင်းသော တရားမဝင် အရက်ပုန်းသောက်သုံးမှုကြောင့် သေဆုံးသူ ၅၈ ဦးအထိ တိုးလာခဲ့ကြောင်း တာဝန်ရှိသူများက ဇွန် ၂၄ ရက်တွင် ပြောကြားသည်။

တမီလ်နာဒူးပြည်နယ် မြို့တော်ချန်နိုင်း၏ အနောက်တောင်ဘက် ၂၄၄ ကီလိုမီတာခန့်အကွာရှိ ကယ်လာကူရီချီမြို့၌ မီသနောပါဝင်သော တရားမဝင်အရက် သောက်သုံးမှုကြောင့် ဇွန် ၂၃ ရက်ညတွင် လူနှစ်ဦး ထပ်မံသေဆုံးခဲ့သဖြင့် စုစုပေါင်း သေဆုံးသူ ၅၈ ဦးအထိရှိလာခဲ့ကြောင်း ခရိုင်အုပ်ချုပ်ရေးမှူးရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ အရက်သောက်ပြီးနောက် အမြင်မှုန်ဝါးခြင်း၊ ဝမ်းဗိုက်ပြင်းထန်စွာ နာကျင်ခြင်း၊ ပျို့အန်ခြင်းတို့ကို ခံစားခဲ့ကြရသည်ဟုဆိုသည်။ အမျိုးသမီး ငါးဦးအပါအဝင် စုစုပေါင်း လူ ၁၅၅ ဦးသည် ဆေးရုံအသီးသီးတွင် ဆေးကုသမှုခံယူခဲ့ရသည်။ လက်ရှိတွင် လူနာ ၁၀၀ ကျော်သည် ကယ်လာကူရီချီ အစိုးရဆေးဘက်ဆိုင်ရာကောလိပ်နှင့် ဆေးရုံ၌ ကုသမှုခံယူလျက်ရှိသည်။ ၎င်းတို့အနက် အမျိုးသမီး နှစ်ဦးအပါအဝင် ခုနစ်ဦးကို ဆေးရုံက ဆင်းခွင့်ပြုထားပြီဖြစ်သည်။ အဆိုပါကိစ္စနှင့် ပတ်သက်၍ ရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေးမှုများ လုပ်ဆောင်နေပြီး လူခုနစ်ဦးကို ဖမ်းဆီးထားသည်။

ဆင်ဟွာ

# ဂျပန်နိုင်ငံ၏ ၂၀၃၀ ပြည့်နှစ်တွင် အစားအစာလေလွင့်ဆုံးရှုံးမှု အဆုံးသတ်ရေးရည်မှန်းချက် ကပ်ရောဂါကြောင့် အကူအညီဖြစ်

တိုကျို ဇွန် ၂၄

**၂၀၃၀ ဘဏ္ဍာနှစ်တွင် ဂျပန်နိုင်ငံ၏ စားနပ်ရိက္ခာဆုံးရှုံးမှုနှင့် စွန့်ပစ်မှုများကို ထက်ဝက်လျှော့ချရေး ရည်မှန်းချက်ကို ကျော်ဖြတ်နိုင်ခဲ့ပြီဖြစ်ကြောင်း အစိုးရထုတ်ပြန်သည့် ကိန်းဂဏန်းများက ဖော်ပြသည်။ ထိုသို့ ကျဆင်းမှုသည် ကပ်ရောဂါကာလအတွင်း စားသောက်ဆိုင်သို့ လာရောက်စားသောက်မှု ကျဆင်းခြင်းနှင့် ထုပ်ပိုးထားသည့် အစားအစာများ၏ သက်တမ်းကုန်ရက်စွဲများ ပြောင်းလဲလာခြင်းတို့ကြောင့် ဖြစ်သည်။**

၂၀၀၀ ပြည့်နှစ်က ဂျပန်နိုင်ငံ၏ စားနပ်ရိက္ခာဆုံးရှုံးမှုနှင့် စွန့်ပစ်ပစ္စည်း တန်ချိန် ၉ ဒသမ ၈ သန်းသို့ ရောက်ရှိပြီးနောက် အစိုးရက အဆိုပါပမာဏကို ထက်ဝက်လျှော့ချရန် ရည်ရွယ်ဆောင်ရွက်ခဲ့သည်။ ၂၀၂၂ ခုနှစ်တွင် နောက်ဆုံးရရှိသည့် အချက်အလက်များအရ စွန့်ပစ်အစားအစာပမာဏသည် တန်ချိန် ၄ ဒသမ ၇ သန်းအထိ လျော့ကျသွားခဲ့ပြီဖြစ်သည်။

စီးပွားရေးလုပ်ငန်းများတွင် အစားအသောက်စွန့်ပစ်မှုမှာ အများအပြားလျော့ကျသွားသည်ကို တွေ့ခဲ့ရပြီး အိမ်ထောင်စုများမှ စွန့်ပစ်သည့် အစားအစာများလည်း အတိုင်းအတာတစ်ခုအထိ ကျဆင်းသွားခဲ့သည်။ စွန့်ပစ်ပစ္စည်းများ ကျဆင်းလာခြင်းသည် ကပ်ရောဂါကြောင့် အပြင်ထွက်စားသောက်မှု ကျဆင်းလာခြင်းကြောင့်ဖြစ်ပြီး ယင်းသည်ပါဝင်ပစ္စည်းဈေးနှုန်းများ မြင့်တက်လာချိန် ထုတ်လုပ်မှုလွန်ကဲခြင်းကိုလည်း ဟန့်တားပေးရာရောက်ခဲ့သည်။

တစ်ချိန်တည်းတွင် အစားအစာ ထုတ်လုပ်သူများက ပိုမိုကောင်းမွန်သော ထုပ်ပိုးမှုများမှတစ်ဆင့် သက်တမ်းကုန်ဆုံးရက်များကို ပိုမိုသက်တမ်းတိုး ထုတ်လုပ်လာနိုင်ခဲ့သည်။ **အင်န်အိတ်ချ်ကေ**



# ကချင်ပြည်နယ် မြေပဲစိုက်ပျိုးထုတ်လုပ်မှု တစ်ဧက ၅၅ တင်းကျော်ထွက်ရှိ



ကချင်ပြည်နယ် မြစ်ကြီးနား၊ ဗန်းမော်၊ မိုးညှင်း၊ တနိုင်းနှင့် ပူတာအိုခရိုင်များတွင် ဆီထွက်သီးနှံတစ်မျိုးဖြစ်သော မြေပဲကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်၌ ၃၃၃၈၇ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန၏ စာရင်းအရ သိရသည်။ မြေပဲစိုက်ပျိုးရာတွင် မိုးမြေပဲနှင့် ဆောင်းမြေပဲဟူ၍ နှစ်မျိုး စိုက်ပျိုးကြကြောင်း၊ ဆောင်းမြေပဲကို စပါးရိတ်သိမ်းပြီး လယ်မြေနှင့် ယာခင်းများ၌ အဓိကစိုက်ပျိုးကြပြီး မျိုးအနေဖြင့် အထွက်နှုန်းကောင်းမွန်သော ဆင်းပဒေသာ-၇ နှင့် မကွေး - ၁၁ မျိုးများကို စိုက်ပျိုးကြကြောင်း သိရသည်။

တစ်ဧက စိုက်ပျိုးထုတ်လုပ်မှုအတွက် မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် စုစုပေါင်း ငွေကျပ် ၉၇၀၀၀၀ ခန့် ကုန်ကျကြောင်း၊ ဆောင်းမြေပဲကို ဧပြီလကုန်နှင့် မေလများတွင် ရိတ်သိမ်းလေ့ရှိပြီး တစ်ဧကလျှင် မြေပဲတောင့် ၅၅ ဒသမ ၉၂ တင်း ထွက်ရှိကြောင်း၊ ဆီကြိတ်ခွဲထုတ်လုပ်ရာ၌ မြေပဲအတောင့်ငါးတင်းလျှင် မြေပဲဆီ ၁၀ ပိဿာနှင့် မြေပဲဖတ် ရှစ်ပိဿာရရှိ၍ မြေပဲဖတ် တစ်ပိဿာလျှင် ငွေကျပ် ၃၀၀၀-၃၅၀၀ ဖြင့် ဒေသတွင်းနှင့် မန္တလေး၊ ရွှေဘိုမြို့များသို့ တိရစ္ဆာန်အစာအဖြစ် ရောင်းချလျက်ရှိကြောင်း၊ ယခင်က မြေပဲတောင့်များကို ကြိတ်ခွဲ၍ မြေပဲဆန်အဖြစ် မန္တလေးသို့ တင်ပို့ရောင်းချမှုများ ရှိသော်လည်း ယခုနှစ်တွင် ဒေသတွင်း စားသုံးဆီဖူလုံရေးအတွက် ဆီကြိတ်ခွဲ၍ ဒေသတွင်း၌ ဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း သိရသည်။

**DOCA (ကချင်)**

# မိုးညှင်းဒေသထွက် ပဲပုပ်သီးနှံဈေးကွက်

ကချင်ပြည်နယ် မိုးညှင်းခရိုင်တွင် ဈေးကွက်ရရှိထားပြီးဖြစ်သော ပဲပုပ်သီးနှံကို မိုးစပါးစိုက်ပျိုးရိတ်သိမ်းပြီးနောက် သီးထပ်သီးညှပ်အဖြစ် အောက်တိုဘာလနှင့် နိုဝင်ဘာလတို့တွင် စိုက်ပျိုးကြပြီး ဧပြီလနှင့် မေလတွင် ရိတ်သိမ်းကြကြောင်း၊ မိုးညှင်းခရိုင်အတွင်း ၂၀၂၃ -၂၀၂၄ ဘဏ္ဍာနှစ်တွင် ပဲပုပ် ၁၃၆၈၉ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး အဓိကစိုက်ပျိုးသော ပဲပုပ်မျိုးများမှာ ရေဆင်း-၁၄၊ ရေဆင်း-၁၅ မျိုးများဖြစ်ကြောင်း၊ အထွက်နှုန်းအနေဖြင့် ၂၆၀၀၉၁ တင်းထွက်ရှိခဲ့ပြီး ပဲပုပ်စိုက်ဧကများ နှစ်စဉ်တိုးချဲ့စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။



ဈေးကွက်အနေဖြင့် ဒေသတွင်း၌ ပဲငပိ၊ ပဲငပိခြောက်ပြား၊ ဆီတိုဟူး၊ တိုဟူးဖြူ(ပဲပြား)စသည့် စားသောက်ဖွယ်ရာများ ထုတ်လုပ်ဖြန့်ဖြူး ရောင်းချမှုများရှိသကဲ့သို့ ပဲပုပ်ဆီနှင့် ပဲပုပ်ဖတ်များကိုလည်း ရောင်းချလျက်ရှိကြောင်း၊ ပဲပုပ်ကို ရွှေဘို၊ မန္တလေးနှင့် ရန်ကုန်မြို့များသို့ တင်ပို့ရောင်းချပြီး မျိုးအတွက် ဒေသတွင်း၌သာ ရောင်းချလျက်ရှိကြောင်း၊ မိုးညှင်းပဲပုပ်သည် ဈေးကွက်ရရှိပြီး သီးနှံဖြစ်သည်နှင့်အညီ ဈေးကွက်ခိုင်မာမှုရှိစေရေးအတွက် မိုးမြင့်ကြယ်ပဲပုပ်အသင်းနှင့် မိုးညှင်းစိုက်ပျိုးရေးသုတေသနခြံတို့ ပူးပေါင်း၍ မျိုးကောင်းမျိုးသန့်ရရှိရေး၊ အထွက်နှုန်းနှင့်အရည်အသွေးကောင်းမွန်စေရေးတို့အတွက် နည်းပညာပေးခြင်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိကြောင်း၊ ပဲပုပ်သီးနှံသည် အကျိုးအမြတ်ရရှိသော သီးနှံဖြစ်သည့်အတွက် စိုက်ဧကများ နှစ်စဉ်တိုးချဲ့စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

**DOCA (ကချင်)**

# ဆိပ်ဖြူကြက်သွန်နီများ အရောင်းအဝယ်ကောင်းပြီး ပြည်ပနိုင်ငံများသို့ တင်ပို့လျက်ရှိ

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ဆိပ်ဖြူဈေးကွက်သို့ ဒေသတွင်းကြက်သွန်နီစိုက်ပျိုးမှုများသော ဆိပ်ဖြူမြို့ရွာသစ် အနောက်ပိုင်းရပ်ကွက်၊ ကပိုင်ရွာ၊ ကံတွင်းကျေးရွာများနှင့် စလင်း၊ ပွင့်ဖြူမြို့များမှ ထွက်ရှိသော ကြက်သွန်နီများမှာ တစ်ရက်လျှင် ကုန်ချိန်ပိဿာ ၁၅၀၀၀ ခန့်ဝင်ရောက်၍ အရောင်းအဝယ်ကောင်းလျက်ရှိပြီး လက်ရှိအချိန်တွင် ကြက်သွန်နီများ ပြည်ပဝယ်လိုအား လိုက်လျက်ရှိကြောင်း သိရသည်။

ဈေးကွက်အနေဖြင့် ရန်ကုန်ဘုရင့်နောင်ပွဲရုံ၊ မြဝတီနှင့် မော်လမြိုင်မြို့တို့သို့ တင်ပို့လျက်ရှိပြီး ထိုမှတစ်ဆင့် ပြည်ပနိုင်ငံများသို့ တင်ပို့လျက်ရှိကြောင်း၊ ဇွန်လ၊ ဒုတိယပတ်အတွင်း ကြက်သွန်နီ ပိဿာချိန် စုစုပေါင်း တစ်သိန်းခွဲ၊ တန်ချိန်အားဖြင့် ၂၄၅ တန်ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း ဈေးကွက်မှသိရသည်။

**DOCA (မကွေး)**

# ပခုက္ကူမြို့ဈေးကွက်၌ သကြားပြောင်းဖူးများ အရောင်းအဝယ်ဖြစ်

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ပခုက္ကူမြို့ဈေးကွက်သို့ သကြားပြောင်းဖူး စိုက်ပျိုးမှုများသော မြစ်ခြေမြို့၊ ကမ္မမြို့များနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ကျောက်ပန်းတောင်း၊ ပုပ္ပားဒေသနှင့် ညောင်ဦးမြို့နယ်အတွင်းရှိ ကျေးရွာများမှထွက်ရှိသော သကြားပြောင်းဖူးများ နေ့စဉ်ဝင်ရောက်၍ အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

သကြားပြောင်းဖူးကို ရာသီအလိုက် တစ်နှစ်ပတ်လုံးစိုက်ပျိုးလျက်ရှိကြောင်း၊ သကြားပြောင်းဖူးဈေးနှုန်းအနေဖြင့် ပြောင်းဖူးအရွယ်အစားနှင့် အရည်အသွေးအပေါ်မူတည်၍ ပခုက္ကူဒေသတွင်း၌ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

**DOCA (မကွေး)**





## ၂၄.၆.၂၀၂၄ ရက်နေ့ တိုင်းဒေသကြီးနှင့် ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါးဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ဧစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ(ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၃၃၀၀ | | ၇၀၀၀ | ၁၇၀၀၀ | ၆၅၅၀ | ၁၅၀၀၀ | ၃၅၀၀ | ၁၈၀၀၀ | ၁၁၀၀၀ | ၇၅၀၀ | ၁၁၀၀၀ | ၁၀၀၀ | ၉၀၀၀ | ၈၀၀၀ | ၆၀၀၀ | ၄၀၀၀ | ၅၅၀၀ | ၁၆၀၀၀ | ၂၂၀၀၀ | ၂၀၀၀၀ | ၂၆၀၀၀ | ၁၅၀၀၀ |
| ၂ | လားရှိုး | ၃၈၀၀ | | ၈၀၀၀ | ၁၇၀၀၀ | ၆၃၄၅ | ၁၆၀၀၀ | ၃၅၀၀ | ၁၄၀၀၀ | ၁၃၀၀၀ | ၉၀၀၀ | ၁၃၀၀၀ | ၁၀၀၀ | ၈၀၀၀ | ၇၅၀၀ | ၄၅၀၀ | ၄၀၀၀ | ၅၀၀၀ | ၁၅၀၀၀ | ၂၈၀၀၀ | ၂၄၀၀၀ | ၃၂၀၀၀ | ၂၀၀၀၀ |
| ၃ | ကျိုင်းတုံ | ၄၅၀၀ | | ၇၅၀၀ | ၁၇၀၀၀ | - | ၁၇၅၀၀ | ၄၀၀၀ | ၁၁၀၀၀ | ၁၃၀၀၀ | ၉၀၀၀ | ၁၅၀၀၀ | ၁၄၀၀ | ၁၁၀၀၀ | ၈၀၀၀ | ၈၀၀၀ | ၄၀၀၀ | ၆၀၀၀ | ၁၆၅၀၀ | ၂၆၀၀၀ | ၂၄၀၀၀ | | ၁၆၀၀၀ |
| ၄ | တောင်ကြီး | ၃၆၀၀ | ၃၄၀၀ | ၇၅၀၀ | ၁၆၅၀၀ | ၆၀၀၀ | ၁၉၀၀၀ | ၃၀၀၀ | ၁၃၀၀၀ | ၁၃၀၀၀ | ၇၅၀၀ | ၁၀၀၀၀ | ၆၀၀ | ၉၅၀၀ | ၇၀၀၀ | ၅၅၀၀ | ၃၅၀၀ | ၅၃၀၀ | ၁၄၀၀၀ | ၂၄၀၀၀ | ၁၈၀၀၀ | ၃၀၀၀၀ | ၁၆၀၀၀ |
| ၅ | ဘားအံ | ၄၀၀၀ | | ၆၀၀၀ | ၁၅၅၀၀ | ၆၃၅၀ | ၁၁၀၀၀ | ၃၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၈၀၀၀ | ၁၂၀၀၀ | ၁၀၀၀ | ၈၅၀၀ | ၆၅၀၀ | ၅၅၀၀ | ၃၂၀၀ | ၅၅၀၀ | ၁၅၀၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၈၀၀၀ |
| ၆ | မော်လမြိုင် | ၃၅၀၀ | | ၅၃၀၀ | ၁၆၀၀၀ | ၆၁၀၀ | ၉၀၀၀ | ၃၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၈၀၀၀ | ၁၂၀၀၀ | ၈၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၆၀၀၀ | ၃၅၀၀ | ၅၄၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၇ | ထားဝယ် | ၄၄၀၀ | | ၇၃၀၀ | ၁၇၀၀၀ | ၆၂၇၅ | ၁၂၀၀၀ | ၂၈၀၀ | ၁၅၀၀၀ | ၁၆၀၀၀ | | ၁၂၀၀၀ | ၆၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၃၅၀၀ | ၃၅၀၀ | ၄၅၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | |
| ၈ | မြိတ် | ၃၇၀၀ | | ၆၀၅၀ | ၁၆၅၀၀ | ၆၄၀၀ | ၁၃၀၀၀ | ၃၀၀၀ | ၁၃၀၀၀ | ၁၄၀၀၀ | ၁၃၅၀၀ | ၁၄၀၀၀ | ၉၅၀ | ၉၀၀၀ | ၇၀၀၀ | ၅၃၀၀ | ၄၀၀၀ | ၅၃၀၀ | ၁၅၀၀၀ | ၁၆၀၀၀ | ၁၉၀၀၀ | ၂၃၅၀၀ | |
| ၉ | ရန်ကုန် | ၃၈၀၀ | | ၅၈၀၀ | ၁၇၀၀၀ | ၅၈၀၀ | ၁၀၀၀၀ | ၃၃၀၀ | ၁၅၀၀၀ | ၁၃၀၀၀ | ၁၀၀၀၀ | ၁၃၀၀၀ | ၈၀၀ | ၇၅၀၀ | ၆၅၀၀ | ၇၀၀၀ | ၃၂၀၀ | ၅၇၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၁၀ | ပုသိမ် | ၃၈၀၀ | | ၅၈၀၀ | ၁၆၀၀၀ | ၆၀၀၀ | ၆၀၀၀ | ၂၆၀၀ | ၁၆၀၀၀ | ၁၂၀၀၀ | ၇၀၀၀ | ၁၁၀၀၀ | ၃၀၀ | ၈၀၀၀ | ၆၀၀၀ | ၆၀၀၀ | ၃၀၀၀ | ၅၂၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၂၅၀၀၀ | ၉၀၀၀ |
| ၁၁ | ဟားခါး | | | ၈၅၀၀ | ၁၉၅၀၀ | - | ၄၅၀၀၀ | ၆၀၀၀ | ၂၅၀၀၀ | | | ၄၀၀၀ | ၁၂၀၀ | | ၁၁၅၀၀ | | ၆၀၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၂၇၀၀၀ | ၂၇၀၀၀ | | ၂၂၀၀၀ |
| ၁၂ | မုံရွာ | ၃၃၀၀ | ၃၁၅၀ | ၆၁၀၀ | ၁၄၀၀၀ | ၆၅၀၀ | ၁၂၀၀၀ | ၂၂၀၀ | ၁၃၅၀၀ | ၁၂၀၀၀ | ၁၀၅၀၀ | ၄၀၀၀ | ၈၀၀ | ၇၂၀၀ | ၈၀၀၀ | ၅၀၀၀ | ၂၄၀၀ | ၄၅၀၀ | ၁၂၀၀၀ | ၁၇၀၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၁၀၀၀၀ |
| ၁၃ | မန္တလေး | ၄၂၀၀ | | ၆၀၀၀ | ၁၅၀၀၀ | ၆၂၅၀ | ၁၁၀၀၀ | ၂၈၀၀ | ၁၄၀၀၀ | ၁၂၀၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၈၀၀ | ၇၄၀၀ | ၆၃၀၀ | ၆၀၀၀ | ၃၈၀၀ | ၆၀၀၀ | ၁၅၀၀၀ | ၂၂၀၀၀ | ၂၂၀၀၀ | ၂၆၀၀၀ | ၁၄၀၀၀ |
| ၁၄ | ပခုက္ကူ | ၄၂၀၀ | | ၆၃၀၀ | ၁၃၅၀၀ | ၆၃၀၀ | ၁၁၀၀၀ | ၂၃၀၀ | ၁၃၀၀၀ | ၁၃၀၀၀ | ၈၅၀၀ | ၉၅၀၀ | ၇၅၀ | ၈၀၀၀ | ၇၅၀၀ | ၆၀၀၀ | ၂၉၀၀ | ၅၀၀၀ | ၁၅၀၀၀ | ၂၂၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၁၀၀၀၀ |
| ၁၅ | မကွေး | ၃၃၀၀ | | ၆၅၀၀ | ၁၅၀၀၀ | ၆၀၀၀ | ၁၀၀၀၀ | ၂၃၀၀ | ၁၂၀၀၀ | ၁၄၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၇၀၀ | ၆၅၀၀ | ၆၅၀၀ | ၄၀၀၀ | ၃၃၀၀ | ၅၀၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၁၂၀၀၀ |
| ၁၆ | ပြည် | ၃၁၀၀ | | ၆၀၀၀ | ၁၅၀၀၀ | ၆၂၀၀ | ၁၂၀၀၀ | ၃၀၀၀ | ၁၇၀၀၀ | ၁၃၀၀၀ | | ၁၀၀၀၀ | ၆၀၀ | ၈၀၀၀ | ၆၅၀၀ | ၃၀၀၀ | ၃၄၀၀ | ၅၂၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၂၅၀၀၀ | ၁၃၀၀၀ |
| ၁၇ | ပဲခူး | ၃၀၀၀ | | ၅၃၀၀ | ၁၄၀၀၀ | ၅၈၀၀ | ၈၅၀၀ | ၂၈၀၀ | ၁၂၀၀၀ | ၁၃၀၀၀ | ၆၀၀၀ | ၁၀၀၀၀ | ၄၅၀ | ၇၄၀၀ | ၆၄၀၀ | ၄၀၀၀ | ၃၀၀၀ | ၅၅၀၀ | ၁၂၅၀၀ | ၁၇၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၇၀၀၀ |
| ၁၈ | ပျဉ်းမနား | ၃၇၀၀ | | ၆၈၀၀ | ၁၅၄၀၀ | ၅၇၀၀ | ၁၂၀၀၀ | ၂၆၀၀ | ၁၂၄၀၀ | ၁၃၄၀၀ | ၇၀၀၀ | ၈၂၀၀ | ၅၀၀ | ၇၅၀၀ | ၆၂၀၀ | ၆၂၀၀ | ၃၂၀၀ | ၅၀၀၀ | ၁၄၂၀၀ | ၁၈၀၀၀ | ၁၈၅၀၀ | ၂၄၀၀၀ | ၁၁၀၀၀ |
| ၁၉ | နေပြည်တော် | ၃၇၀၀ | | ၆၈၀၀ | ၁၆၀၀၀ | ၅၇၀၀ | ၁၂၄၀၀ | ၂၈၀၀ | ၁၃၀၀၀ | ၁၃၈၀၀ | ၇၂၀၀ | ၉၀၀၀ | ၅၀၀ | ၇၅၀၀ | ၆၂၀၀ | ၆၅၀၀ | ၃၄၀၀ | ၅၂၀၀ | ၁၄၆၀၀ | ၁၈၅၀၀ | ၁၈၅၀၀ | ၂၄၀၀၀ | ၁၁၀၀၀ |
| ၂၀ | ကလေး | ၃၅၀၀ | ၃၀၀၀ | | ၁၅၀၀၀ | ၁၀၅၀၀ | ၂၅၀၀၀ | ၄၀၀၀ | ၁၁၀၀၀ | ၁၃၀၀၀ | ၆၀၀၀ | ၁၂၅၀၀ | ၁၂၀၀ | ၉၀၀၀ | ၈၀၀၀ | ၄၀၀၀ | ၄၅၀၀ | ၄၅၀၀ | ၂၀၀၀၀ | ၂၄၀၀၀ | ၂၄၀၀၀ | | ၁၅၀၀၀ |

သတင်းအရင်းအမြစ် - စီးပွား/ကူးသန်း

# အားကစားနှင့် ကင်းကွာသောနေ့ မရှိစေလိုပါ

ကိုဗွေး (ကနောင်)

ကျန်းမာခြင်းသည် လာဘ်ကြီးတစ်ပါးဟု မြတ်ဗုဒ္ဓက ဟောကြားခဲ့ပါသည်။

ကျန်းမာရေးကောင်းမွန်မှုသာ မိမိတစ်ဦးတည်းအတွက်ဖြစ်စေ၊ မိမိမိသားစုအတွက်ဖြစ်စေ၊ မိမိအဖွဲ့အစည်းအတွက်ဖြစ်စေ၊ မိမိနိုင်ငံအတွက်ဖြစ်စေ အကျိုးပြုနိုင်မည် ဖြစ်ပါသည်။ ယနေ့ခေတ်ကာလအခြေအနေတွင် လူအများကြုံတွေ့နေရသည့် ရောဂါများသည် ၎င်းတို့၏ လူနေမှုပုံစံများနှင့် တိုက်ရိုက်အချိုးကျလျက်ရှိပါသည်။

အရက်သောက်သည့်သူတိုင်း ဆေးရုံမတက်ရသော်လည်း ဆေးရုံတက်ရောက် ကုသမှုခံယူနေရသူ အများစုသည် အရက်သမားများသာ ဖြစ်ကြပါသည်။ ဆေးလိပ်သောက်သည့်သူတိုင်း နှလုံးရောဂါ၊ အဆုတ်ရောဂါနှင့် ကင်းဝေးသူမရှိသလောက်နည်းပါးပါသည်။ ကွမ်းစားသူတိုင်း ခံတွင်းကင်ဆာဖြစ်မလာသော်လည်း ခံတွင်းကင်ဆာဖြစ်သည့် လူအများစုသည် ကွမ်းစားသူများသာ ဖြစ်ကြပါသည်။

အရက်၊ ဆေးလိပ်၊ ကွမ်းယာကြောင့် ဖြစ်လာသည့် ရောဂါများကို လူအများ သတိထားမိကြသော်လည်း ကိုယ်လက်လှုပ်ရှားမှုနည်းပါးသည့် နေထိုင်မှုပုံစံ (Inactive Life Style) ကြောင့် နှလုံးရောဂါ၊ ဆီးချိုရောဂါ၊ အဝလွန်ရောဂါ၊ သွေးတိုးရောဂါ၊ အရိုးပွရောဂါ၊ သွေးတွင်းမကောင်းသည့် အဆီများစုကာ ကိုယ်ခံအားကျခြင်း၊ ဟော်မုန်းမညီမမျှဖြစ်ခြင်း၊ စိတ်ကျရောဂါများဖြစ်ပွားလျက်ရှိခြင်းကို လူအများ သတိမထားမိကြသလို အထူးဂရုပြုရှောင်ရှား၍ သိမြင်လိုက်နာဆောင်ရွက်မှု နည်းပါးလျက်ရှိနေသည်ကိုလည်း တွေ့ရှိရပါသည်။ သို့ဖြစ်၍ ကိုယ်လက်လှုပ်ရှားမှု နည်းပါးခြင်းကြောင့် ဖြစ်လာနိုင်သည့်ရောဂါများကို အရက်၊ ဆေးလိပ်၊ ကွမ်းယာသုံးစွဲခြင်းကြောင့် ရလာနိုင်သည့် ရောဂါများကဲ့သို့ သတိပြုဆင်ခြင်သင့်လှပေသည်။

ကိုယ်လက်လှုပ်ရှားနည်းပါးမှုကြောင့် ဖြစ်လာမည့်ရောဂါများအား ကာကွယ်နိုင်စေရေးအတွက် အားကစားနည်းတစ်ခုခုကိုဖြစ်စေ၊ ကိုယ်လက်လှုပ်ရှား လေ့ကျင့်ခန်းတစ်ခုခုကိုဖြစ်စေ၊ မိမိ၏ကိုယ်ပိုင်အချိန်မှ ၁၅ မိနစ် (သို့မဟုတ်) နာရီဝက်ခန့် အချိန်ပေး၍ နေ့စဉ်လုပ်ဆောင်သင့်ပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် ယှဉ်ပြိုင်အားကစားနည်းများဖြစ်သည့် ဘောလုံး၊ ဘော်လီဘော၊ ဘတ်စကက်ဘော၊ ပြေးခုန်ပစ်၊ ပိုက်ကျော်ခြင်း၊ ကရာတေးဒို၊ တိုက်ကွမ်ဒို၊ ဂျူဒို၊ ရေကူး စသည့်အားကစားနည်းများကို ဆောင်ရွက်ရန် ဆိုလိုခြင်းမဟုတ်ပါ။

အဆိုပါအားကစားနည်းတစ်ခုခုအား လေ့ကျင့်ကစားမည်ဆိုပါက အားကစားကွင်း၊ အားကစားရုံ၊ အားကစားအထောက်အကူပြုပစ္စည်းများ၊ ကစားဖော်များ၊ ဒိုင်လူကြီးများ လိုအပ်မည်ဖြစ်သကဲ့သို့ အချိန်အတိုင်းအတာတစ်ခုအထိလည်း မိမိ၏ကိုယ်ပိုင်အချိန်များပေးပြီး ဆောင်ရွက်ရမည်ဖြစ်၍ အခက်အခဲရှိနိုင်ပါသည်။ အလားတူ လူတစ်ဦးချင်း တစ်ကိုယ်ရေကျန်းမာရေးအတွက်ဖြစ်စေ၊ မိသားစုအလိုက်၊ အဖွဲ့အစည်းအလိုက်၊ လူတစ်စုမှသည် လူထုတစ်ရပ်လုံး၏ ကျန်းမာရေးအတွက်ဖြစ်စေ၊ ကိုယ်ကာယ ကျန်းမာကြံ့ခိုင်စေရေးအတွက် ဆောင်ရွက်သည့် စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေး လေ့ကျင့်ခန်းများ၊ စုပေါင်းလမ်းလျှောက်ခြင်းများ၊ စုပေါင်းစက်ဘီးစီးခြင်းများ၊ စုပေါင်းအေရိုးဗစ်ကစားခြင်းများ၊ စုပေါင်း Physical Fitness Dance ကစားခြင်းများမှသည် ယောဂကျင့်စဉ်များ အပါအဝင် ရုပ်ပိုင်းဆိုင်ရာ ဆောင်ရွက်မှုများအားလုံးကိုလည်း အားကစားဟု အဓိပ္ပာယ်ဖွင့်ဆိုထားရှိသဖြင့် မိမိရရှိသည့်အချိန်အပေါ်မူတည်ပြီး တစ်ဦးချင်း၊ အဖွဲ့လိုက် ဆောင်ရွက်သင့်ပါသည်။



၂၀၂၃ ခုနှစ် ဒီဇင်ဘာလက လူထုစုပေါင်းအားကစားလှုပ်ရှားမှုများ ဆောင်ရွက်စဉ်။

တစ်ဦးချင်းဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ၊ လူအများဖြင့်ဖြစ်စေ စုပေါင်းဆောင်ရွက်သည့် လှုပ်ရှားဆောင်ရွက်မှုအားလုံးသည် ကိုယ်လက်လှုပ်ရှားအားကစားပင်ဖြစ်သည့်အတွက် ပါဝင်ဆောင်ရွက်သူအားလုံး ကျန်းမာရေးကို များစွာအထောက်အကူပြုနိုင်မည်ဖြစ်ပါသည်။ သို့ဖြစ်၍ ကျန်းမာပျော်ရွှင်သောသူများဖြစ်စေရေးအတွက် သက်ရှိလူသားတိုင်း အားကစားနှင့်ကင်းကွာသောနေ့များ မရှိစေရေး၊ အားကစားနည်းတစ်ခုခုကိုဖြစ်စေ၊ ကိုယ်လက်လှုပ်ရှားအားကစားလေ့ကျင့်ခန်းတစ်ခုခုကို ဖြစ်စေ မပျက်မကွက် ဆောင်ရွက်သင့်ပါသည်။ ကျန်းမာရေးအတွက် ကိုယ်လက်လှုပ်ရှား အားကစားလေ့ကျင့်ခန်းများစွာရှိသည့်အနက် အရွယ်သုံးပါးစလုံး တစ်ဦးချင်းဖြစ်စေ၊ လူအများစုပေါင်း၍ဖြစ်စေ လိုက်ပါလုပ်ဆောင်နိုင်သည့် လုပ်ဆောင်ရန်လွယ်ကူသော လေ့ကျင့်ခန်းမှာ လမ်းလျှောက်ခြင်းပင် ဖြစ်ပါသည်။

### လမ်းလျှောက်ခြင်းသုံးမျိုး

ကျန်းမာရေးအတွက် လမ်းလျှောက်ခြင်းကိုလည်း အမျိုးအစားသုံးမျိုး ခွဲခြားသတ်မှတ်နိုင်ပါသည်။ ပထမအမျိုးအစားမှာ ပုံမှန်ခြေလှမ်းဖြင့် သက်သက်သာသာ လမ်းလျှောက်ခြင်းဖြစ်ပြီး သာမန်လမ်းလျှောက်သည့် နှုန်းထားအတိုင်း စိတ်လက်ပေါ့ပါးစေရန်နှင့် အညောင်းပြေလမ်းလျှောက်ခြင်းမျိုး ဖြစ်ပါသည်။ ဒုတိယတစ်မျိုးမှာ ခပ်သွက်သွက်လမ်းလျှောက်ခြင်းဖြစ်ပြီး တစ်မိနစ်လျှင် ခြေလှမ်း ၁၂၀ မှ ၁၅၀ အထိရရန် အားစိုက်ထုတ်၍ လမ်းလျှောက်ခြင်းမျိုး ဖြစ်ပါသည်။

ကျန်းမာရေးအတွက် ထိရောက်သည့် လမ်းလျှောက်ခြင်းမျိုးဖြစ်၍ လိုက်ပါလုပ်ဆောင်ခြင်းဖြင့် ကျန်းမာရေးကို များစွာအထောက်အကူပြုစေနိုင်မည်ဖြစ်ပါသည်။ တတိယတစ်မျိုးမှာ ပြိုင်ပွဲဝင်အားကစားသမားများ လမ်းလျှောက်သည့်ပုံစံဖြစ်ပြီး သတ်မှတ်ထားသောနည်းစနစ်၊ နည်းဥပဒေများအတိုင်း ခွန်အားကို အစွမ်းကုန်အသုံးပြု၍ သူနိုင်ကိုယ်နိုင် မြန်သည်ထက်မြန်အောင် ယှဉ်ပြိုင်ပြီးလမ်းလျှောက်ခြင်း ဖြစ်ပါသည်။

### လမ်းလျှောက်ရာတွင် သိရှိလိုက်နာသင့်သည့် အချက်များ

အထက်ပါ လမ်းလျှောက်ခြင်းသုံးမျိုးဖြင့် လမ်းလျှောက်ရာတွင် ကျန်းမာရေးအတွက် အကျိုးရှိအောင် မည်သို့လျှောက်ရမည်ကို သိရှိထားသင့်ပါသည်။ လမ်းလျှောက်ရာတွင် အချိန်ဘယ်လောက်ကြာကြာ(Time) လမ်းလျှောက်မည်လဲ၊ ဘယ်လောက်မြန်မြန် (Speed) လမ်းလျှောက်မည်လဲ၊ ဘယ်လောက်ဝေးဝေး (Distance) လမ်းလျှောက်မည်လဲ ဆိုသည့် အချက်များအပေါ် လမ်းလျှောက်သူများ အနေဖြင့် သင့်လျော်သလို စိစစ်ဆောင်ရွက်ရမည်ဖြစ်ပါသည်။ အသက်အရွယ်အရ၊ ကျန်းမာသန်စွမ်းမှုအရ၊ ရောဂါအခံရှိမှုများအရ တစ်ဦးနှင့်တစ်ဦး တူညီမှုမရှိနိုင်သဖြင့် မိမိခံနိုင်ရည်ရှိသလောက်သာ ချင့်ချိန်ဆောင်ရွက်သင့်ပါသည်။

### လမ်းလျှောက်ခြင်းနှင့်ပတ်သက်၍ အကြံပြုချက်လေးချက်

ကျန်းမာရေးကောင်းမွန်သူများ ဖြစ်စေရန် လမ်းလျှောက်သည့် အလေ့အကျင့်ကို ပြုစုပျိုးထောင်ရမည်ဖြစ်သော်လည်း အမေရိကန်အားကစားဆိုင်ရာ ဆေးကောလိပ် (American College of Sports Medicine) အနေဖြင့် ကျန်းမာရေးနှင့်ညီညွတ်သော လမ်းလျှောက်ခြင်းဖြစ်စေရန် အောက်ပါအချက်လေးချက်ကို လိုက်နာရန် လိုအပ်ကြောင်း ဖော်ပြထားပါသည်။ အတိုကောက်အနေဖြင့် (FITT) ဟု သတ်မှတ်ထားပါသည်။

ပထမစာလုံး (F) မှာ Frequency (အကြိမ်ရေ) ဖြစ်ပြီး ခပ်သွက်သွက်လမ်းလျှောက်ခြင်းကို ပထမအဆင့်၊ ဒုတိယအဆင့်၊ တတိယအဆင့် ခွဲခြားသတ်မှတ်ဆောင်ရွက်သင့်ကြောင်း ဖော်ပြထားပါသည်။ ပထမအဆင့်အနေဖြင့် တစ်ပတ်လျှင် အနည်းဆုံး သုံးကြိမ်၊ တစ်ကြိမ်လျှင် ၁၅ မိနစ်မှ မိနစ် ၃၀ ခန့် လမ်းလျှောက်ခြင်း၊ ဒုတိယအဆင့်အနေဖြင့် တစ်ပတ်လျှင် ခြောက်ကြိမ်၊ တစ်ကြိမ်လျှင် မိနစ် ၂၀ မှ မိနစ် ၃၀ ခန့် လမ်းလျှောက်ခြင်း၊ တတိယအဆင့်မှာ တစ်ပတ်လျှင် ခုနစ်ကြိမ်၊ တစ်ကြိမ်လျှင် မိနစ် ၃၀ မှ ၄၅ မိနစ်ခန့်အား မိမိ၏အသက်အရွယ်၊ ကျန်းမာသန်စွမ်းမှု၊ ရောဂါရှိမှုများနှင့် ခံနိုင်ရည်ရှိမှုများအပေါ်မူတည်၍ အဆင့်ဆင့်ပြောင်းလဲဆောင်ရွက်သွားရန် ဖြစ်ပါသည်။

ဒုတိယစာလုံး(I)မှာ Intensity (အားထည့်မှုအတိုင်းအတာ) ဖြစ်ပြီး လမ်းလျှောက်သူ၏ ခန္ဓာကိုယ်မှ ချွေးထွက်ပြီး အသက်ရှူမြန်လာသည်အထိ သွက်သွက်လမ်းလျှောက်ပေးနိုင်ပါက ပိုမိုအကျိုးရှိနိုင်မည် ဖြစ်ပါသည်။ တတိယစာလုံး (T)မှာ Type of Activity (လှုပ်ရှားမှုပုံစံအမျိုးအစား) ဖြစ်ပြီး လမ်းလျှောက်ရာတွင် ခန္ဓာကိုယ်တောင့်တင်းမှုမရှိစေဘဲ မတ်မတ်ထားရမည်၊ ခေါင်းသည် ရှေ့တည့်တည့်ကိုကြည့်ပြီး အသက်ပုံမှန်ရှူရမည်၊ လက်သီးဖွဖွဆုပ်၍ တံတောင်ဆစ်ကွေးပြီး လမ်းလျှောက်ရမည်၊ ဒူးများ အလိုက်သင့် ကွေးနေစေရမည်၊ ခြေလှမ်းတိုင်းတွင် ဖနောင့်နှင့် မြေကြီး အရင်စထိ၍ ဖနောင့်မှ ခြေဖဝါး၊ ပြီးမှ ခြေဖျားထိ ရောက်ရမည်၊ လမ်းလျှောက်သည့် လှုပ်ရှားမှုပုံစံမှန်မှသာ ပိုမိုအကျိုးရှိနိုင်မည်ဖြစ်ပါသည်။ စတုတ္ထစာလုံး(T)မှာ Time of Duration (ကြာချိန်) ဖြစ်ပြီး လမ်းလျှောက်ချိန်သည် တစ်ကြိမ်တွင် ၁၅ မိနစ်ဖြစ်စေ၊ ၄၅ မိနစ်ဖြစ်စေ၊ တစ်နာရီဖြစ်စေ လမ်းလျှောက်ရာတွင် စလျှောက်သည့်အချိန်မှ ပြီးဆုံးသည့်အချိန်အထိ ပုံမှန်နှုန်းဖြင့်သာ တစ်ပြေးညီ လျှောက်ရမည်၊ မြန်လိုက်နှေးလိုက် မဖြစ်စေရပါ။

### လမ်းလျှောက်ခြင်း၏ အကျိုးကျေးဇူးများ

လမ်းလျှောက်လေ့ကျင့်ခန်း ပြုလုပ်ခြင်းကြောင့် သွေးလည်ပတ်မှုကို ညီညွတ်မျှတစေသည်၊ အောက်ဆီဂျင်ရှူသွင်းမှုနှုန်း တိုးတက်စေပြီး ကိုယ်ခံစွမ်းအားကို ကြံ့ခိုင်စေသည်။ ကြွက်သားများကို သန်မာစေပြီး ပိုလျှံအဆီများကို ချေဖျက်နိုင်သည်၊ အကြောအခြင်၊ အရွတ်များကို ပျော့ပျောင်းစေပြီး ဖျတ်လတ်ပေါ့ပါးစေသည်၊ စိတ်ဖိစီးမှုကို ပြေလျော့ပြီး ကြည်လင်လန်းဆန်းစေသည့်အတွက် လူတိုင်းလူတိုင်းအတွက် အကျိုးများသည့် လေ့ကျင့်ခန်းဖြစ်ပါသည်။

*စာမျက်နှာ ၁၇ သို့*

**○ တစ်ဦးချင်းဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ၊ လူအများဖြင့်ဖြစ်စေ စုပေါင်းဆောင်ရွက်သည့် လှုပ်ရှားဆောင်ရွက်မှုအားလုံးသည် ကိုယ်လက်လှုပ်ရှားအားကစားပင်ဖြစ်သည့်အတွက် ပါဝင်ဆောင်ရွက်သူအားလုံး ကျန်းမာရေးကို များစွာအထောက်အကူပြုနိုင်မည်**

**❒ လမ်းလျှောက်လေ့ကျင့်ခန်းပြုလုပ်ခြင်းကြောင့် သွေးလည်ပတ်မှုကို ညီညွတ်မျှတစေသည်၊ အောက်ဆီဂျင်ရှူသွင်းမှုနှုန်း တိုးတက်စေပြီး ကိုယ်ခံစွမ်းအားကို ကြံ့ခိုင်စေသည်။ ကြွက်သားများကိုသန်မာစေပြီး ပိုလျှံအဆီများကို ချေဖျက်နိုင်သည်၊ အကြောအခြင်၊ အရွတ်များကို ပျော့ပျောင်းစေပြီး ဖျတ်လတ်ပေါ့ပါးစေသည်၊ စိတ်ဖိစီးမှုကိုပြေလျော့ပြီး ကြည်လင်လန်းဆန်းစေသည့်အတွက် လူတိုင်းလူတိုင်းအတွက် အကျိုးများသည့် လေ့ကျင့်ခန်းဖြစ်**

## မြန်မာစာ မြန်မာစကား

### တစ်မျိုးသာသုံးပါ

**အနက်** နှင့် **တွင်** စကားနှစ်လုံးသည် အစုအပေါင်းမှ တစ်စိတ်တစ်ပိုင်းကို ခွဲထုတ်ပြသော စကားလုံးများဖြစ်သည်။ ထို့ကြောင့် အစုအပေါင်းအများထဲတွင် ပါဝင်နေသော တစ်စိတ်တစ်ပိုင်းကို ခွဲထုတ်ပြလိုလျှင် **အနက်** သို့မဟုတ် **တွင်** ကို သုံးနိုင်သည်။ နှစ်မျိုးစလုံး မသုံးသင့်ပါ။

၁။ ကုဋေတစ်သိန်းသော ကြာပင်အပေါင်းတို့ **အနက်/ တွင်**...

၂။ ဝက်မစွတ်မြို့စားရေးသော ... ကဗျာလင်္ကာတို့ **အနက်/ တွင်**... ကျမ်းမော်ကွန်းကို

၃။ ကိုဖိုးသိုက်ကား မြင်ဖူးသမျှသော ယောက်ျားများ **အနက်/ တွင်** အချောဆုံး




ဖြစ်စေ-ဖြစ်စေ သို့မဟုတ်၊ သော်လည်းကောင်း-သော်လည်းကောင်းတို့သည် **တစ်ခု** သို့မဟုတ် **တစ်ခု** ပြုခြင်း၊ ဖြစ်ခြင်း၊ ရှိခြင်း ကို ဖော်ပြသည်။ ထို့ကြောင့် တစ်ခု သို့မဟုတ် တစ်ခု ဖြစ်ကြောင်းပြလိုလျှင် တစ်မျိုးမျိုးကို သုံးနိုင်သည်။ **နှစ်မျိုးရော** မသုံးသင့်ပေ။




၁။ (က) ... အာဖရိကကျွန်းပြင် ပင်လယ်ကြီးက**ဖြစ်စေ**၊ **သို့မဟုတ်** တူးမြောင်းစွပ်မြို့ထွက် ပင်လယ်နီက **ဖြစ်စေ** လာရောက်သမျှ သင်္ဘောတို့သည် အေဒင်မြို့သို့ ရောက်ရသည်။

(အသုံးပို)

(ခ) ... အာဖရိကကျွန်းပြင် ပင်လယ်ကြီးက**ဖြစ်စေ**၊ တူးမြောင်းစွပ်မြို့ထွက် ပင်လယ်နီက**ဖြစ်စေ** လာရောက်သမျှ သင်္ဘောတို့သည် အေဒင်မြို့သို့ ရောက်ရသည်။

(အသုံးမှန်)

(ဂ) ... အာဖရိကကျွန်းပြင်ပင်လယ်ကြီး **သို့မဟုတ်** တူးမြောင်းစွပ်မြို့ထွက် ပင်လယ်နီက လာရောက်သမျှ သင်္ဘောတို့သည် အေဒင်မြို့သို့ ရောက်ရသည်။

(အသုံးမှန်)

၂။ (က) အခြားသစ်သားဖြင့် **သော်လည်းကောင်း**၊ **သို့မဟုတ်** သံဖြင့်**သော်လည်းကောင်း** ပိုးပြီးလျှင် မူလီဖြင့်စုပ်၍...

(အသုံးပို)

(ခ) အခြားသစ်သားဖြင့်**သော်လည်းကောင်း**၊ သံဖြင့် **သော်လည်းကောင်း** ပိုးပြီးလျှင် မူလီဖြင့် စုပ်၍ ...

(အသုံးမှန်)

(ဂ) အခြားသစ်သားဖြင့် **သို့မဟုတ်** သံဖြင့် ပိုးပြီးလျှင် မူလီဖြင့် စုပ်၍...

(အသုံးမှန်)

မြန်မာစာ မြန်မာစကားစာအုပ်မှ ကောက်နုတ်ဖော်ပြပါသည်။

## အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲနှင့် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်



**မိတ္ထီလာ**

မိတ္ထီလာမြို့ လူထုအခြေပြုဗဟိုဌာနခွဲ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာန၊ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းနှင့် မြို့နယ်စာရေးဆရာအသင်းတို့ ပူးပေါင်းဆောင်ရွက်သော ၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲကို ယနေ့နံနက် ၉ နာရီက ကျင်းပသည်။

ပြိုင်ပွဲတွင် အခြေခံပညာအထက်တန်းကျောင်းများ၊ အခြေခံပညာအလယ်တန်းကျောင်းများနှင့် ကိုယ်ပိုင်ကျောင်းများမှ ကျောင်းသူကျောင်းသား ၇၃ ဦး ပါဝင်ယှဉ်ပြိုင်သည်။ အဆိုပါ စာစီစာကုံးပြိုင်ပွဲအပြင် ဇွန် ၂၅ ရက်တွင် ကျပန်းစကားပြောပြိုင်ပွဲကို လူထုအခြေပြုဗဟိုဌာနခွဲလည်းကောင်း၊ ဇွန် ၂၆ ရက်တွင် ဟောပြောပွဲနှင့် ဆုချီးမြှင့်ပွဲကို အထက(ခွဲ) အောင်ဇေယျာ၌လည်းကောင်း ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။ **ချမ်းသာ(မိတ္ထီလာ)**

**မြို့သစ်**

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများသည် ဇွန်၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် သတင်းစကားလက်ကမ်းစာစောင်များကို ယနေ့နံနက် ၁၀ နာရီက အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်းတို့၌ အခမဲ့ဖြန့်ဝေပေးသည်။

လက်ကမ်းစာစောင်တွင် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးလုပ်ငန်းများ၊ မူးယစ်ဆေးဝါးသုံးစွဲရခြင်းအကြောင်းရင်း၊ မူးယစ်ဆေးဝါးပြဿနာကို ဖြေရှင်းခြင်း၊ စာရေးဆရာ ရေနံ့သာမောင်ကျော်ညွန့် ရေးသားသည့် ရောင်ဖယ်ဝေးဝေး မူးယစ်ဆေးကဗျာ၊ မူးယစ်ဆေးကြောင့် စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုများဖြစ်ပွားနိုင်ပုံကို ဖော်ပြထားကြောင်း သိရသည်။ **သန်းဝင်းထွန်း (ပြန်/ဆက်)**



အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲကို ဇွန် ၂၄ ရက်က ပွင့်ဖြူမြို့ အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ ကျောင်းသား ကျောင်းသူများက စိတ်ဝင်တစားကြည့်ရှုလေ့လာကြစဉ်။ လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)

*စာမျက်နှာ ၁၆ မှ*

### ကိုယ်လက်လှုပ်ရှား အားကစားလေ့ကျင့်ခန်း ပြုလုပ်ရာတွင် သတိပြုရမည့်အချက်များ

အားကစားနည်းတစ်ခုခုကိုဖြစ်စေ၊ ကိုယ်လက်လှုပ်ရှားအားကစားလေ့ကျင့်ခန်း တစ်ခုခုကိုဖြစ်စေ၊ လမ်းလျှောက်ခြင်း လေ့ကျင့်ခန်းကိုဖြစ်စေ ဆောင်ရွက်မည်ဆိုပါက စတင်မပြုလုပ်မီ သွေးပူလေ့ကျင့်ခန်း (Warmming Up) အနည်းဆုံး ၁၅ မိနစ်ခန့် ပြုလုပ်သင့်ပါသည်။ လေ့ကျင့်ခန်းများ ထိရောက်မှုရှိစေရေးအတွက် လှုပ်ရှားမှုကို ဖြည်းဖြည်းနှင့်မှန်မှန် ပြုလုပ်ရမည်၊ လေရှူသွင်းရာတွင် ခပ်ပြင်းပြင်းရှူသွင်း၍ လေ့ကျင့်ခန်းများကိုစတင်ပြီး လှုပ်ရှားမှုပြီးဆုံးသည်နှင့် ရှူထားသောလေကို ခပ်ပြင်းပြင်းရှူထုတ်ရမည်၊ လေ့ကျင့်ခန်းပြုလုပ်နေစဉ် လေ့ကျင့်ခန်း၏လှုပ်ရှားမှုအပေါ် အာရုံစူးစိုက်မှု (Concentration) အထူးလိုအပ်ပါသည်။

လေ့ကျင့်ခန်းများခက်ခဲပါက မရမက ပြုလုပ်ခြင်းမျိုးကိုလည်း အထူးရှောင်ရှားသင့်ပါသည်။ လေ့ကျင့်ခန်းပြီးဆုံးပါက ကိုယ်ခန္ဓာအား ဆွဲဆန့်သည့် ကာယလေ့ကျင့်ခန်း (Stretching Exercise) ပြုလုပ်ရမည်၊ ကာယလေ့ကျင့်ခန်းများကို အလေးဖြင့် ပြုလုပ်မည်ဆိုပါက အဆီများ၍ ဝဖိုင့်ဖိုင့်ဖြစ်နေသော ခန္ဓာကိုယ်အတွက် "အလေး"ကို ပေါ့ပေါ့ထည့်၍ "အကြိမ်"များများ လေ့ကျင့်ရန်၊ အဆီနည်း၍ ခပ်ပါးပါးလျှားလျှားဖြစ်နေသော ခန္ဓာကိုယ်အတွက် "အလေး"ကို ခပ်လေးလေးထည့်၍ "အကြိမ်" အရေအတွက် အနည်းငယ်စီဖြင့် အကြိမ်ကြိမ်ပြုလုပ်ရန် လိုအပ်ပြီး လေ့ကျင့်ခန်းမပြုလုပ်မီ အစားအစာကို "အဝစားသုံးခြင်း"မျိုးကို ရှောင်ကြဉ်၍ နှစ်နာရီခန့်ကြိုတင်၍ အဆာပြေစားသုံးခြင်းမျိုးသာ ပြုလုပ်သင့်ပါသည်။

**လမ်းလျှောက်ခြင်းဖြင့် ကုစားနိုင်ခြင်း**

ယနေ့သိပ္ပံခေတ် ဆေးပညာလောကတွင် ရောဂါကုထုံးအတော်များများကို လမ်းလျှောက်ခြင်းဖြင့် ကုစားနိုင်သည်ကို တွေ့ရှိရသည့်အတွက် ကမ္ဘာကျော် (Reader Digest) မဂ္ဂဇင်းတွင် လမ်းလျှောက်ခြင်းကို အားကစားရုံ၊ အားကစားခန်းမ မလိုသော လေ့ကျင့်ခန်း၊ ဆေးဝါးမလိုသော ဆရာဝန်ညွှန်ကြားချက်ဆေးညွှန်း၊ အစားလျှော့စားရန်မလိုသော ကိုယ်အလေးချိန်လျှော့နည်း၊ ငွေကြေးမကုန်သော ခန္ဓာကိုယ်အလှပြုပြင်နိုင်သော ကိရိယာ၊ ဆရာဝန်မလိုသော၊ ဆေးဝါးမလိုသော စိတ်ပျို ကိုယ်နုဆေး၊ ငွေကြေးမကုန်သော အားလပ်ရက်ခရီးထွက်ခြင်းမျိုး ဟူ၍ ရေးသားဖော်ပြထားသည်ကို တွေ့ရှိရပါသည်။

**နေ့စဉ်လမ်းလျှောက်ကြပါစို့**

အားကစားလုပ်ရန် သီးခြားအချိန်မပေးနိုင်သူများအတွက် လမ်းလျှောက်ခြင်းသည် အချိန်မကုန်၊ လူမပင်ပန်း၊ ငွေကြေးကုန်ကျမှုမရှိသည့် အကောင်းဆုံးသော ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းတစ်ခုဖြစ်ပါသည်။ လမ်းလျှောက်ခြင်းဖြင့် မိမိကိုယ်ကို ကျန်းမာအောင် နေထိုင်ပြုမူရန် လိုအပ်ပါသည်။ သို့မှသာ မိမိတာဝန်၊ မိသားစုတာဝန်၊ အဖွဲ့အစည်းတာဝန်မှအစပြု၍ နိုင်ငံနှင့်လူမျိုးအကျိုး သယ်ပိုးထမ်းရွက်နိုင်မည် ဖြစ်ပါသည်။ သို့ဖြစ်၍ ကျွန်ုပ်တို့သည် ယနေ့အချိန်မှစ၍ အသက်အရွယ်ကြီးရင့်သည်အထိ ကိုယ်ရောစိတ်ပါ ကျန်းမာသန်စွမ်းစေရန်အတွက် နေ့စဉ်လမ်းလျှောက်ခြင်းဖြင့် အားကစားနှင့် ကင်းကွာသောနေ့မရှိစေလိုပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။



# ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာ



ပျော်ရွှင်လေ့လာအင်္ဂလိပ်စာဖတ်ပရိသတ်အပေါင်း မင်္ဂလာအပေါင်းနဲ့ပြည့်စုံပါစေ။ ဒီတစ်ပတ်ရဲ့ ဗဟုသုတဖြစ်ဖွယ် အင်္ဂလိပ်စာကဏ္ဍရဲ့ Grammar အပိုင်းမှာတော့ Interjection အပိုင်းကို ဖော်ပြလိုက်ပါတယ်။ ဒါ့အပြင် စကားပြောပိုင်းမှာလည်း “Parents and Teacher-II” မိဘနဲ့ဆရာတွေ တွေ့ဆုံတဲ့အခါ ဘယ်ပုံဘယ်နည်းပြောဆိုသုံးနှုန်းရမလဲဆိုတာကို Shortest way to talk about “Parents and Teachers-II” ဆိုပြီးဖော်ပြလိုက်ပါတယ်။ ဒါ့အပြင် Vocabulary အပိုင်းမှာတော့ နေ့စဉ်ဘဝမှာအသုံးများတဲ့ အီဒီယံ (Idiom) စကားလုံးအသုံးအနှုန်းတွေကို မြန်မာလိုအဓိပ္ပာယ်ရှင်းလင်းချက်များနဲ့သာမက နမူနာဝါကျများနဲ့ပါ ဖော်ပြပေးလိုက်ပါတယ်။ ဖတ်မှတ်လေ့လာခြင်းအားဖြင့် အင်္ဂလိပ်စာဗဟုသုတများ တိုးပွားလာမယ်လို့ ယုံကြည်မိပါတယ်။ စဉ်ဆက်မပြတ်လေ့လာဖတ်ရှုကြဖို့ တိုက်တွန်းရင်း ကိုယ်စိတ်နှစ်ဖြာကျန်းမာ၊ ချမ်းသာပြီး ဘေးဘယာတွေ ဝေးကွာကြပါစေလို့ ဆန္ဒပြုလိုက်ပါတယ်။

## GRAMMAR

### Basic to Intermediate

**Interjection (အာမေဍိတ်)**

အာမေဍိတ်သည် ပြောသူ၏စိတ်ခံစားချက်ကိုဖော်ပြသော စကားလုံး သို့မဟုတ် စကားစုဖြစ်သည်။ အံ့ဩ၊ ဝမ်းသာ၊ ဝမ်းနည်း၊ ကြောက်ရွံ့၊ ထိတ်လန့်၊ တုန်လှုပ်ခြင်းကြောင့် နှုတ်မှ ရုတ်တရက်ထွက်ပေါ်လာသော စကားလုံးကို အာမေဍိတ်ဟု ခေါ်သည်။ သဘာဝပကတိခံစားချက်ကို ဖော်ပြရာတွင် အာမေဍိတ်ကို သုံးသည်။ အောက်မှာပေးထားသော –

- “He is dead.” ဆိုသော ဝါကျတွင် သူသေသွားပြီဆိုသည့် သတင်းအချက်အလက်ကိုသာပေးသည်။ တစ်စုံတစ်ယောက် သို့မဟုတ် ပြောသူ၏ ခံစားချက်ကို ဖော်ပြခြင်းအလျှင်းမရှိပေ။ သို့သော်လည်း အောက်မှာဖော်ပြထားသည့် ဝါကျကိုလေ့လာကြည့်ပါ။
- “Alas! he is dead.” ဆိုသော ဝါကျတွင် သူသေသွားပြီဆိုသည့် သတင်းအချက်အလက်ထက် ပြောသူ၏ စိတ်ခံစားချက်ဖြစ်သည့် ဝမ်းနည်းခြင်း၊ နောင်တရခြင်းကို ထင်ဟပ်ပေါ်လွင်စေသည်ကို တွေ့မြင်နိုင်သည်။

အလားတူ အောက်မှာပေးထားသော နမူနာဝါကျကို လေ့လာကြည့်ရအောင်။

- “I am late for school.” ဆိုသော ဝါကျတွင် သူကျောင်းနောက်ကျသည်ဆိုသည့် အချက်အလက်ကိုသာ ဖော်ပြထားသည်ကိုတွေ့ရမည်။ သို့သော်လည်း
- “Oh! I am late for school.” ဆိုသော ဝါကျတွင် Interjection ဖြစ်သည့် “Oh” ကို အသုံးပြု၍ ဖော်ပြလိုက်ခြင်းဖြင့် ပြောသူက မိမိကိုယ်ကို ကျောင်းနောက်ကျခြင်းကို အာမေဍိတ်ပုံစံဖြင့် ဖော်ပြထားသည်ကို တွေ့ရမည်။

တွေ့ရများသော သို့မဟုတ် အသုံးများသော အာမေဍိတ်ပုံစံများမှာ –

- Oh! (နာကျင်ခြင်း သို့မဟုတ် အံ့ဩခြင်းကိုဖော်ပြရာတွင်သုံး)
- Ah! (အံ့ဩခြင်း သို့မဟုတ် ကျေနပ်ဝမ်းသာခြင်းကို ဖော်ပြရာတွင် သုံး)
- Hey! (အာရုံစူးစိုက်မှုရရှိရန်သုံး)
- Alas! (ဝမ်းနည်းခြင်း၊ စိတ်ပျက်ခြင်းကိုဖော်ပြရာတွင်သုံး)
- Hello! (နှုတ်ဆက်ခြင်း၊ အံ့ဩခြင်းကိုဖော်ပြရာတွင်သုံး)

ထို့အပြင် –

- Good! / Bravo! / Shame! / Silence! /Nonsense! / Stop!/ I say!/Hurrah!/Well done!/Just my luck ဆိုသော စကားလုံးများကို သူ့နေရာနှင့်သူ အဆင်ပြေအောင် ဖော်ပြရာ၌ သုံးနိုင်ပါသေးသည်။ နောက်ထပ် အောက်တွင်ဖော်ပြထားသော အာမေဍိတ်များကိုလည်း အလျှင်းသင့်သလို သုံးနိုင်သေးသည်။
- Oh dear!/Goodness!/Gracious!/Dear me!/Well I never!/ Oh bother!

တစ်ခါတစ်ရံတွင် Good lord!/Bless my soul!/No fear! စသည့် အာမေဍိတ်များကိုလည်း သူ့နေရာနှင့်သူ အံ့ဝင်ခွင်ကျသုံးနိုင်သေးသည်။ သို့သော်လည်း ခပ်ကြမ်းကြမ်းလေးသုံးသောအခါတွင်

- Dash!/Blast!/Damn! ဆိုသော အာမေဍိတ်များကို သုံးနိုင်သည်။ အာမေဍိတ်များသည် ပြောသူ၏ စိတ်ခံစားချက်များကိုသာ အဓိကဖော်ပြသည်။

## VOCABULARY (IDIOM)

1. **armed to the teeth** (လက်နက်အပြည့်အစုံဖြင့်)
   They were armed to the teeth, ready for an emergency.
   မည်သည့်အရေးပေါ်ကိစ္စမဆို ရင်ဆိုင်ရန် လက်နက်အပြည့်အစုံ တပ်ဆင်ထားသည်။
2. **apple-pie order** (သပ်ရပ်သော၊ သပ်သပ်ရပ်ရပ်ထားသော)
   The maid left the house in apple-pie order.
   အိမ်ဖော်သည် အိမ်ကို အလွန်သပ်သပ်ရပ်ရပ်ထားသည်။
3 **allow for** (ထည့်တွက်သင့်သည်)
   You should allow for his poor eyesight.
   သူမျက်စိမှုန်တာကို ထည့်တွက်သင့်သည်။
4. **all there** (စိတ်နှံ့သည်)
   That aged woman is not all there.
   ဟိုအဘွားကြီးစိတ်မနှံ့ဘူး။
5. **all the same** (ဆင်တူ၊ မထူးခြားနား)
   These menus seem to be all the same.
   (ဟင်းအမည်စာရင်းတွေ တစ်ခုနှင့်တစ်ခု မထူးလှသလိုပါပဲ။)

*(ဒီတစ်ပတ်တော့ ဒီလောက်ပါပဲ။ နောက်တစ်ပတ် တနင်္လာနေ့မှာ ပြန်လည်ဆုံတွေ့ကြပါစို့)*

## CONVERSATION



### Shortest way to talk about “Parents and Teachers–II”

ဒီတစ်ပတ်မှာတော့ “Parents and Teachers” မိဘနဲ့ဆရာတွေ တွေ့ဆုံတဲ့အခါ ဘယ်ပုံဘယ်နည်းပြောဆိုသုံးနှုန်းရမလဲဆိုတာကို **Shortest way to talk about “Parents and Teachers–II”** ဆိုပြီး ဖော်ပြလိုက်ပါတယ်။

**Conversation**

**Parents and Teacher (II)**

**Teacher:** ***Thank you for taking the time to meet*** with me today. I really wanted to speak with you about Owen’s behaviour in class and his grades.

**Owen’s Father:** Thank you for reaching out to schedule this meeting. I’ve been meaning to contact you as well. ***I was definitely not pleased*** when I saw Owen’s last report card.

**Teacher:** Yes. I think ***he is capable of doing*** so much better in my class.

**Owen’s Father:** I agree. Does he pay attention when he is in class?

**Teacher:** Well, actually, this is one of the biggest reasons I wanted to speak with you. Owen’s classroom behaviour has really been a problem. He doesn’t pay attention when I’m teaching and he often tries to distract his classmates. I tried to separate him from his friends, but then he just yells across the room at them. I ask him to stop yelling, and this usually gets him to calm down for a few minutes. He becomes a little more focused and less talkative.

**Owen’s Father:** That’s good, I guess. But ***I wish he would just behave*** in the first place.

**Teacher:** Yes, I agree. I was thinking he might respond well to a reward, like 15 minutes of recess on Fridays for the entire class for good behaviour. I think he might be motivated by this. What do you think?

Owen’s Father: I think that’s a great idea. He loves recess.

**Teacher:** Perfect, but we need another plan to help his grades.

**Language Function**

1. Thank you for taking the time to (meet)+ Vinf
   တွေ့ဆုံဖို့ အချိန်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။
2. I was definitely not pleased
   ကျွန်တော်လုံးဝကျေနပ်အားရမှုမရှိပါဘူး။
3. he is capable of (doing) + Ving
   တစ်ခုခုလုပ်နိုင်တယ်။
4. I wish he would just behave
   ဒီထက်ပိုကောင်းကောင်းပြုမူဖို့ မျှော်လင့်ရတာပဲ။

ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာကဏ္ဍနှင့်ပတ်သက်ပြီး အကြံပြုဆွေးနွေးလိုပါက ဆရာဦးတင်လင်းအောင် ဖုန်း-၀၉-၄၄၄၆၆၂၇၆၄ သို့ ဆက်သွယ်အကြံပြုဆွေးနွေးနိုင်ပါသည်။




## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာချက်

ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့၊ ရွာဘဲရပ်ကွက်၊ ပြည်ရတနာလမ်းရှိ ကွင်း/အကွက်အမှတ်နှင့်အမည်(၁၃B ရွာဘဲမြောက်)၊ ဦးပိုင်အမှတ် (၁၀၈^က)၊ မြေနေရာအနက်မှ ဧရိယာ(၀.၀၂၀ဧကေ)နှင့် ဦးပိုင်အမှတ် (၁၀၉^ခ)၊ မြေနေရာအနက်မှ ဧရိယာ(၀.၁၁၇)ဧက စုစုပေါင်း ဧရိယာ (၀.၁၃၇)ဧက ကျယ်ဝန်းသော တစ်ဆက်တစ်စပ်တည်းရှိ အိမ်ခြံမြေ အပါအဝင် ယင်းမြေပေါ်ရှိ နှစ်ထပ်တိုက်နေအိမ်တစ်လုံးနှင့် တစ်ထပ်ကားဂိုဒေါင်တစ်လုံးအပါအဝင် ယင်းမြေနှင့်ပတ်သက်သော အရပ်ရပ်အကျိုးခံစားခွင့်များအားလုံးကို လက်ရှိထားပိုင်ဆိုင်သူဖြစ်သည့် ဒေါ်ခင်သိန်းရီမှ ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန် အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါအရောင်းအဝယ်ကိစ္စအား ကန့်ကွက်လိုပါက ခိုင်လုံသောပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများနှင့်အတူ ဆိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြော်ငြာပါသည့်ရက်မှ (၁၄) ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ထားသည့် ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးထက်အောင်လှိုင် (၇/ပမန(နိုင်)၁၂၄၃၅၆) ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်နီနီလွင်(LL.B, LL.M)**

တရားလွှတ်တော်ရှေ့နေ၊ စဉ်-၁၁၀၁၂ (၂၈-၇-၂၀၁၆)

ပြည်ရတနာလမ်း၊ ရွာဘဲရပ်ကွက်၊ ပြည်မြို့။ ဖုန်း-၀၉-၄၂၃၇၂၃၃၀၆

## မြန်မာနိုင်ငံဂီတနေ့ဖျော်ဖြေပွဲ လက်မှတ်ထုတ်ယူနိုင်

၁။ မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)မှ ဦးဆောင်ကျင်းပမည့် မြန်မာနိုင်ငံဂီတနေ့ ဇွန်လ(၂၇)ရက်နေ့တွင် ပြည်သူများအတွက် တေးဂီတဖျော်ဖြေပွဲကြီးကို နာမည်ကျော် တေးဂီတတီးဝိုင်းများနှင့် နိုင်ငံကျော်တေးသံရှင်များစုဖွဲ့၍ ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ၂၇-၆-၂၀၂၄ ရက်နေ့ ညနေ ၅:၀၀ နာရီအချိန်တွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်။

၂။ အဆိုပါ တေးဂီတဖျော်ဖြေပွဲကြီးသို့ ပြည်သူများနှင့် ဂီတအနုပညာရှင်များ လာရောက်ကြည့်ရှုနိုင်ရန် ဝင်ခွင့်လက်မှတ်များကို ၂၀၂၄ ခုနှစ်၊ ဇွန်လ ၂၄၊ ၂၅၊ ၂၆ ရက်နေ့များတွင် နံနက် ၁၀:၀၀ နာရီအချိန်မှစ၍ မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)တွင်လည်းကောင်း၊ အမျိုးသားဇာတ်ရုံ(မြို့မကျောင်းလမ်း)တွင်လည်းကောင်း၊ မြို့နယ်ဂီတအစည်းအရုံးများတွင်လည်းကောင်း၊ ဂီတလောကသားများနှင့် ဂီတဝါသနာရှင်များအနေဖြင့် မည်သူမဆို အခမဲ့ လာရောက်ထုတ်ယူနိုင်ပြီဖြစ်ကြောင်း သတင်းကောင်းပါးလိုက်ရပါသည်။

**မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)**

## အမည်ပြောင်း

ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့နယ်၊ သပြုပင်အုပ်စု၊ ပုဇွန်တောင်ကျေးရွာနေ ဦးချစ်သဲ ၁၄/ဟသတ(နိုင်)၂၃၀၅၈၄ ၏သား မောင်ရွှေမိုးစံ အား မောင်စိုင်းညီညီသက် ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်စိုင်းညီညီသက်**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်း၊ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊မြေတိုင်းရပ်ကွက်(၃၄)၊ပျဉ်းမမြိုင်လမ်း၊မြေကွက်အမှတ်(၉၂၆)၊အကျယ်အဝန်း(၄၂ပေ×၆၀ပေ)အနက်မှတရားဝင်မခွဲစိတ်ရသေးသည့်မြေကွက်အမှတ်(၉၂၇)နှင့်ကပ်လျက်(၂၀ပေ×၆၀ပေ)ရှိ ဒေါ်ခင်လှရီ(၁၂/တမန(နိုင်)၀၄၂၈၃၉)အမည်ပေါက်နှစ် ၆၀ ဂရန်မြေကွက်နှင့်အကျိုးခံစားခွင့်များအားမြေအမည်ပေါက်ပိုင်ဆိုင်၍လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်းဝန်ခံကတိပြုသူ ဒေါ်ခင်လှရီ ထံမှကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန်စရန်ငွေ အချို့ကိုပေးချေထားပြီးဖြစ်ပါ၍ကန့်ကွက်လိုသူများရှိပါကအထောက်အထား(မူရင်း)များဖြင့် ယနေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါသည်။ကန့်ကွက်မည့်သူမရှိပါကအရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။

လွှဲအပ်ညွှန်ကြားချက်အရ - **ဒေါ်ခိုင်ဇင်ဦး** LL.B, D.B.L, D.I.P.L

တရားလွှတ်တော်ရှေ့နေ (စဉ်-၉၉၃၆)

အမှတ် (၁၀၅၁)၊ဖြူဗွီရိုလမ်း၊ ၅-ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။ ဖုန်း- ၀၉ ၄၂၀၀၇၀၇၂၉၊

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ မြို့သစ်(၁)လမ်း၊ တိုက်အမှတ်(၇/အေ)၊ ဒုတိယထပ်၊ (၃)လွှာ၊ (ခြေရင်းဘက်ခြမ်း)၊ (၁၂ ပေခွဲ x ၈၀ )ပေအကျယ် တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ ရေ၊ မီး အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံပြောဆိုသူဖြစ်သော ဦးအောင်ပိုင်ဝင်း ၁၃/ကလန(နိုင်)၀၆၉၇၄၇ မှ ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေဖြစ်သော စောအဲမောင်မောင်၃/လဘန(နိုင်)၁၀၀၂၇၀၊ ဒေါ်စိုးမြမြတ်ပန်း ၁၂/စခန(နိုင်)၀၇၂၂၂၆ တို့ကလည်း အပြီးအပြတ်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့် ပတ်သက်၍ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်းတိကျ ခိုင်လုံသော ပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| ဒေါ်သက်သက်မွန် | ဒေါ်ချယ်ရီသန်းစိုး | ဒေါ်စုပိုပိုဇော်ဝင်း |
|---|---|---|
| တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၆၀၅/၂၀၁၅) | အထက်တန်းရှေ့နေ(စဉ်-၅၄၉၆၃/၂၀၂၂) | အထက်တန်းရှေ့နေ(စဉ်-၅၄၈၃၅/၂၀၂၂) |

တိုက်(၄)၊အခန်း(၃၁)၊ပထမထပ်၊ မြို့ပြအိမ်ရာ(တောင်ဘက်ခြမ်း)၊ (၈)မိုင် မီးပွိုင့်အနီး၊ (၆)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၇၉၅၅၃၄၇၅၃၊ ၀၉-၇၅၀၃၉၈၄၀၆

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 65W/57673 Thai Anbo 110 M/C ယာဉ်လက်ဝယ်ရှိသူ Eastern Utopia Co.,Ltd က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ် ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**

**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်း၊ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊မြေတိုင်းရပ်ကွက်(၁၃၈)၊မြေကွက်အမှတ်(၅၁၅)၊အကျယ်အဝန်း(၄၀ပေ×၆၀ပေ)ရှိ ဒေါက်တာကြည်ဝင်း(AG-၁၆၉၉၅၉)အမည်ပေါက်မြေချပါမစ်မြေကွက်နှင့်အကျိုးခံစားခွင့်များအားအရောင်းအဝယ်စာချုပ်များအရဝယ်ယူပိုင်ဆိုင်၍လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်းဝန်ခံကတိပြုသူ ဦးအာကာနိုင်(၁၂/ဒဂမ(နိုင်)၁၄၇၁၃၃)ထံမှကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန်စရန်ငွေအချို့ကိုပေးချေထားပြီးဖြစ်ပါ၍ကန့်ကွက်လိုသူများရှိပါကအထောက်အထား(မူရင်း)များဖြင့်ယနေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါသည်။ကန့်ကွက်မည့်သူမရှိပါကအရောင်းအဝယ်ကိုဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။

လွှဲအပ်ညွှန်ကြားချက်အရ - **ဒေါ်ခိုင်ဇင်ဦး** LL.B, D.B.L, D.I.P.L

တရားလွှတ်တော်ရှေ့နေ (စဉ်-၉၉၃၆)

အမှတ် (၁၀၅၁)၊ဖြူဗွီရိုလမ်း၊ ၅-ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။ ဖုန်း- ၀၉ ၄၂၀၀၇၀၇၂၉၊

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်း၊သင်္ဃန်းကျွန်းမြို့နယ်၊ရန်ကုန်သစ်ရပ်ကွက်၊ကမာကြည်လမ်း၊တိုက်အမှတ်(၁၄/၁၇)ပေါ်တွင်ဆောက်လုပ်ထားသည့် ၂ခန်းတွဲ၈ထပ်ခွဲထပ်တိုက်၏ပဥ္စမထပ် (lift) ပါဝင်သည့် အခန်းအမှတ်(6/B)အကျယ်အဝန်း(၁၇ပေ×၅၅ပေ)ရှိ ကွန်ဒိုတိုက်ခန်းတစ်ခန်းနှင့်အကျိုးခံစားခွင့်များအားအရောင်းအဝယ်စာချုပ်အရ ဝယ်ယူပိုင်ဆိုင်၍ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်းဝန်ခံကတိပြုသူ ဒေါ်ဝေဝေမာ(၁၂/သဃက(နိုင်)၀၁၃၆၇၀)ထံမှကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန်စရံငွေအချို့ကိုပေးချေထားပြီးဖြစ်ပါ၍ကန့်ကွက်လိုသူများရှိပါကအထောက်အထား(မူရင်း)များဖြင့် ယနေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါသည်။ကန့်ကွက်မည့်သူမရှိပါကအရောင်းအဝယ်ကိုဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ - **ဒေါ်ခိုင်ဇင်ဦး** LL.B, D.B.L, D.I.P.L

တရားလွှတ်တော်ရှေ့နေ (စဉ်-၉၉၃၆)

အမှတ် (၁၀၅၁)၊ဖြူဗွီရိုလမ်း၊ ၅-ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။ ဖုန်း- ၀၉ ၄၂၀၀၇၀၇၂၉၊

## အများပြည်သူသို့ အသိပေးကြေညာခြင်း

၂၀၂၀ ပြည့်နှစ်၊ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ် စီမံခန့်ခွဲမှုဥပဒေ ပုဒ်မ ၇၆ ပုဒ်မခွဲ(ခ)အရ **"မော်တော် ဆိုင်ကယ်**ကို စီးနင်းမောင်းနှင်ရာတွင် ရှေ့မီးအနိမ့် ကို နေ့/ည အချိန်တိုင်းတွင် ဖွင့်၍မောင်းနှင်ကြပါရန်" အသိပေးအပ်ပါသည်။

**နေပြည်တော်ယာဉ်စည်းကမ်း ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

## မုဒုံမြို့နယ်၌ ရော်ဘာအစေးခြစ် သင်တန်းဖွင့်

မုဒုံ ဇွန် ၂၄

မွန်ပြည်နယ် မုဒုံမြို့၌ အမျိုးသားအဆင့် ရော်ဘာအစေးခြစ် လုပ်သားကျွမ်းကျင်မှုအဆင့်(၁)နှင့် စစ်ဆေးအကဲဖြတ်ခြင်း အမှတ်စဉ်(၁၃) သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက နှစ်ရှည်ပင်များ သုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးခြံ (မုဒုံ)ရှိ စိုက်ပျိုးရေးအသက်မွေးမှု သင်တန်းကျောင်းခန်းမ၌ ပြုလုပ်သည်။

ဦးစွာ မွန်ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာန ဒုတိယပြည်နယ်ဦးစီးမှူး ဦးမျိုးမင်းထွန်းက ရော်ဘာသည် လူတိုင်းနေ့စဉ်အသုံးပြုနေသည့် ပစ္စည်းများတွင် မရှိမဖြစ်လိုအပ်သော ပစ္စည်းတစ်ခုဖြစ်ကြောင်း၊ ရော်ဘာအစေးခြစ် လုပ်သားကျွမ်းကျင်မှုနည်းပညာကို သေချာစွာ လေ့လာသင်ယူကြရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် ရော်ဘာပညာရှင်များက ရော်ဘာကျွမ်းကျင်မှု သင်တန်း စံချိန်စံညွှန်းများ၊ စည်းမျဉ်းစည်းကမ်းဆိုင်ရာများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး အဆိုပါသင်တန်းတွင် သင်တန်းနည်းပြဆရာ ခုနစ်ဦးမှ ရန်ကုန်၊ ဧရာဝတီ၊ ပဲခူး၊ တနင်္သာရီ၊ မွန်၊ ကရင်တို့မှ သင်တန်းသား သင်တန်းသူ ၃၀ အား စာတွေ့လက်တွေ့ဖြင့် ၁၅ ရက်ကြာ သင်ကြားပို့ချသွားမည်ဖြစ်သည်။

**အောင်မျိုးသူ (ပြန်/ဆက်)**


မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | မြင့်စိုး |
| သတင်းထောက်မှူး | - | ခင်ရတနာ |
| စာတည်းများ | - | ကြည်ဝင်း၊ ဝင်းကျော်၊ နေဇာဇာထွန်း |
| ဘာသာပြန် စာတည်း | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | - | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| အငယ်တန်း သတင်းထောက်များ | - | ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး |
| ဓာတ်ပုံ သတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ **ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချီရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။


MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၄ - ၆ - ၂၀၂၄

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၄၂၀ ကျပ် | ၂၅၀၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၈၅၀ ကျပ် | ၂၉၃၀ ကျပ် |
| အောက်တိန်း ၉၂ | ၂၅၈၀ ကျပ် | ၂၆၅၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၇၁၅ ကျပ် | ၂၇၉၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

ညီညီ - စုစည်းသည်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၀၀၀ | ၉၀၀၀ | ၁၁၀၈ | ၉၉၇၂၀၀၀ |
| MTSH | ၃၃၀၀ | ၃၂၅၀ | ၅၆၅၃ | ၁၉၁၀၈၈၀၀ |
| MCB | ၈၄၀၀ | ၈၄၀၀ | ၁၅ | ၁၂၆၀၀၀ |
| FPB | ၁၇၅၀ | ၁၇၅၀ | ၁၅၇၁ | ၂၇၄၉၂၅၀ |
| TMH | ၂၉၀၀ | ၃၀၀၀ | ၁၁၃ | ၃၂၈၇၀၀ |
| EFR | ၁၉၅၀ | ၁၉၅၀ | ၂၂၉၄ | ၄၄၇၃၃၀၀ |
| AHPC | ၅၀၀၀ | ၅၀၀၀ | ၁၀၀ | ၅၀၀၀၀၀ |
| MAEPC | ၃၃၅၀ | ၃၃၀၀ | ၁၈၉၂ | ၆၃၀၇၇၅၀ |

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ် မ-၆၅/၂၊ ဦးပိုင်အမှတ် (၁-ခ/ခဲစင်း)၊ ၃၇(B)လမ်း၊ ၅၂x၅၃လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်မာမာမြင့်၏(SPရရှိသူ ဦးသန်းဝင်းအောင်) ထံမှ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်အမှတ် (၁၅၁၁/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ Doctor's Condo Company Limited Company Registration No,139196120၏(ကိုယ်စား၈-၄-၂၀၂၄ရက်စွဲပါအစည်းအဝေးမှတ်တမ်းအရ ဒေါ်စုစုထွေးက အမှုတွဲအမှတ် (၁၆၄၇/၂၀၂၄-၂၀၂၅)ဖြင့်ဦးပိုင်ခွဲ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီ ကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ် မ-၆၅/၂၊ ဦးပိုင်အမှတ်(၁-ခ/ခဲစင်း)၊ ၃၈လမ်း၊ ၅၂x၅၃လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်မာမာမြင့်၏ (SP ရရှိသူ ဦးသန်းဝင်းအောင်) ထံမှ မှတ်ပုံတင်အရောင်းအဝယ် စာချုပ်အမှတ်(၁၅၁၃/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ရှီကျူးဆန်း ၁၃/မဆတ(နိုင်) ၀၃၇၇၇၉က အမှုတွဲအမှတ် (၁၆၄၆/၂၀၂၄-၂၀၂၅) ဖြင့် ဦးပိုင်ခွဲ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၁၃၆)၊ မြေကွက်အမှတ်(၄၃၁) ဟုခေါ်တွင်သော မြေအလျားXအနံ (၄၀x၆၀)ပေရှိ မြေချပါမစ်မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား မူလ အမည်ပေါက်ပိုင်ဆိုင်သူ ဦးကျော်သိန်း (K/RGN-၀၀၂၁၁၈)ထံမှ အရောင်းအဝယ်စာချုပ်စာတမ်းအဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးသက်ခိုင်လတ် (၇/အတန(နိုင်)၀၅၇၅၆၂)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဦးဝင်းနိုင်ဦး(ခ) ဦးဝင်းနိုင်(၁၂/လသန(နိုင်)၀၀၇၁၀၅)မှအပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်တို့ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်းများနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဦးဝင်းသူရဇော် (LL.B)** | **ဒေါ်ယမင်းထွေး (LL.B)** | **ဦးရဲသီဟ (LL.B)** |
| **အထက်တန်းရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဥ်-၄၂၀၆၆)** | **(စဥ်-၁၂၃၆၅)** | **(စဥ်-၅၆၃၆၆)** |

**အမှတ်(၁၀၁)၊ ကံ့ကော်မြိုင်(၂)လမ်း၊ (၃၃)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။**
**ဖုန်း-၀၉ -၇၇၂၇၇၇၇၁၂၊ ၀၉-၄၅၆၉၉၆၇၇၆၊ ၀၉-၉၇၃၀၀၂၁၁၇**

## အများသိစေရန်နှင့်ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ ခေမာသီရိရပ်ကွက်၊ ကွင်းအမှတ်(၁၇/၂)၊ ဦးပိုင်အမှတ်(၃၆/ခ)၊ မြေချိန်ဧရိယာ(၀.၁၁၀) ဧကရှိ မြေကွက်သည် မူလက ဒေါ်ဇိုင်သွန့်အမည်ဖြင့်(၃၀-၆-၂၀၂၀)ရက်အထိ (၃၀)နှစ်မြေငှားဂရန်ရရှိခဲ့ပါသည်။ ဂရန်အမည်ပေါက်သူဒေါ်ဇိုင်သွန့်က(၆-၅-၂၀၂၄)ရက်စွဲပါ စာချုပ်စာတမ်းမှတ်ပုံတင်အမှတ်(၂၃၈/၂၀၂၄)အရ မူလမြေဧရိယာ (၀.၁၁၀)ဧကအနက် မြောက်ဘက်ခြမ်း ဧရိယာ(၀.၀၄၈)ဧကအား ဦးပိုင်ခွဲစိတ်၍ ဦးအောင်လွင်ဦး ၁/မကန(နိုင်)၁၀၇၉၂၀၊ ဦးကျော်လွင်ဦး ၁/မကန(ပြု)၀၀၁၆၁၀(၂)ဦးထံသို့ အပြီးအပိုင် ရောင်းချပေးခဲ့ပါသည်။ ယခုအခါ ဦးအောင်လွင်ဦးပါ (၂)ဦး အမည်ဖြင့်မြေငှားဂရန် (ဦးပိုင်ခွဲ/အမည်ပြောင်း)လျှောက်ထားလာမှုအပေါ် ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူမည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်ပြည့်မြောက်သည့်ရက်အထိ မြစ်ကြီးနားခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြော်ငြာခြင်း

မြစ်ကြီးနားမြို့၊ စီတာပူရပ်ကွက်၊ ကွင်းအမှတ်(၁၂/၁)၊ စီတာပူတောင်)၊ ဦးပိုင်အမှတ်(၁၄၇/၄)၊ မြေဧရိယာ(၀ဒသမ၅၄၅)ဧကရှိမြေကွက်သည် ဦးဇော်လီ အမည်ဖြင့် (၁၀-၂-၂၀၁၉)ရက်အထိ မြေငှားဂရန်အမည်ပေါက်လျက်ရှိပြီး ယခုအခါ ၎င်း၏တစ်ဦးတည်းသော ဇနီးဖြစ်သူ ဒေါ်နန်တောင်၏ အမည်ကိုပါ ပူးတွဲဖြည့်စွက်၍ ဦးဇော်လီပါ(၂)ဦးအမည်ဖြင့် မြေငှားဂရန် အမည်ဖြည့်စွက် အသစ်ရရှိရေးအတွက် (၂၂-၅-၂၀၂၀)ရက်စွဲပါ ကျမ်းသစ္စာကျိန်ဆိုလွှာအမှတ် (၅၁၄/ ၂၀၂၀)ကို (၂၅-၅-၂၀၂၀)ရက်စွဲပါ ကျမ်းသစ္စာကျိန်ဆိုလွှာမှတ်ပုံတင်အမှတ် (၂၁၁ /၂၀၂၀)ပြုဆိုတင်ပြလျက် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကျိုးကြောင်း ဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခု ကြေညာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဂရန်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြော်ငြာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## ဖခင်အမည်မှန်

တောင်ကြီးမြို့၊ အထက(၈) Grade-10(A)မှ မပိုးအိဖြူ၏ ဖခင်အမည်မှန်မှာ ဦးကျောင်း ၈/ရစက(နိုင်)၀၃၀၅၂၉ ဖြစ်ပါကြောင်း။ **ဦးကျောင်း**

## အမည်မှန်

တောင်ကြီးမြို့၊ Future Star ကိုယ်ပိုင်အထက်တန်းကျောင်း Grade-6 မှ မဇင်မင်းလှိုင်၏ အမည်မှန်မှာ မဖူးဇန်ကိုကို ဖြစ်ပါ ကြောင်း။

**မဖူးဇန်ကိုကို**

## အမည်မှန်

(ဘ)ဦးသိန်းကျော်၏သမီး ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကလောမြို့နယ်၊ ရွာပင်ကျေးရွာ၊ မြင်းစိုင်းကုန်း အထက(ခွဲ) Grade-11 မှမနန်းမြမွန်၏ အမည်မှန်မှာ မနန်းမြမော် ဖြစ်ပါကြောင်း။

**မနန်းမြမော်**

## ပတ်စ်ပို့ပျောက်

တောင်ကြီးမြို့၊ ဟော်ကုန်းရပ်ကွက်နေ (ဘ)ဦးစိုင်းလင်းခမ်း (ခ) စိုင်းလောဝ်မိုင်း၏သမီး နန်းကောင်ခမ်းလောဝ် ၁၃/တကန(နိုင်)၂၂၂၈၃ ၏ နိုင်ငံကူးလက်မှတ်အမှတ် (MA-072634)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၈၃၂၉၈၃၃**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2P/3932 ယာဉ်လက်ဝယ်ရှိသူ ဒေါ်စုမွန် ၁၂/လကန(နိုင်)၂၆၀၈၇၅က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (ပဲခူး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 79W/69250, Honda Scoopy 110 ယာဉ်လက်ဝယ်ရှိသူ Golden Mandalar Prince Co.,Ltd က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 50W/66930, Kenbo 125 M/C ယာဉ်လက်ဝယ်ရှိသူ Aung Kenbo Co.,Ltd က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅) ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
### သွားတုဆိုင်ရာလက်ထောက်ကျွမ်းကျင် (ပြင်ပ) (၉)လသင်တန်းအတွက် ဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာန၊ နေပြည်တော်တွင် ဖွင့်လှစ်မည့် သွားတုဆိုင်ရာ လက်ထောက်ကျွမ်းကျင်(ပြင်ပ)(၉)လသင်တန်းကို တက်ရောက်လိုသူများ လျှောက်ထားနိုင်ပါသည်။

၂။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံသားဖြစ်ရမည်၊

(ခ) တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူဖြစ်ရမည်၊

(ဂ) လျှောက်လွှာပိတ်သည့် (၁၈-၇-၂၀၂၄)ရက်နေ့တွင် အသက်(၁၈)နှစ်ပြည့်ပြီး (၂၅)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်၊

(ဃ) အိမ်ထောင်မရှိဖူးသူ(အပျို/လူပျို) ဖြစ်ရမည်၊

(င) ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာနမှ ဖွင့်လှစ်မည့် သွားတုဆိုင်ရာ လက်ထောက်ကျွမ်းကျင်(ပြင်ပ)(၉)လသင်တန်းကိုပြီးဆုံးအောင်တက်ရောက် နိုင်သူဖြစ်ရမည်။ သင်တန်းပြီးဆုံးပါက နိုင်ငံ့ဝန်ထမ်းအဖြစ် အနည်းဆုံး (၃)နှစ် တာဝန်ထမ်းဆောင်ရမည်။ သင်တန်းပြီးဆုံးအောင် မတက်ရောက်နိုင်ခြင်း/ နိုင်ငံ့ဝန်ထမ်းအဖြစ် အနည်းဆုံး(၃)နှစ် တာဝန်မထမ်းဆောင်နိုင်ပါက သတ်မှတ်လျော်ကြေးငွေ(၅၀၀၀၀၀/-)ကျပ် ငါးသိန်းတိတိ ပေးလျော်ရမည်၊

(စ) သင်တန်းဖွင့်လှစ်ပို့ချမည့် နေပြည်တော်သွားနှင့်ခံတွင်းအထူးကုဆေးရုံတွင် သင်တန်းတက်ရောက်နိုင်သူ ဖြစ်ရမည်။

(ဆ) အစိုးရဌာနတစ်ခုခု၏ ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်(Dismiss)ခြင်း၊ ထုတ်ပယ်(Removal)ခြင်း၊ ရာထူးခန့်ထားခြင်းမှ အမိန့်စာပယ်ဖျက်ခံရသူများ လျှောက်ထားခွင့်မရှိပါ။

(ဇ) ပြစ်မှုကင်းရှင်းသူဖြစ်ရမည်။

(ဈ) နေထိုင်စားသောက်ရေးကို သင်တန်းသားများအစီအစဉ်ဖြင့်သာ စီစဉ်ဆောင်ရွက်ရမည်။ ဌာနမှ တာဝန်ယူမည်မဟုတ်ပါ၊

(ည) သွားတုဆိုင်ရာလက်ထောက်ကျွမ်းကျင် (ပြင်ပ) (၉)လ သင်တန်း အောင်မြင်သူများအား ပုဂ္ဂလိကကျန်းမာရေးကဏ္ဍများတွင် ပါဝင်နိုင်ရေး အထောက်အကူဖြစ်မည့် ကုသရေးဦးစီးဌာနမှ အသိအမှတ်ပြုသင်တန်းဆင်းအောင်လက်မှတ် ချီးမြှင့်မည်။

၃။ လျှောက်လွှာနှင့်အတူ အောက်ပါစာရွက်စာတမ်းအထောက်အထားများကို ပြည့်စုံစွာ ပူးတွဲပေးပို့ရပါမည်-

(က) မြန်မာနိုင်ငံစာစစ်အဖွဲ့မှ ထုတ်ပေးသည့် တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်နှင့် ရမှတ်စာရင်း **(မိတ္တူ) တစ်စောင်စီ၊**

(ခ) နိုင်ငံသားစိစစ်ရေးကတ်ပြား **(မိတ္တူ)၊**

(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်းနှင့်ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာရပ်ကွက်/ ကျေးရွာစီမံအုပ်ချုပ်ရေးကောင်စီရုံးနှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့စခန်းမှ ထောက်ခံချက်**(မူရင်း)**

(ဃ) ကျန်းမာရေးကောင်းမွန်ကြောင်း သက်ဆိုင်ရာ မြို့နယ်ပြည်သူ့ကျန်းမာရေး/ ကုသရေးဦးစီးဌာန၏ ဆေးထောက်ခံစာ**(မူရင်း)၊**

(င) (၃)လအတွင်းရိုက်ကူးထားသောရောင်စုံလိုင်စင်ဓာတ်ပုံ(၃)ပုံ၊

(စ) ပြည့်စုံစွာဖြည့်စွက်ထားသော ကိုယ်ရေးမှတ်တမ်း။

၄။ လျှောက်လွှာကို သွားကျန်းမာရေးပညာဌာနခွဲ၊ ကုသရေးဦးစီးဌာန၊ ရုံးအမှတ် (၄)၊ နေပြည်တော်သို့ လိပ်မူ၍ ( ၁၈-၇- ၂၀၂၄)ရက်နေ့၊ (၁၆:၀၀ ) နာရီထက် နောက်မကျဘဲ လျှောက်ထားရမည်။

၅။ အသေးစိတ်သိရှိလိုသည့်အချက်အလက်များကိုကုသရေးဦးစီးဌာန၊သွားကျန်းမာရေး ပညာဌာနခွဲ၊ (ဖုန်းနံပါတ် (၀၆၇-၃၄၁၁၁၄၂) သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်း နိုင်ပါသည်။

**ကုသရေးဦးစီးဌာန**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန

ကာလာ ဓာတ်ပုံ

### သွားတုဆိုင်ရာလက်ထောက်ကျွမ်းကျင်(ပြင်ပ)(၉)လသင်တန်းအတွက် လျှောက်လွှာပုံစံ

လျှောက်လွှာအမှတ် ------------

၁။ အမည် ------------------------------

၂။ မွေးသက္ကရာဇ်၊ အသက် ------------------------------

၃။ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ------------------------------

၄။ ပညာအရည်အချင်း ------------------------------

၅။ အဘအမည် ------------------------------

၆။ အဘ၏ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်------------------------------

၇။ အမိအမည် ------------------------------

၈။ အမိ၏ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်------------------------------

၉။ နေရပ်လိပ်စာအပြည့်အစုံ ------------------------------

၁၀။ ဆက်သွယ်ရန် တယ်လီဖုန်းနံပါတ် ------------------------------

| ၁၁။ | တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်မြင်သည့် - | |
|---|---|---|
| | ခုနှစ် | |
| | ခုံအမှတ် | |
| | စာစစ်ဌာန(မြို့နယ်ဖော်ပြရန်) | |
| | ရမှတ်ပေါင်း | |

၁၂။ ဤလျှောက်လွှာနှင့်အတူ အောက်ပါစာရွက်စာတမ်းများ ပူးတွဲတင်ပြအပ်ပါသည်-

(က) မြန်မာနိုင်ငံစာစစ်အဖွဲ့မှ ထုတ်ပေးသည့် တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်နှင့် ရမှတ်စာရင်း **(မိတ္တူ) တစ်စောင်စီ ၊**

(ခ) နိုင်ငံသားစိစစ်ရေးကတ်ပြား**(မိတ္တူ)၊**

(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်းနှင့်ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာရပ်ကွက်/ ကျေးရွာစီမံအုပ်ချုပ်ရေးကောင်စီရုံးနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းမှ ထောက်ခံချက် **(မူရင်း)**

(ဃ) ကျန်းမာရေးကောင်းမွန်ကြောင်း သက်ဆိုင်ရာမြို့နယ်ပြည်သူ့ကျန်းမာရေး/ ကုသရေး ဦးစီးဌာန၏ ဆေးထောက်ခံစာ **(မူရင်း)၊**

(င) (၃)လအတွင်း ရိုက်ကူးထားသော ရောင်စုံလိုင်စင်ဓါတ်ပုံ(၃)ပုံ၊

(စ) အကယ်၍ သင်တန်းတက်ရောက်ရန် ရွေးချယ်ခြင်းခံရပါက သင်တန်းကာလအတွင်း သင်တန်းစည်းမျဉ်းစည်းကမ်းများကိုလိုက်နာပြီး သင်တန်းပြီးဆုံးအောင် တက်ပါမည်ဟု ဝန်ခံကတိပြုလွှာ

**လျှောက်ထားသူလက်မှတ်၊**---------------------

**လျှောက်ထားသူအမည်၊**---------------------

**နေရပ်လိပ်စာအပြည့်အစုံ၊**---------------------

---------------------

**ဆက်သွယ်ရန်တယ်လီဖုန်းအမှတ်၊**---------------------

## တစ်ဦးတည်းဖြစ်ပါကြောင်း

စစ်ကိုင်းမြို့၊ ရွာထောင်ရပ်ကွက်ရှိ မရွှေစင်သန်းထိုက်၏ မိခင် ဒေါ်သန်းသန်းမိုးနှင့် ဒေါ်မြတ်မြတ်စိုး ၅/စကန(နိုင်)၁၄၉၁၂၈ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## အမည်ပြောင်း

ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့နေ (ဘ)ဦးရွှေမိုး၏သား အထက (၂) Grade-6 မှ မောင်ပတ္တမြားမိုးအား မောင်ပြည်မိုးဟိန်းနှင့် Grade-1 မှ မောင်စိန်လျှံတိုးအား မောင်လင်းလက်ဟိန်းဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်ပြည်မိုးဟိန်း၊**
**မောင်လင်းလက်ဟိန်း**

## အမည်ပြောင်း

ဦးမောင်သောင်းငွေ ၁၁/ဘသတ(နိုင်)၀၀၁၃၀၂၏သား ရခိုင်ပြည်နယ်၊ ဘူးသီးတောင်မြို့၊ အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်း ကောဒသမတန်းခွဲ(A)တွင် ပညာသင်ကြားနေသော မောင်မြတ်အောင်အောင်ကျော်အား မောင်မြတ်သိန်းထွန်းဟု ယနေ့မှစ၍ ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်မြတ်သိန်းထွန်း**

## ပြင်ဆင်ဖတ်ရှုပါရန်

(၁၂-၅-၂၀၂၄)ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ-၂၉ တွင်ပါရှိသော ရွှေဘိုမြို့၊ အမှတ်(၂)ရပ်ကွက်နေ ဒေါ်ခက်ခက်မိုးမှ ဘိုးဘပိုင် အမည်ပြောင်းရန် လျှောက်ထားသည့် ကြော်ငြာတွင် မြို့နယ်ဦးစီးမှူး၊ မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ ရွှေဘိုမြို့အစား မြို့နယ်ဦးစီးဌာနမှူး ရွှေဘိုမြို့နယ် မြေစာရင်း ဦးစီးဌာန ရွှေဘိုမြို့ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ဦးသန်းထွန်းနှင့် အများသိစေရန်ကြေညာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ဥယျာဉ်စုရပ် ဦးတင်ငွေ ၁၂/မဂတ(နိုင်)၀၄၈၃၄၃၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေငြာပါသည်-

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ် ၂၂၁၅၊ ဧရိယာ(၀.၀၉၉)ဧကရှိ ဦးသန်းထွန်း အမည်ပေါက် နှစ်(၉၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်ကို ဒေါ်တင်နွယ်ဦး ၉/ပမန(နိုင်)၀၁၃၈၄၁ ကလည်းကောင်း၊ အဆိုပါ ဒေါ်တင်နွယ်ဦးထံမှ ဦးမင်းအောင် ၁၂/ဒဂန(နိုင်)၀၁၄၁၃၂ ကလည်းကောင်း၊ အဆိုပါ ဦးမင်းအောင်ထံမှ ဦးထွန်းထွန်းဦး ၁၂/စခန(နိုင်)၀၄၇၃၂၁ကလည်းကောင်း၊ အဆိုပါ ဦးထွန်းထွန်းဦးထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ အထက်ဖော်ပြပါ ဦးတင်ငွေ ၁၂/မဂတ(နိုင်)၀၄၈၃၄၃ ကလည်းကောင်း အရပ်စာချုပ်ဖြင့် အသီးသီးဝယ်ယူပြီး နောက်ဆုံးဝယ်ယူသူ ဦးတင်ငွေက ဂရန်မူရင်းနှင့်တကွ ဝယ်ယူသည့်ပစ္စည်းကို လက်ရောက်ရယူ ထားပြီးဖြစ်ပါသည်။

သို့ဖြစ်၍ ဤသတင်းစာကြေငြာပါသည့်ရက်မှ (၁၅)ရက်အတွင်း မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ကြီး(Registered Deed) ချုပ်ဆိုပေးရန်နှင့် အဆိုပါရက်အတွင်း ချုပ်ဆိုပေးခြင်းမရှိပါက သက်ဆိုင်ရာတရားရုံးတော်တွင် တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဦးတင်ငွေ ၁၂/မဂတ(နိုင်)၀၄၈၃၄၃** | **ဦးအုန်းကျော်မြင့် (B, Sc; P.G.D.L)** |
| **ဖုန်း-09-964924254** | **အထက်တန်းရှေ့နေ (စဥ်/၅၁၃၃၄)** |
| | **Ph: 09-951162821** |

## ဖခင်အမည်မှန်

စစ်ကိုင်းမြို့၊ အထက(၃) Grade-12 မှ မောင်ဇင်ကိုကိုဦး၏ ဖခင် ဦးစန်းဝင်း၏ အမည်မှန်မှာ ဦးဆန်းဝင်း ၅/စကန(နိုင်)၁၅၃၉၈၆ ဖြစ်ပါ ကြောင်း။

**ဦးဆန်းဝင်း**

## ပြင်ဆင်ဖတ်ရှုပါရန်

(၁၃-၆-၂၀၂၄)ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ -၃၁ တွင်ပါရှိသော ရွှေဘိုမြို့၊အမှတ်(၁) ရပ်ကွက်နေ ဦးအောင်ကျော်မိုးမှ ဘိုးဘပိုင် အမည်ပြောင်းရန် လျှောက်ထားသည့် ကြော်ငြာတွင် မြို့နယ်ဦးစီးမှူး၊ မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ ရွှေဘိုမြို့အစား မြို့နယ်ဦးစီးဌာနမှူး ရွှေဘိုမြို့နယ် မြေစာရင်း ဦးစီးဌာန ရွှေဘိုမြို့ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်း ရပ်ကွက်အမှတ် ၃၁/ပေါင်းလောင်း-၁၊ ဦးပိုင်/မြေကွက်အမှတ်(၄၄၆/၈၉၂)၊ ဧရိယာ (၀ဒသမ ၀၅၅)ဧကရှိ ဒေါ်ရီရီမြင့် အမည်ပေါက် ပါမစ်မြေကွက်အား ဦးနေလင်းထိုက် ၉/ပမန(နိုင်)၁၄၀၀၇၁မှ ပျဉ်းမနားမြို့ မြေတိုးချဲ့နေရာချထားရေးကော်မတီ၏ ဝိုင်းကွက်တန်ဖိုးငွေရပြေစာ၊ အရောင်းအဝယ်စာချုပ်၊ ရောင်းသူ/ဝယ်သူ ကျမ်းကျိန်ဆိုချက်၊ နှစ်ဦးနှစ်ဘက်သဘောတူ ကတိဝန်ခံချက်၊ ဝန်ခံကတိပြုချက်၊ ရပ်ကွက်/ရဲစခန်း ထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများတင်ပြပြီး မြေငှားစာချုပ် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေ ငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## မေတ္တာရပ်ခံခြင်း

မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)မှ ဦးဆောင်ကျင်းပသည့် မြန်မာနိုင်ငံဂီတနေ့ (၂၇-၆-၂၀၂၄)ရက်တွင် အနုပညာရှင်များမှ အမျိုးသားဇာတ်ရုံ တွင် ပြည်သူများအတွက် သီဆိုဖျော်ဖြေသွားမည်ဖြစ်၍ သီဆိုမည့်တေးသီချင်းအားလုံးကို မေတ္တာဖြင့် အသုံးပြုခွင့်ပေးပါရန် သက်ဆိုင်ရာမူပိုင်ခွင့်ရှိသူများ အားလုံးကို လေးစားစွာဖြင့် မေတ္တာရပ်ခံအပ်ပါသည်။

**မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)**

### မြန်မာနိုင်ငံ လူမွဲခံယူခြင်းဆိုင်ရာ ဥပဒေအရ
### စာရင်းရှင်းလင်းဖျက်သိမ်းရေးဆိုင်ရာ အပြီးသတ် အထွေထွေအစည်းအဝေးတက်ရောက်ရန် အကြောင်းကြားစာ
### GOLDEN THURIYA PROPERTIES COMPANY LIMIED
### အစုရှင်များ၏ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

